# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သတိရှိစွာကျင့်ရာ၏**

ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော်(ပညာရှိ)အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကို နှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာ ကျင့်ရာ၏။ **ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၂၈)**


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၁၇)


# သီတင်းကျွတ်လပြည့်နေ့တွင် ဘုရား၊ စေတီများ၌ ကုသိုလ်တရားပွားများသူများဖြင့် စည်ကား



သတင်း၊ စာမျက်နှာ-၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး တက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် BRICS and BIMSTEC Leader's Outreach Summit သို့ တက်ရောက်လာသည့် နိုင်ငံအကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**ဂိုအာ အောက်တိုဘာ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် Hotel Leela ၌ ကျင်းပသည့် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး (BIMSTEC Retreat) သို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၄* ✻


AGDBANK
The bank that grows with you
INTERNATIONAL BANK OF THE YEAR - SOUTH EAST ASIA
Global Banking and Finance Awards 2016 by THE EUROPEAN MAGAZINE
www.agdbank.com

# မြန်မာ့သစ်တောများပြန်လည်စိမ်းလန်းရေးနှင့် သစ်ခိုးမှုများ ထိရောက်စွာ နှိမ်နင်းရေး

မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းကို လာမည့်နှစ်တွင် စတင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းတစ်ရပ်ကို သိရှိရသည်။ လာမည့် ၂၀၁၇ ခုနှစ်သည် ပထမငါးနှစ်စီမံကိန်းစတင်မည့်နှစ်ဖြစ်ပြီး ဒုတိယငါးနှစ်စီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းကာလအတွင်း သစ်တောဖုံးလွှမ်းမှုရေိယာတိုးတက်ရေး၊ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရေး၊ သစ်တောစိုက်ခင်းများတည်ထောင်ရေးနှင့် ပြုစုထိန်းသိမ်းရေး၊ သဘာဝတောများတောအဆင့်မနိမ့်ကျရေး၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲနေသည့် ထင်းမီးသွေးထုတ်ယူသုံးစွဲမှုလျှော့ချရေး၊ ကျေးရွာသုံးထင်းစိုက်ခင်းထူထောင်ရေးလုပ်ငန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အားလုံးရှိ ခရိုင်များ၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုအတွက် ရန်ပုံငွေနှင့် နည်းပညာအကူအညီများကို ပြည်ပနိုင်ငံများမှ ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် သစ်တောများ ကောင်းစွာဖြစ်ထွန်းတည်ရှိခြင်းသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ အသက်ရှင်နေထိုင်မှုအပေါ် များစွာအကျိုးပြုနေခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အရေးပါလှသော အသက်သွေးကြောသဖွယ်ဖြစ်သည့် မြစ်ကြီးလေးစင်းနှင့် ယင်းတို့၏ရေဝေရေလဲဒေသများတွင် တည်ရှိနေသော သစ်တောများမပျက်စီး မပြုန်းတီးရေးသည် မြန်မာ့ဂေဟစနစ်၏ အဓိကကျသော သော့ချက်တစ်ရပ်ဖြစ်သည်။ ရေဝေရေလဲဒေသရှိ တောတောင်များကို မထိန်းသိမ်းနိုင်ပါက ရေကြီးရေလျှံခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်ကြရမည်ဖြစ်ပြီး နိုင်ငံသူ နိုင်ငံသားများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဆုံးရှုံးစေမည်ဖြစ်သလို နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပမာဏကြီးမားစွာထိခိုက်စေလိမ့်မည်လည်းဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှုအများဆုံးနိုင်ငံများအနက် ထိပ်ဆုံးအဆင့် နိုင်ငံများတွင် ပါဝင်နေပြီး ယင်းအခြေအနေကို ထိန်းသိမ်းနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် သစ်ထုတ်လုပ်မှု တစ်နှစ်ရပ်နားထားခြင်း၊ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှုကို ၁၀ နှစ်အထိရပ်နားထားခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနက မကြာသေးမီ ကာလများအတွင်း ထုတ်ပြန်ကြေညာခဲ့သည်။ တစ်ဖက်တွင်လည်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိဘဏ္ဍာရေးနှစ် ပထမငါးလပတ်ကာလအတွင်းတရားမဝင်သစ်တန်ချိန် ၁၉၀၀၀ ကျော်ဖမ်းဆီးရမိခဲ့ကြောင်းနှင့် တာဝန်မကျေပေါ့လျော့သော သစ်တောဝန်ထမ်းအချို့ အရေးယူခံရမှုများရှိကြောင်းကိုလည်း သတင်းများအရသိရှိရသည်။

သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းလျက်ရှိသည့် အိမ်နီးချင်းနိုင်ငံနှစ်နိုင်ငံတွင် မြစ်ကြီးများ ရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ကြရပြီးနောက် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ နှင့် နှစ်ပေါင်း ၃၀ ခန့် ကာလကတည်းကပင် သဘာဝတောများကို ခုတ်ထွင်ရှင်းလင်းမှုများအား ရပ်ဆိုင်းထားခဲ့ကြရာ ၎င်းတို့၏ သစ်လိုအပ်ချက်များအတွက် မြန်မာ့သစ်တောများကို ထိန်းသိမ်းရန်ခဲယဉ်းလာရကြောင်း သစ်တောပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။ သစ်မှောင်ခိုလုပ်ငန်းမှာ အကျိုးအမြတ်များစွာရသည့် လုပ်ငန်းတစ်ခုဖြစ်လာခဲ့သည့်အလျောက် ပြည်တွင်း သစ်ခိုးဂိုဏ်းများမှာလည်း ပြောင်ကျကျအတင့်ရဲစွာ ကျူးလွန်လာကြရာ လက်နက်ကိုင်ဆောင်ထားသည့် သစ်တောရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများကိုပင် လူစုလူဝေးဖြင့် ရန်မူရန် အားထုတ်ခြင်း၊ သစ်မှောင်ခိုလုပ်ငန်းများအကြောင်း ဖော်ထုတ်သတင်းရေးသားသည့် ဒေသခံသတင်းမီဒီယာသမားများကို ခြိမ်းခြောက်ခြင်းတို့ကို ကျူးလွန်လာကြကြောင်း သတင်းများနှင့်တကွ လူမှုကွန်ရက်များတွင်ပါ တွေ့မြင်ဖတ်ရှုနေကြရသည်။ သက်ဆိုင်ရာဌာနများနှင့်တကွ တရားဥပဒေစိုးမိုးရေး တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံ၏ သစ်တောသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေးသည် မိမိတို့နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ လျှော့ချရေး၊ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ဆက်စပ်နေသည်ဟူသော အသိတရားများဖြင့် သတိရှိရှိ ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ကြစေလိုပါကြောင်း။ ။






## ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ကျင်းပ

**ကလိန်အောင် အောက်တိုဘာ ၁၆**

ဝါလကင်းလွတ်သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာဖြစ်သော မီးထွန်းပွဲတော်နှင့် သပိတ်မျှောပွဲတော်ကို ကျင်းပလေ့ရှိရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အမှတ်(၁) ရပ်ကွက် ကလိန်အောင်မြစ်ကမ်းတွင် ပထမအကြိမ်မီးထွန်းပွဲတော်နှင့် သပိတ်မျှောပွဲကို ယနေ့နံနက်က ကျင်းပသည်။

အဆိုပါအခမ်းအနားကို မြို့ပေါ်ရှိ ရပ်ကွက်ပြည်သူများစုပေါင်းကာ မြတ်စွာဘုရားအား အမျှုးထား၍ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ မီးထွန်းပွဲတော်နှင့် သပိတ်မျှောပွဲတော်ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကလိန်အောင် (ပြန်/ဆက်)**

# ယဉ်ကျေးမှုမြို့တော် ခရီးစဉ်ဒေသတစ်ခု ပေါ်ပေါက်လာစေရန် ပခန်းကြီးမြို့ဟောင်းအဖြစ် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးစေလို

**ရေစကြို အောက်တိုဘာ ၁၆**



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းရှိ သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများဖြစ်သော မြို့ရိုးခံတပ်ကြီးများနှင့် စေတီပုထိုးများအား ပြုပြင်ထိန်းသိမ်း၍ ခရီးစဉ်ဒေသ တစ်ခုအဖြစ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

လက်ရှိတွင် ပခန်းကြီးမြို့ဟောင်းဒေသသို့ လာရောက်ကြသည့် နိုင်ငံတကာခရီးသွားဧည့်သည်များ မြို့ရိုးကြီးအား အနီးကပ်လေ့လာကြည့်ရှုနိုင်ရန် မြို့ရိုးဘေးတစ်လျှောက်တွင် ကျောက်ခင်းလမ်းဖောက်လုပ်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြို့ရိုးနှင့်စေတီများ၏သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးစေလိုကြောင်း ပခန်းကြီးဒေသ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဝင် ဦးလွင်မြင့်ဦးက ပြောသည်။

"မြို့ရိုးပတ်လည်ကိုတော့ မဖောက်နိုင်သေးပေမယ့် မြို့ရိုးရဲ့ မြောက်ဘက်၊ အနောက်ဘက်ခြမ်းနဲ့ တောင်ဘက်ခြမ်းတွေမှာ ဖောက်လုပ်မှာပါ။ မြို့ရိုးနဲ့စေတီပုထိုးတွေရဲ့ သန့်ရှင်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ နည်းပညာလိုအပ်တဲ့အတွက် ကုန်ကျမှုများမယ်ဆိုတာ သိပါတယ်။ ဒါကြောင့် ရှေးဟောင်းသုတေသနဌာနအနေနဲ့ နှစ်အလိုက်ဘတ်ဂျက်ငွေတောင်းခံပြီး ဆောင်ရွက်ပေးစေလိုပါတယ်။ ဒီလိုတောင်းဆိုရတာကလည်း ဒီဒေသကို ဆွဲဆောင်မှုကောင်းအောင် ဖော်ထုတ်လိုက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုရာ ရောက်ပြီး နိုင်ငံတော်အတွက်ပါ ဘဏ္ဍာငွေတိုးတက်လာမယ့်အပြင် ဒေသခံတွေအတွက်လည်း အလုပ်အကိုင်တွေ ရရှိလာနိုင်မှာပါ"ဟု ၎င်းကပြောသည်။

အဆိုပါဒေသသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင် စသောခေတ်အဆက်ဆက် မြို့စား၊ နယ်စားများ ခံတပ်မြို့အဖြစ်အသုံးပြုခဲ့ပြီး ရှေးမင်းများနှင့် မြို့စား၊ နယ်စားများ တည်ထားကိုးကွယ်ခဲ့ကြသည့် အနုပညာလက်ရာမြောက်သော စေတီပုထိုးများ၊ သစ်သားကျောင်းတော်ကြီးများ၊ မြင့်မားသည့် မြို့ရိုးနှင့် ခံတပ်ဟောင်းများ စသည်ဖြင့် ရှေးဟောင်းသာသနိက အဆောက်အအုံများစွာတည်ရှိသော နယ်မြေဒေသတစ်ခုအဖြစ် ထင်ရှားစွာ တည်ရှိနေကြောင်း ဒေသခံတစ်ဦးဖြစ်သူက ပြောသည်။

အဆိုပါ ပခန်းကြီးမြို့ဟောင်းကို မင်းကြီးစွာစော်ကဲ လက်ထက်တွင် လေးရာပြုမြို့အဖြစ် တည်ထောင်ခဲ့ပြီး ခံတပ်မြို့အဖြစ် အသုံးပြုခဲ့သည်။

သက္ကရာဇ် ၇၄၂ခုနှစ်တွင် မြို့ရိုးကြီးကို ၁၂ ဖာလုံအဝန်းရှိသော လေးထောင့်ကျကျ ရေကျုံးနှင့်တကွ တည်ဆောက်ထားပြီး မြို့ရိုးအမြင့်မှာ ပေ ၂၀ ခန့်မြင့်မားသည်။ ပခန်းကြီးမြို့ဟောင်းပတ်ဝန်းကျင်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ကောက်ယူထားသောစာရင်းအရ ရှေးဟောင်းသာသနိက စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံပေါင်း ၃၃၃ ခုရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၀၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၁၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၈ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၆ ・ ၇၆ |
| ထိုင်း | တစ်ဘတ် | ၃၅ ・ ၅၄၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ ・ ၈၁ |
| တရုတ် | တစ်ယွမ် | ၁၈၆ ・ ၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈ ・ ၇၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယနိုင်ငံ ဂိုအာမြို့သို့ ရောက်ရှိ

**ဂိုအာ အောက်တိုဘာ ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ရန်နှင့် အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ကျင်းပမည့် BIMSTEC Retreat အစည်းအဝေးနှင့် BRICS and BIMSTEC Leader´s Outreach Summit အစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ အိန္ဒိယနိုင်ငံ ဂိုအာမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား အိန္ဒိယသမ္မတနိုင်ငံမှ Minister of state for Foreign Affairs Mr. V. K Singh ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Vikram Misri၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးနှင့် တာဝန်ရှိသူများက ဒါဘိုလင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Hotel Leela သို့ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Hotel Leela ၌ ဂိုအာပြည်နယ်ဝန်ကြီးချုပ်က BIMSTEC ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂိုအာမြို့ ဒါဘိုလင်မြို့သို့ရောက်ရှိရာ အိန္ဒိယသမ္မတနိုင်ငံမှ Minister of state for Foreign Affairs Mr. V. K Singh နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်** (သတင်းစဉ်)




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများအား အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အစည်းအဝေးကို ကျင်းပသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Hotel Leela Lawns ၌ ကျင်းပသည့် BRICS and BIMSTEC Leader's Outreach Summit သို့ တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် BRICS and BIMSTEC Leader's Outreach Summit ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ယခုကျင်းပသည့် BRICS and BIMSTEC Leader's Outreach Summit အစည်းအဝေးသည် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်း၍ ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်သည်။ BRICS အဖွဲ့ကို ၂၀၀၉ ခုနှစ် ဇွန် ၁၆ ရက်တွင် ရုရှားနိုင်ငံ၌ စတင်ဖွဲ့စည်းခဲ့ပြီး ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။

ဘင်းမ်စတက်အဖွဲ့ကို ၁၉၉၇ ခုနှစ် ဇွန် ၆ ရက်တွင် ဗန်ကောက်ကြေညာစာတမ်းနှင့်အတူ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ( BISTEC) အဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့သို့ ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံက လည်းကောင်း၊ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘူတန်နိုင်ငံနှင့် နီပေါနိုင်ငံတို့က လည်းကောင်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ခဲ့ကြသည်။ ၂၀၀၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့၏အမည်ကို ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် ( Bay of Bengal Initiatives for Multi-Sectoral Technical and Economic Cooperation - BIMSTEC) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ အဖွဲ့စတင်ဖွဲ့စည်းသည့် ဇွန် ၆ ရက်ကို ဘင်းမ်စတက်နေ့အဖြစ် သတ်မှတ်ထားရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီရိလင်္ကာသမ္မတနှင့် တွေ့ဆုံဆွေးနွေး

**ဂိုအာ အောက်တိုဘာ ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သီရိလင်္ကာနိုင်ငံသမ္မတ Mr.Maithritala Sirisena နှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဂိုအာမြို့ရှိ Hotel Leela ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**တွေ့ဆုံဆွေးနွေး**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သီရိလင်္ကာနိုင်ငံသမ္မတ Mr.Maithritala Sirisena နှင့် တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

ကျောဖုံးမှ

မိမိတို့၏ ဘုံရည်မှန်းချက်များ အောင်မြင်ရေး အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သစ်ကို အကောင်အထည်ဖော်ရာ၌ စိန်ခေါ်မှုအများအပြား ရှိနေသကဲ့သို့ တစ်ဖက်တွင်လည်း ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများရှိနေသည်ကို သတိချပ်ရန် လိုအပ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင် တာဝန်ရှိသည်ကို နားလည်သည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ သီးခြား မရပ်တည်နိုင်သည်ကိုလည်း သတိပြုရန်လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး စားနပ်ရိက္ခာထုတ်လုပ်မှုအပါအဝင် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်၏ အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်မည်ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ကျေးလက်နှင့် မြို့ပြအကြား လူမှုစီးပွားဘဝ ကွာဟချက်ကို လျှော့ချပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် သဘာဝသယံဇာတများ စနစ်တကျ စီမံခန့်ခွဲရေးတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးမူဝါဒသစ်တစ်ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုစီးပွားရေးတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းသည် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာလုံခြုံရေးနှင့် ထုတ်ကုန်တိုးတက်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ လူနေမှု အဆင့်အတန်းမြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆည်မြောင်း၊ လမ်း၊ တံတား၊ ရထားလမ်းကွန်ရက်၊ ရေအားလျှပ်စစ်စက်ရုံများနှင့် ရေကောင်းရေသန့်ရရှိရေးစီမံချက်များ စသည့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေးကို ဆောင်ရွက် လျက်ရှိပါကြောင်း။

ရာသီဥတုပြောင်းလဲမှု ဒဏ်ခံခဲ့ရသော ဒေသများရှိ ပျက်စီးဆုံးရှုံးသွားသည့် စိုက်ပျိုးမြေများ ပြန်လည်ထူထောင်ရေးအတွက် မျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် ရိတ်သိမ်းပြီးလုပ်ငန်းစဉ်များအတွက် အထောက်အကူပေးခြင်း၊ ဆည်များ၊ ရေလှောင်ကန်များ၊ ရေသွင်းစနစ်များ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နေသကဲ့သို့ တိုင်းပြည်၏ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ အထွက်တိုးသီးနှံများ စိုက်ပျိုးခြင်း၊ သီးနှံမျိုးစိတ်သစ်များ စိုက်ပျိုးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံမြေဧရိယာ၏ ၅၀ ရာခိုင်နှုန်းသည် သစ်တောများ ဖုံးလွှမ်းလျက်ရှိသည့်အတွက် မြန်မာ့သစ်တောများသည် ကာဗွန်ခေတ်ငွေ့စုပ် (carbon sink) ဒေသဖြစ်ပြီး၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို လျှော့ချရေးအတွက် ယင်းအခြေအနေကို ဆက်လက် ထိန်းသိမ်းပေးသွားရမည်ဖြစ်ပါ ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံသည် ရာသီအလိုက် သီးနှံစိုက်ဧကပေါင်း ၅၃ သန်းခန့် စိုက်ပျိုးလျက်ရှိသည့်အနက် ၉၅ ရာခိုင်နှုန်းသည် လုပ်ကွက်ငယ် တောင်သူလယ်သမား မိသားစုများ ပိုင်ဆိုင်ပါကြောင်း၊ တောင်သူလယ်သမားများသည် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်အခွင့်အလမ်း နည်းပါးစွာဖြင့် ပင်ပင်ပန်းပန်း စိုက်ပျိုးမွေးမြူ လုပ်ကိုင်နေကြပါကြောင်း၊ အကျိုးအမြတ်နည်းပါးနေမှုအပေါ် အစိုးရအနေဖြင့် လယ်သမားများ၏ဘဝ သာယာလှပစေရန် သင့်လျော်ကိုက်ညီသော မူဝါဒများချမှတ်ပြီး နိုင်ငံဘဏ္ဍာငွေအပြင် ပြည်ပအကူအညီ အထောက်အပံ့များဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုမှ ဈေးကွက်ရောက်ရှိသည်အထိ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြည်သူအများစုဖြစ်သည့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ တွက်ခြေကိုက်ဝင်ငွေရရှိရေးအတွက် ဒေသအလိုက်၊ နယ်ပယ်အလိုက် ပြုပြင်ပြောင်းလဲမှုအစီအမံများ ချမှတ်ပြီး နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ လိုအပ်သည့် စိုက်ပျိုးစရိတ်နှင့် သက်မွေးဝမ်းကျောင်း အရင်းအနှီး၊ သွင်းအားစု၊ နည်းပညာများ ဖြန့်ဖြူးရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကအပိုင်းတို့မှ ဖြည့်ဆည်းနိုင်ရေး၊ လယ်ယာကုန်ထုတ်အသင်းအဖွဲ့များဖြင့် ဆောင်ရွက်ရေးတို့ကို တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စ ရှောင်ကျဲဖန်က ဖတ်ကြားပြီး မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှု ဗီဒီယိုဖိုင်ကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ၏ ဘာသာရပ်အလိုက် ပြခန်းများ၊ ဝန်ကြီးဌာန ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်မှာ **"ပြောင်းလဲရာသီ လိုက်လျောညီ၊ ချိန်ညှိစိုက်ပျိုး ရိက္ခာတိုး"** ဖြစ်ပြီး (၆၆)ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံက ၂၀၁၆ ခုနှစ်ကို **အပြည်ပြည်ဆိုင်ရာ ပဲမျိုးစုံနှစ်** အဖြစ် သတ်မှတ်ထားသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ် အတွင်း သဘာဝ ဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ ၁ ဒသမ ၉ ဘီလီယံ ထိခိုက်ခဲ့ပြီး တစ်ကမ္ဘာလုံး ပျက်စီးဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၄၉၄ ဘီလီယံခန့်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ခန့်မှန်းထားသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လယ်ယာကဏ္ဍ (စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တော)၏ ထိခိုက်မှုသည် စုစုပေါင်း စီးပွားရေးထိခိုက်မှု၏ ၂၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၄၈ ခုအပေါ် လေ့လာမှုအရ လယ်ယာကဏ္ဍပျက်စီးဆုံးရှုံးမှုများအနက် သီးနှံစိုက်ပျိုးရေးတွင် ၄၂ ရာခိုင်နှုန်း၊ မွေးမြူရေးတွင် ၃၆ ရာခိုင်နှုန်းထိရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ဖော်ပြထားသည်။ **(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် (သတင်းစဉ်)

# မန္တလေးမြို့တွင် အစာအဆိပ်သင့်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အကွက် (၂၈၈) ရတနာပုံ ဆီစက်ဝင်း ဓမ္မာရုံ၌ အောက်တိုဘာ ၁၆ ရက်က သံဃာတော်များအား အရုဏ်ဆွမ်းအဖြစ် မုန့်တီနှင့် ကြက်သားဆက်ကပ်ရာမှ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သဖြင့် လူဦးရေ ၃၀ ခန့် မန္တလေးပြည်သူ့ဆေးရုံ ဖျားနာဆောင်-၁ သို့ ရောက်ရှိ ကုသမှုခံယူနေကြောင်း သိရသည်။

ကုသမှုခံယူနေသူများမှာ သက်သာနေပြီဖြစ်သော်လည်း တစ်ဦးမှာ အနည်းငယ်စောင့်ကြည့်ရမည့် အခြေအနေတွင်ရှိသဖြင့် တာဝန်ကျဆရာဝန်တစ်ဦးထံမှ သိရသည်။

"လက်ရှိ ကုသနေတာက ၂၅ ဦးရှိတယ်။ အကုန်လုံးနီးပါး သက်သာနေပါပြီ။ တစ်ဦးက အဆိုးရွားကြီးမဟုတ်ပေမယ့် အခြေအနေ စောင့်ကြည့်နေဆဲပါ" ဟု ဖျားနာဆောင်-၁ တာဝန်ကျဆရာဝန်က ပြောသည်။

သံဃာများအားဆက်ကပ်၍ ကျန်ရှိသည့် စားသောက်ဖွယ်ရာများကို ရပ်ကွက်နေသူအချို့အား ကျွေးမွေးရာမှ စားသုံးပြီးနောက် နှစ်နာရီခန့်အကြာတွင် ခေါင်းမူး၊ ပျို့အန်၊ ဝမ်းသွားခြင်းများကြောင့် နံနက် ၁၁ နာရီကျော်တွင် သံဃာ လေးပါးနှင့် လူဦးရေ ၂၅ ဦးမှာ မန္တလေးဆေးရုံသို့ ရောက်ရှိလာကြပြီး ခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံ၌ သုံးဦး ကုသမှုခံယူနေကြောင်း သိရသည်။

"စားပြီးပြီးချင်း မဖြစ်သေးဘဲ နှစ်နာရီလောက်အကြာမှာ ခေါင်းမူးပြီး အန်တယ်၊ ဝမ်းသွားတယ်။ ကျွန်တော့်သားလည်း ဒီလိုဖြစ်လို့ ရပ်ကွက်ဆေးခန်းသွားပြတော့ မသက်သာရင် ဆေးရုံကြီးသွားဖို့ မှာလိုက်တယ်။ မသက်သာလို့ ဆေးရုံသွားမယ်ဆိုတော့ စားတဲ့သူအတော်များများဖြစ်နေတာပါ" ဟု လူနာရှင် ဦးဝင်းထွေးက ပြောသည်။

မုန့်တီနှင့် ကြက်သားကျွေးမွေးရာတွင် ကြက်သားစားမိသူအများစုသာ အဆိပ်သင့်ဝေဒနာခံစားရပြီး မုန့်တီတစ်မျိုးတည်း စားသုံးသူများ မခံစားရကြောင်း၊ အချို့ ခံစားရသူများက ရပ်ကွက်ဆေးခန်း၌ ကုသခံယူကာ ပျောက်ကင်းသူများလည်း ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၁၀-၂၀၁၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၈:၃၅ - ၂၀၁၆ခုနှစ်(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ (၁၀-၁၅) အဆင့်) (အမျိုးသမီး)
- ၁၃:၅၅ - ဆယ့်နှစ်လရာသီအငြိမ့်သဘင် (သီတင်းကျွတ်မီးထွန်းပွဲ) မင်းသမီး ချစ်ခွန်းချို၊ လူရွှင်တော် Unit အဖွဲ့

**ညပိုင်း**

- ၁၆:၁၀ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- စတုတ္ထနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ ဘုရင်မရဲ့ပန်းရွှေကြာ (အပိုင်း-၂၀)
- မျက်မှောက်ရေးရာသုံးသပ်စရာ

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**




# မြန်မာအမျိုးသားလေကြောင်း ချင်းမိုင်သို့ တိုက်ရိုက်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ခရီးသွားပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) အနေဖြင့် လာမည့် နိုဝင်ဘာလဆန်းမှ စတင်ကာ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့သို့ တိုက်ရိုက်လေကြောင်းလိုင်းအဖြစ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန် ဦးသန်းထွန်းက ပြောသည်။

"ကျွန်တော်တို့ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် နှစ်နိုင်ငံခရီးသွားပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် လာမယ့် နိုဝင်ဘာ ၄ ရက်ကစပြီး ရန်ကုန်-ချင်းမိုင်-ရန်ကုန်ခရီးစဉ်ကို တစ်ပတ် နှစ်ရက် တနင်္လာနဲ့ သောကြာနေ့တွေမှာ တိုက်ရိုက်ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ၂၀၁၅ ခုနှစ်မှစပြီး နိုင်ငံတကာလေကြောင်းခရီးစဉ်များအဖြစ် စင်ကာပူနှင့် ဟောင်ကောင်မြို့များသို့ပြေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က ဗန်ကောက်မြို့သို့ တိုက်ရိုက်လေကြောင်းလိုင်းအဖြစ် ပြေးဆွဲခဲ့ကြောင်း၊ ယခု ချင်းမိုင်သို့ ပျံသန်းပြေးဆွဲမည့် ခရီးစဉ်သည် မြန်မာအမျိုးသားလေကြောင်း၏ စတုတ္ထမြောက် နိုင်ငံတကာလေကြောင်းလိုင်းအဖြစ် ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် ရန်ကုန်မှ ညနေ ၅ နာရီ မိနစ် ၅၀ ထွက်ခွာသော လေယာဉ်သည် ချင်းမိုင်သို့ ညနေ ၇ နာရီ မိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ချင်းမိုင်မှ ညနေ ၄ နာရီ ၁၀ မိနစ်ထွက်ခွာသောလေယာဉ်သည် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ချင်းမိုင်မြို့သည် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ယဉ်ကျေးမှုထွန်းကားသော မြို့တော်ဖြစ်သည့်အလျောက် သဘာဝလှပသောရှုခင်းများ၊ စေတီပုထိုး၊ ကျောင်း၊ ကန်များ ပေါ်များသော ဒေသတစ်ခုလည်းဖြစ်သည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မြန်မာနှင့် စင်ကာပူအကြား ဗီဇာကင်းလွတ်မည်ဖြစ်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်းက ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်မှစပြီး တစ်ပတ် ခုနစ်ရက် တစ်ရက်လျှင် တစ်ကြိမ် မနက်ပိုင်းပြေးဆွဲနေရာမှ ဒီဇင်ဘာလမှစပြီး ညနေပိုင်း ပျံသန်းမှု ငါးခေါက် တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**




# ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေမှ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန် အလှူငွေများလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၆**

မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေမှ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန် အလှူငွေကျပ် ၁၁၁ သိန်း၊ ရေဘေးသင့်ပြည်သူများအတွက်ထောက်ပံ့ ငွေကျပ် ၁၁ သိန်းနှင့် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဓာတ်လှေကားတပ်ဆင်ရန် အလှူငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀ တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ယောမင်းကြီးလမ်းနေ ဒေါ်အေးအေးခန့်နှင့် သားသမီးများက ယနေ့ နံနက် ၁၀ နာရီတွင် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၌ ပေးအပ်လှူဒါန်းခဲ့ကြသည်။ (ဓါတ်ပုံ)

(သတင်းစဉ်)

# နယ်စပ်တွေမှာတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့အခက်အခဲက လုံခြုံရေးပါ၊ လုံလုံခြုံခြုံနဲ့ အေးအေးချမ်းချမ်းနေချင်တယ်

**တွေ့ဆုံမေးမြန်း - မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ - နေလင်း**

**ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အောက်တိုဘာ ၉ ရက် ဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်နှင့် ဆက်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စိုးရိမ်ပူပန်မှုများ ရှိနေသည်။**

၎င်းတို့အား ဘေးအန္တရာယ် ကင်းရှင်းစွာ နေရပ်ပြန်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းသည့်နေရာများသို့ တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ ၎င်းတို့အား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်-

**ဒေါ်ခင်မာဇင်**

**(ဒုဦးစီးမှူး၊ကျေးလက်ဦးစီးဌာန)**

“မောင်တောမြို့ကို ပြောင်းလာတာ သိပ်မကြာသေးဘူး၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွေဖြစ်ပြီး ဟိုကဆူဆူ ဒီကဆူဆူဆိုတော့ ညဆို မအိပ်ရဲတာနဲ့ ငုတ်တုတ်ထိုင်နေကြတာ လေးရက်လောက်ရှိပြီ၊ ဈေးလည်း ထွက်မဝယ်ရဲဘူး။ ကျဆုံးသွားတဲ့ နယ်ခြားစောင့်ရဲတွေ သင်္ဂြိုဟ်တဲ့နေ့ကတော့ မြင်ရတာ ရင်ထဲမှာ မချိတင်ကဲနဲ့ ဖုန်းဆက်ပြီး စိုးရိမ်စိတ်နဲ့ လှမ်းမေးကြတယ်၊ ကျွန်မတို့က ဝန်ထမ်းဆိုတော့ အရပ်သားလို မဟုတ်ဘူး၊ အမိန့်တစ်ခုမှမရှိဘဲ ကိုယ့်ဆန္ဒနဲ့ကိုယ်သွားလို့ တစ်ခုခုဖြစ်မှာလည်း ကြောက်ရတယ်၊ အထက်လူကြီးတွေကိုလည်း တင်ပြရတယ်၊ ဒီနေရာက ကိုယ့်နေရာ၊ ကိုယ့်ဒေသဖြစ်နေလျက်နဲ့ စွန့်ပစ်ပြီးသွားမယ်ဆိုရင် ပိုပြီးတော့ စိုးရိမ်တဲ့အတွက် အောင့်အည်းပြီး နေရတယ်။ စိတ်ထဲမှာ မလုံခြုံပေမယ့် နိုင်ငံတော်အစိုးရကိုလည်း အားကိုးတယ်၊ တပ်မတော်ကို အားကိုးတယ်၊ ဒီနေရာမျိုးကျတော့ ရဲတပ်ဖွဲ့နဲ့လည်း မလုံလောက်ပြန်ဘူး၊ တပ်မတော်က တာဝန်ယူလိုက်တဲ့ အခါကျတော့ စိုးရိမ်စိတ်တော့လျော့သွားတယ်။ လုံခြုံရေးက လမ်းတစ်လျှောက်လုံးရှိတယ်ဆိုတော့ လူကြီးတွေကို ပြန်ခွင့်ပြုပါဆိုပြီး ပြောပြီး ပြန်လာတယ်”။

**ဆရာမ ဒေါ်သန်းသန်းဌွေး**

**(အထက ကြိမ်ချောင်း)**

ကျွန်မတို့ သင်ပေးနေတဲ့ ကျောင်းသားတွေထဲမှာလည်း သူတို့ဘာသာဝင်တွေ အများကြီးပဲ။ အထက ကြိမ်ချောင်းကို လာသင်နေတဲ့ကလေးတွေ အများကြီးပဲ။ ၁၃ နှစ် ၁၄ နှစ် ၇ တန်း ၈ တန်း အရွယ်တွေပါပဲ။ အကြမ်းဖက်မှုတွေဖြစ်တော့ ကျွန်မတို့ အလွန်ကြောက်နေတယ်။ လက်နက်တွေနဲ့ ပစ်ခတ်နေတာဆိုတော့ ကြောက်တာပေါ့။ ကျွန်မတို့ ဆရာ ဆရာမတွေ ဒီလိုဝေးတဲ့နေရာမှာ ကလေးတွေကိုစာသင်နေရတာ။ သူတို့က ဘယ်အချိန် ဘာလုပ်မယ်မှန်း မသိဘူး။ အမြဲတမ်းကြောက်လန့်ပြီး နေနေရတာ။ အစိုးရက ရဟတ်ယာဉ်နဲ့ ကြိမ်ချောင်းက ဆရာ ဆရာမတွေ အကုန်လုံး တောင်ပြိုကို ခေါ်သွားပေးတယ်၊ တောင်ပြိုကနေ ရဟတ်ယာဉ်နဲ့ ဘူးသီးတောင်ကို ခေါ်သွားတယ်။ ဘူးသီးတောင်ကနေမှ သင်္ဘောနဲ့ စစ်တွေကို ပြန်တာပါ။ ၂၀၀၇ ခုနှစ်ကတည်းက အဲ့ဒီမှာတာဝန်ကျနေတာ။ ကြိမ်ချောင်းမှာ အလယ်တန်းပြနဲ့လည်း တာဝန်ထမ်းဆောင်ဖူးတယ်။ အထက်တန်းပြနဲ့လည်း တာဝန်ထမ်းဆောင်နေတာပါ။ အရင်ကတော့ ပြောတာက သူတို့က ပညာမတတ်လို့ဖြစ်တာ၊ ပညာတတ်ရင် ဒီလိုလုပ်မှာမဟုတ်ဘူးလို့ ပြောတယ်။ အခု သူတို့ ပညာလည်းတတ်တယ်။အင်္ဂလိပ်စာလည်း ကောင်းတယ်။ ဒါပေမယ့် မဟုတ်မမှန်တာတွေ အင်တာနက်မှာတင်တယ်၊ ဘာသာရေးမှိုင်းတွေတိုက်တယ်၊ လူ့အခွင့်အရေးချိုးဖောက်ခံရပါတယ်ဆိုပြီး ကုလသမဂ္ဂကိုလည်း လိမ်တယ်။

**ဆရာမဒေါ်နီနီအေး**

**(မောင်တောမြို့နယ် ကျွဲခေါင်းကျေးရွာ၊ မူလတန်းလွန်ကျောင်း)**

မောင်တောမှာ ၂၀၁၂ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့တာပါ။ ဝန်ထမ်းလိုင်းခန်းရှိပေမယ့် အိမ်ထောင်သည်ဆိုတော့ ကြိမ်ချောင်းရွာထဲမှာပဲ အိမ်ငှားနေတယ်၊ နေတဲ့နေရာကနေ ကျောင်းကို တစ်နာရီလောက် လမ်းလျှောက်သွားရတယ်။ ကျောင်းက ဘာသာခြားတွေနေတဲ့ ရွာနဲ့ကပ်နေတာ။ ကျွန်မတို့ ဆရာမတွေအနေနဲ့က ဘယ်ဘာသာ ဘယ်လူမျိုးရယ်လို့ မခွဲခြားပါဘူး၊ အကုန်လုံးကို စာသင်ပေးပါတယ်၊ အခု အကြမ်းဖက်မှု ဖြစ်ပြီးတဲ့အခါ ပြန်ဖို့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ ပညာရေးဌာနက တာဝန်ရှိသူတွေကို ကိုယ့်အခက်အခဲတွေကို ပြောပြတယ်။ အကြမ်းဖက်မှုတွေဖြစ်တော့ ကြိမ်ချောင်းကနေ မောင်တောကို သွားမယ့်လမ်းမှာ ပိတ်မိနေကြတယ်။ တိုက်ပွဲတွေက ဖြစ်နေတယ်၊ အကြမ်းဖက်သမားတွေက ဟိုနေရာ ဒီနေရာ တကွဲတပြားနဲ့ ဆူပူတဲ့ပုံစံဖြစ်အောင်လုပ်နေတော့ ဝန်ထမ်းတွေ သွားရင် လုံခြုံရေးပေးရမယ်၊ လုံခြုံရေးပေးရင် ရပ်ရွာမှာ လုံခြုံရေးအင်အားနည်းသွားပြီ။ အဲ့ဒီလိုဆို ရွာသားတွေအတွက်လည်း စိုးရိမ်တယ်။ အကြမ်းဖက်မှုဖြစ်တဲ့အချိန်မှာ ကြောက်တာပေါ့။ ၂၀၁၂ ခုနှစ်တုန်းက ကြုံဖူးတဲ့သူတွေ အဲ့ဒီလောက်ကြောက်ရင် မကြုံဖူးတဲ့သူဆို ဘယ်လောက်ကြောက်ကြမလဲပေါ့။ ကိုယ့်မြေမှာနေပြီးတော့ ကျီးလန့်စာစားဖြစ်နေရတယ်။နေတဲ့နေရာကနေ တပ်မတော်ရဟတ်ယာဉ်ကနေတစ်ဆင့် မော်တော်နဲ့ စစ်တွေပြန်တာပါ။

**ဆရာမဒေါ်ဝင်းဝင်းကြည်**

**(အထက-ကြိမ်ချောင်း)**

ကြိမ်ချောင်းအထကမှာ တာဝန်ထမ်းဆောင်နေတာ တစ်နှစ်ရှိပြီ။ ဘာသာခြားရွာတွေမှာ တာဝန်ထမ်းဆောင်ခဲ့တာ သုံးနှစ်ရှိပြီ။ နယ်စပ်တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေရဲ့အခက်အခဲကလုံခြုံရေးပါ။ စာပြပေးနေတဲ့ ကျောင်းသားတွေထဲမှာ တိုင်းရင်းသားတွေပါတယ်။ ဘာသာခြားတွေပါတယ်။ ဒီမှာက တိုင်းရင်းသား ကျောင်းသားဆယ်ယောက်ဆို ဘာသာခြားကျောင်းသားက တစ်ရာလောက်ရှိတယ်။ တိုင်းရင်းသားရယ် ဘာသာခြားရယ် မခွဲခြားဘဲ စိတ်စေတနာ သန့်သန့်နဲ့ စာပြပေးတယ်။ နောက်ဆုံး သူတို့ဘာသာစကား နားမလည်ရင်တောင် လက်ဟန်ခြေဟန်နဲ့ စာပြပေးခဲ့တယ်။ ဒီဒေသတွေမှာ တာဝန်ထမ်းဆောင်ရတာ မလုံခြုံဘူး။ ကျွန်မတို့နေတဲ့ ပတ်ပတ်လည်မှာဆို ဘာသာခြားတွေချည်းပဲ။ လုံခြုံရေးတပ်ဖွဲ့တွေနဲ့လည်း ဝေးတယ်။ လုံလုံခြုံခြုံနဲ့ အေးအေးချမ်းချမ်း နေချင်တယ်။ အကြမ်းဖက်မှုဖြစ်ပြီး နောက်ပိုင်း ဘာသာခြားဈေးဆိုင်တွေ ပိတ်ထားတယ်။ စားသောက်ဖို့လည်း အခက်အခဲဖြစ်လာတယ်။ အဲ့ဒီမှာ တိုင်းရင်းသားဆိုင်မရှိဘူး။ အကြမ်းဖက်မှုဖြစ်ပွားတာ ကြားတဲ့အချိန်က တော်တော်တုန်လှုပ်တယ်။ မကြုံဖူးတဲ့သူတွေကတော့ တော်တော်ကြောက်နေတယ်။ ဒေသခံတိုင်းရင်းသားတွေလည်း ကြောက်နေကြတယ်။ အဲ့ဒီမှာ တိုင်းရင်းသားလူဦးရေက ဘာမှမရှိဘူး။ တစ်ခုခုဖြစ်ပြီဆို ပြေးစရာလည်း မရှိဘူး။ တကယ်ကို စိုးရိမ်စရာအခြေအနေပါ။

**ဒေါ်မိုးစိန်(အိုင်နဲ့ကျေးရွာ၊ မောင်တောမြို့နယ်)**

မောင်တောမြို့နယ်ထဲက အိုင်နဲ့ကျေးရွာမှာ သမက်နဲ့သမီးဆီမှာ အတူနေတာပါ။ နယ်မြေမအေးချမ်းတော့ စစ်တွေမြို့နယ်ထဲက ပေါက်တောပြန်တာပါ။ ကိုယ်နေခဲ့တဲ့နေရာက အခုတော့ နည်းနည်း အေးဆေးသွားတယ်ဆိုပေမယ့် နေဖို့မသင့်လို့ ကိုယ့်ဒေသကို ပြန်တာပါ။ အကြမ်းဖက်မှုတွေဖြစ်ပွားတော့ စိုးရိမ်နေရတယ်။ ညတွေလည်း မအိပ်ရပါဘူး။ နယ်မြေကလည်း သိပ်မလုံခြုံပါဘူး။ ဘာသာခြားတွေနဲ့နီးတော့ ပိုစိုးရိမ်နေရတယ်။



ဒေါ်ခင်မာဇင်



ဆရာမ ဒေါ်သန်းသန်းဌွေး



ဆရာမဒေါ်နီနီအေး



ဒေါ်မိုးစိန်

# ရဲတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား ဘေးကင်းရာနေရာသို့ မော်တော်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများသည် ၎င်းတို့နေထိုင်ရာ ကျေးရွာများအား စွန့်ခွာပြီး ဘေးကင်းလုံခြုံရာနေရာများသို့ ပြောင်းရွှေ့လျက်ရှိရာ အောက်တိုဘာ ၁၅ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ငါးခူရနယ်မြေရဲစခန်းမှ ရဲအုပ်ထွန်းထွန်းစိုး ဦးစီးသောတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်လေးစီးတို့ဖြင့် ကြိမ်ချောင်းကျေးရွာနေ ရခိုင်တိုင်းရင်းသား အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၄၃ ဦး စုစုပေါင်း ၆၇ ဦးတို့ကို ခေါ်ဆောင်လာခဲ့ပြီး ကျီးကန်းပြင်ကျေးရွာမှတစ်ဆင့် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် မောင်တောမြို့သို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၆** နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် စားနပ်ရိက္ခာများ ဘူးသီးတောင်ဆိပ်ကမ်းသို့ ရောက်ရှိ

**ဘူးသီးတောင် အောက်တိုဘာ ၁၆**


ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ နေရပ်စွန့်ခွာလာသည့် ဒေသခံပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများသည် ပြည်တွင်းရေကြောင်းပိုင် မော်တော်ဘုတ်ဖြင့် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဘူးသီးတောင် မြို့နယ်ဆိပ်ကမ်းသို့ ရောက်ရှိကြောင်း သိရသည်။

အဆိုပါ မော်တော်ဘုတ်သည် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက စစ်တွေမြို့အမြင့်ကျွန်းကျေးရွာမှ ဆန်အိတ် ၇၀၀၊ ငါးနီတူခြောက် ပိဿာ ၁၀၀၀ တို့ကို သယ်ဆောင်ထွက်ခွာလာရာ မွန်းလွဲ ၁ နာရီခွဲတွင် ဘူးသီးတောင်ဆိပ်ကမ်းသို့ ရောက်ရှိပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ရောက်ရှိလာသော ထောက်ပံ့ပစ္စည်းများမှ ဘူးသီးတောင်အတွက် ဆန်အိတ် ၂၀၀ ကို ထောက်ပံ့ပေးနိုင်ရေးအတွက် နေရာချထားပြီး ကျန်ရှိထောက်ပံ့ပစ္စည်းများကို မောင်တောမြို့သို့ မော်တော်ကားများဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# သွေးအန်ခြင်းနှင့် ဝမ်းမည်းသွားခြင်း (Haematesis and Melaena)

ပါမောက္ခ ဒေါက်တာသိန်းမြင့်



အစာအိမ်နှင့်အူလမ်းကြောင်း သွေးယိုစိမ့်ခြင်းရောဂါသည် အဖြစ်အများဆုံး အစာ အိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ အရေး ပေါ် အခြေအနေတစ်ခုဖြစ်သည်။ အချိန်မီအရေးပေါ် မကုသနိုင်လျှင် အသက် အန္တရာယ်ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် သွေးအန်ခြင်းနှင့် ဝမ်းမည်းသွားခြင်း (အစာအိမ်နှင့် အူလမ်းကြောင်း သွေးယိုစိမ့်ခြင်းရောဂါ)နှင့်ပတ်သက်၍ ထိုရောဂါ၏ ရောဂါ လက္ခဏာများ၊ ရောဂါဖြစ်ရခြင်း အကြောင်းအရင်းများ၊ လိုအပ်သော စမ်းသပ်စစ်ဆေးမှုများနှင့် ကုသနိုင်သောနည်းလမ်းများကို သိထားသင့်ပါသည်။

အစာအိမ်နှင့် အူလမ်းကြောင်း သွေးယိုစိမ့်ခြင်းရောဂါ၏လက္ခဏာများမှာ သွေးအရောင် (သို့) ကော်ဖီနှစ်ရောင်အန်ခြင်း၊ ကတ္တရာကဲ့သို့ ဝမ်းမည်းမည်းသွားခြင်း၊ သွေးအားနည်းခြင်း၊ မူးဝေမိန်းမောခြင်း၊ သတိလစ်သွားခြင်း၊ သွေးပေါင်ကျခြင်း စသည်တို့ဖြစ်သည်။

ရောဂါဖြစ်ရခြင်း အကြောင်းအရင်းမှာ အစာအိမ်နှင့် အူသိမ်တွင် အနာဖြစ်ခြင်း၊ အသည်းခြောက်ရောဂါကြောင့် အစာရေမြို့ရှိ သွေးကြောထုံးများ ပေါက်ထွက်ခြင်း၊ အရက်အလွန်အကျွံ သောက်သုံးခြင်း၊ ဆေးဝါးများ (အကိုက်အခဲပျောက်ဆေး၊ အက်စပရင်နှင့် သွေးကျဲဆေးများ) အစာရေမျိုပြွန်ရောင်ရမ်းခြင်း၊ အူသိမ်ရောင်ရမ်းခြင်း၊ အစာအိမ်အချဉ်ပြန်ခြင်း၊ အစာအိမ်နှင့် အစာရေမျိုပြွန်ကင်ဆာ၊အလွန်အကျွံ လေချဉ်တက်၍အန်ခြင်း၊ သွေးကြောဆိုင်ရာရောဂါများနှင့် အခြားအကြောင်းအရင်းများကြောင့် ဖြစ်နိုင်သည်။

အစာအိမ်နှင့် အူလမ်းကြောင်း သွေးယိုစိမ့်ရောဂါအတွက် လိုအပ်သော စမ်းသပ်စစ်ဆေးမှုများမှာ အစာအိမ်မှန်ပြောင်းကြည့်ခြင်း၊ ဝမ်းဗိုက်တယ်လီဗေးရှင်းဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ခြင်း (Complete Picture (CP), Liver Function Test (LFT), Creatlnine ဘီပိုး၊ စီပိုးရှိမရှိစစ်ဆေးခြင်း စသည်တို့ ဖြစ်သည်။ ထိုရောဂါဖြစ်ပွားသူများတွင် အထူးကြပ်မတ်ကုသရမည့် လူနာများမှာ သက်ကြီးရွယ်အိုများ၊ ကျောက်ကပ်ပျက်စီးနေသူများ၊ ကင်ဆာရောဂါဖြစ်ပွားနေသူများနှင့် သွေးပေါင်ကျ၍ သတိလစ်သောလူနာများတို့ ဖြစ်သည်။

**ကုသနိုင်သောနည်းလမ်းများ**

သွေးအန်လျှင် နီးစပ်ရာဆေးရုံဆေးခန်းသို့ ချက်ချင်းအချိန်မီသွားရောက်ဆေးကုသမှုခံယူရမည်။ သွေးထွက်လျှင် အရေးပေါ်အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေဓာတ်ပြန်လည်ဖြည့်ဆည်းပေးခြင်း၊ လိုအပ်လျှင် အရေးပေါ်သွေးသွင်းခြင်း၊ အစာအိမ်မှန်ပြောင်းကြည့်၍ သွေးကြောထုံးများကို သားရေကွင်းပစ်၍ ချည်နှောင်ခြင်း ၊ အစာအိမ်မှန်ပြောင်းကြည့်၍ အနာကိုဆေးထိုးခြင်း၊ Clip ဖြင့် ချုပ်ခြင်း၊ Argon Gas ဖြင့် ကုခြင်း၊ Haemospray ဖျန်းခြင်း၊ အရေးပေါ်ခွဲစိတ်ကုသခြင်း၊ ဓာတ်မှန်ဌာနတွင် သွေးကြောတွင်း ဓာတ်မှန်ရိုက်၍ ဆေးထိုးခြင်းနှင့် အခြားနည်းလမ်းများဖြင့် ကုသခြင်းတို့ဖြစ်သည်။

**အစာအိမ်နှင့် အူလမ်းကြောင်း သွေးယိုစိမ့်ခြင်းရောဂါ ခံစားနေရသောလူများအတွက် အထွေထွေအကြံပေးချက်များမှာ-**

(၁) အစာအိမ်ရောဂါပိုး(H Pylort) ရှိလျှင် ပိုးသတ်ဆေးသောက်ရမည်။ ဆေးသောက်ပြီး ခြောက်ပတ်ကြာလျှင် ပိုးကုန်မကုန်ကို အပေါ်ပိုင်းမှန်ပြောင်း ကြည့်၍သော် လည်းကောင်း၊ လေမှုတ်၍သော် လည်းကောင်း ပြန်လည်စစ်ဆေးရမည် (Urea Breath Test) ။

(၂) အစာအိမ်အနာရှိပါက ခြောက်ပတ်ကြာလျှင် မှန်ပြောင်းကြည့်၍ အသားစကို ပြန်၍စစ်ဆေးသင့်သည်။

(၃) အကိုက်အခဲပျောက်ဆေး (NS-AID)များရှောင်ပါ။

(၄) သွေးကျဲဆေး (Aspirin, Clopidogrel)များ သောက်မည်ဆိုလျှင်သက်ဆိုင်ရာ ဆရာဝန်နှင့် သေချာတိုင်ပင်ပြီးမှ သောက်ရမည်။

(၅) အသည်းခြောက်ရောဂါရှိလျှင် ဘီပိုး၊ စီပိုးရှိလျှင် သေသေချာချာ စစ်ဆေး ကုသမှုများခံယူရမည်။

(၆) သွေးကြောထုံးများကို သားရေကွင်းပစ်ထားလျှင် သုံးပတ်ကြာပါက ပြန်လည်စစ်ဆေးမှု ခံယူရမည်။

(၇) သွေးတိတ်ဆေးများ (Vit-K,Vit-C,Tranexamic acid) တို့သည် အကျိုးမရှိပါ။

(၈) သွေးကြောမပေါက်အောင်ကာကွယ်သည့်ဆေး (Propran-alol, Carvidelol) ကို ညွှန်ကြားသည့်အတိုင်း သေချာသောက်ရမည်။

(၉) အသည်းခြောက်ရောဂါရှိလျှင် တစ်နှစ်လျှင် တစ်ကြိမ် ဝမ်းဗိုက်တယ်လီဗေးရှင်းဓာတ်မှန်ရိုက်ခြင်း၊ အစာအိမ်မှန်ပြောင်းကြည့်ခြင်းများ ပြုလုပ်သင့်သည်။ Liver Function Test (LFT),Complete Picture (CP),Alpha Feto Proteln (AFP) နှင့် ဝမ်းဗိုက်တီဗွီရိုက်ခြင်းကို ခြောက်လသို့မဟုတ် တစ်နှစ်တစ်ကြိမ် စစ်ဆေးသင့်သည်။

(၁၀) သွေးအန်ခြင်း၏ အဓိက အကြောင်းရင်း နှစ်မျိုးကို အသည်း ရောဂါနှင့် အစာအိမ်ရောဂါကြောင့်ဟု မှတ်ထားသင့်ပါသည်။

(၁၁) အသည်းရောဂါကြောင့် သွေးအန်လျှင် Portal Pressure ကျစေသောဆေးများကို ထိုးနိုင်ပါသည်။ သွေးအန်ခြင်းကို ခေတ္တ ထိန်းပေးနိုင်သောကြောင့် မှန်ပြောင်းဖြင့် မဖြစ်မနေ ကြည့်ရှုကုသမှုခံယူရန် လိုအပ်ပါသည်။

(၁၂) အစာအိမ်ရောဂါကြောင့် သွေးအန်လျှင် အစာအိမ်အက်စစ်ထိန်းပေးသော ဆေးများကို ပေးနိုင်ပါသည်။

(၁၃) ဆေးသွင်းကုသခြင်း၊ မှန်ပြောင်းဖြင့် ကုသခြင်းများဖြင့် သွေးမတိတ်လျှင် ခွဲစိတ်ကုသခြင်း၊ သွေးကြောမှတစ်ဆင့် ရောဂါရှာဖွေကုသခြင်းနှင့် အခြားကုသခြင်းများ ပြုလုပ်နိုင်ပါသည်။

(၁၄) အရေးပေါ်အခြေအနေတွင် အသည်းခြောက်ရောဂါကြောင့် သွေးအန်ပါက Sengstaken-Blakemore tube ထည့်နိုင်ပါသည်။ မှန်ပြောင်းဌာနများတွင် အရေးပေါ် ဆောင်ထားပါသော်လည်း အသုံးပြုမှု အလွန်နည်းပါသည်။

(၁၅) အသည်းခြောက်ရောဂါရှိသူများသည် တစ်နှစ်တစ်ကြိမ် အစာအိမ်မှန်ပြောင်းကြည့်ရန် လိုအပ်ပါသည်။

(၁၆) သွေးသွင်းရန်လို၊ မလိုကို ကုသပေးသောဆရာဝန်က အကြံပေးပါမည်။ သွေးကိုအမှန်တကယ်လိုအပ်မှသာ သွင်းပါ။ မလိုအပ်ဘဲသွင်းပါက လူနာအတွက် အန္တရာယ်ရှိသည်။ Hb 7 g-dl အောက်ရောက်မှသာ သွင်းသင့်ပါသည်။

(၁၇) အစာအိမ်သွေးကြောထုံးခြင်း (Gastric Varices) ကို Medical Grate Glue Injection ထိုးခြင်းဖြင့် ကုသနိုင်ပါသည်။

(၁၈) အသည်းရောဂါကြောင့် မကြာခဏသွေးအန်သော အကြိမ်ရေများလာပါက အသည်း အစားထိုးခြင်းကုထုံးကို နောက်ဆုံးအနေဖြင့် စဉ်းစားသင့်သည်။

(၁၉) အစာရေမျိုသွေးကြောထုံးခြင်းကို Oesophageal Metal Stent ကုထုံးဖြင့်လည်းကောင်း Gastric Varices ကို Endoscop Ultrasound Guided Superglue Injection ထိုးခြင်းဖြင့်လည်းကောင်း ၊ နောက်ဆုံးပေါ်ကုထုံးများဖြင့် စမ်းသပ်ကုသနေကြပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အစာအိမ်နှင့် အူလမ်းကြောင်းသွေးယိုစိမ့်ခြင်းရောဂါနှင့် ပတ်သက်၍ အထူးဂရုပြုသတိထားနိုင်ရန် ဖြစ်ပွားခဲ့ပါက လိုအပ်သလို ဆောလျင်စွာကုသမှုခံ ယူရန်လိုသည်။

**နောက်ဆုံးအနေဖြင့် အထူးသတိပေးလိုတာကတော့ သွေးအန်ခြင်းနဲ့ ဝမ်းမည်းသွားခြင်းဟာ အသက်အန္တရာယ် စိုးရိမ်ရတဲ့ရောဂါလက္ခဏာ တစ်ခုဖြစ်ပါသည်။ သို့ဖြစ်၍ ရောဂါကိုစစ်ဆေးခြင်းနဲ့ ကုသခြင်းကို တစ်ပြိုင်တည်းလုပ်ဆောင်ပေးနိုင်သော အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်းသည် မဖြစ်မနေ လိုအပ်ပါကြောင်း အသိပေးရေးသားတင်ပြလိုက်ပါသည်။** ။

**အစာအိမ်နှင့် အူလမ်းကြောင်း သွေးယိုစိမ့်ခြင်းရောဂါ၏လက္ခဏာများမှာ သွေးအရောင် (သို့) ကော်ဖီနှစ်ရောင်အန်ခြင်း၊ ကတ္တရာကဲ့သို့ ဝမ်းမည်းမည်းသွားခြင်း၊ သွေးအားနည်းခြင်း၊ မူးဝေမိန်းမောခြင်း၊ သတိလစ်သွားခြင်း၊ သွေးပေါင်ကျခြင်း စသည်တို့ဖြစ်**



---

## အမေရိကန်စီးပွားရေးပိတ်ဆို့မှုဖယ်ရှားလိုက်ပြီးနောက် ခရီးဆောင်အိတ်ချုပ်လုပ်ရေးလုပ်ငန်းများအလားအလာကောင်းမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

အမေရိကန်က မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ လုံးဝရုပ်သိမ်းလိုက်ပြီးနောက် စီးပွားရေးအထူးအခွင့်အရေး GSP ပေးရာတွင် အထည်ချုပ်ကဏ္ဍ (garment sector) မပါဝင်သေးသော်လည်း ခရီးဆောင်အိတ်ချုပ်လုပ်တင်ပို့ရေးလုပ်ငန်းများ ပါဝင်သဖြင့် စီးပွားရေးအလားအလာကောင်းများရရှိမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးက ပြောသည်။

"အခုမြန်မာနိုင်ငံကို GSP ပေးမယ့်အထဲမှာ garment sector မပါဝင်သေးပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံအတွက် ဘယ်ကဏ္ဍကအလားအလာအကောင်းဆုံးဖြစ်လာမလဲဆိုရင် ခရီးဆောင်အိတ်ချုပ်လုပ်ငန်းတင်ပို့ရေးကဏ္ဍက အားအကောင်းဆုံးဖြစ်ပါတယ်။ GSP ပေးမယ့်အထဲမှာ ဒီကဏ္ဍကပါဝင်မှာဖြစ်ပါတယ်။။ နှစ်စဉ်အမေရိကားမှာ ခရီးဆောင်အိတ်တင်သွင်းမှုက အမေရိကန်ဒေါ်လာသန်းပေါင်းတစ်သောင်းကျော်တင်သွင်းနေပါတယ်။ ဒီအတွက် မြန်မာနိုင်ငံ အိတ်ချုပ်လုပ်ငန်းလုပ်ကိုင်သူတွေအနေနဲ့ စီးပွားရေးအခွင့်အလမ်းကောင်းတစ်ခုကို ရရှိမှာဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

အမေရိကန်အရေးယူပိတ်ဆို့မှု ရုပ်သိမ်းခြင်းမှာ ဖြေလျှော့ခြင်းမဟုတ်ဘဲ လုံးဝရုပ်သိမ်းပေးခြင်းဖြစ်၍ အမေရိကန်ဒေါ်လာနှင့် လုပ်ကိုင်ရသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရောင်းရေးဝယ်ရေးလုပ်ငန်းများ မြန်မာနိုင်ငံသားများအတွက် တိုက်ရိုက် အကျိုးစီးပွားဖြစ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ ယခင်ကအခြားနိုင်ငံများနှင့် သွယ်ဝိုက်၍ကုန်သွယ်မှု ပြုလုပ်ရသောလုပ်ငန်းများ တိုက်ရိုက်ချိတ်ဆက်လုပ်ကိုင်လာနိုင်ပြီဖြစ်ကြောင်းသိရသည်။

အလားတူ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွတ်လပ်စွာလုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား စီးပွားရေးဆက်ဆံမှုများ အရှိန်အဟုန်မြင့်တတ်လာမည်ဖြစ်ကြောင်း၊ မကြာမီနှစ်များအတွင်း မြန်မာနိုင်ငံအတွက် စီးပွားရေးအလားအလာကောင်းများမှ တစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း ၎င်းက ရှင်းပြသည်။

**မြင့်မောင်စိုး**

# သီတင်းကျွတ်လပြည့်နေ့တွင် ဘုရား၊ စေတီများ၌ ကုသိုလ်တရားပွားများသူများဖြင့် စည်ကား

နေပြည်တော်　အောက်တိုဘာ　၁၆

**“ဝါဆိုကင်းလွတ် သီတင်းကျွတ်”တွင် ဝါကျွတ်ပွဲတော် ကျင်းပလေ့ရှိသည်။ ဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသော သံဃာတော်များ သီတင်းကျွတ်လပြည့်နေ့တွင် ဝါဆိုသည့်ကာလကုန်ဆုံးကာ မိမိတို့ ကျောင်းအရပ်အတွင်း၌သာ သီတင်းသုံးနေထိုင်ခြင်းမှ လွတ်မြောက်သည်။ ထို့ကြောင့် သီတင်းကျွတ်လဟု ခေါ်ဆိုသကဲ့သို့ သံဃာတော်များ ဝါဆိုဝါကပ်ခြင်းမှ ကျွတ်လွတ်ပြီး မီးထွန်းပွဲတော်ကျင်းပခြင်းကြောင့် ဝါကျွတ်ပွဲတော်ဟုလည်း ခေါ်ဆိုကြသည်။**

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်၌ ဂေါတမမြတ်စွာဘုရားသည် ဒိဋ္ဌိတို့ကို နှိမ်နင်းတော်မူရန် ရေအစုံ မီးအစုံ ယမိုက်ပြာဋိဟာကို ပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး သတ္တမဝါကပ်တော်မူသည်။

တာဝတိံသာနတ်ပြည်၌ သန္တုသိတမည်သော မယ်တော်မိနတ်သားကို အမှူးထားကာ နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့၌ အဘိဓမ္မာတရားဟောကြား၍ ပြီးဆုံးတော်မူသည်။ ထိုနေ့တွင်ပင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းရာ သိကြားမင်းဖန်ဆင်းပေးသော ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့မှ မြတ်စွာဘုရားသည် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်စွာ အလယ်၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်ရာ နတ်အပေါင်းက လက်ယာဘက် ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာကြီးအပေါင်းက လက်ဝဲဘက် ငွေစောင်းတန်းဖြင့်လည်းကောင်း ဆင်းသက်လိုက်ပါပြီး မာတလိနတ်သားက ပန်းမန်အမွှေးအကြိုင်တို့ဖြင့် ပူဇော်ရင်း လိုက်ပါလာသည်။ သာဝတ္ထိပြည်၌ ရှိကြကုန်သော လူပရိသတ်အပေါင်းလည်း သင်္ကဿသို့ ရောက်ရှိကာ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို ကြိုဆိုကြကုန်သည်။

ဤပူဇော်ပွဲကိုအစွဲပြု၍ မြန်မာ့ယဉ်ကျေးမှုရာသီပွဲတော်အဖြစ် သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားကို ရည်မှန်းကာ ဆီမီး၊ မီးပုံး၊ မီးရှူးတို့ဖြင့် ရှေးသူဟောင်းတို့မှ ယနေ့အထိ ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သားများက ပူဇော်ကြခြင်းဖြစ်သည်။

ယနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ကုသိုလ်ပွားများခြင်းကို နံနက်အရုဏ်တက်မှ စတင်ပြုလုပ်ကြရာ နေပြည်တော် ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော်ကောင်စီနယ်မြေ ရပ်ကွက်များရှိဘုရားများ၊ ဘုန်းကြီးကျောင်းများ၊ နေအိမ်များ၌ ဘုရားဝတ်ပြုသံများ၊ တရားဦး ဓမ္မစကြာ၊ ပရိတ်တရားများနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ပွားပူဇော်ကြသည့် ကုသိုလ်ပွားများမှုများကို ဆောင်ရွက်ကြသည်။

ထိုသို့ ကုသိုလ်ပွားများကြရာတွင် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ အဌမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၈၂)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါစေတီတော် လိုဏ်တော်အတွင်း၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒစရိယ လယ်ဝေးမြို့ ဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အရိယဝံသထံမှ ငြိမ့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူပူဇော်ကြသည်။

အလားတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ရွှေလက်လှ စေတီတော်၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယျစေတီတော်၊ ကရဏာကမ္ဘာဘိုးဘွားရိပ်သာရှိ သံသရာငြိမ်းအေးစေတီတော်၊ ပျဉ်းမနားမြို့နယ်ရှိ ကိုးခန်းကြီးဘုရား၊ ပုဗ္ဗသီရိမြို့နယ်ရှိ မဟာသကျရံသီ ရပ်တော်မူရုပ်ရှင်တော်မြတ်ကြီးနှင့် သတ္တသတ္တာဟစေတီတော်တို့၌ ဘုရားဖူးများ၏ ကုသိုလ်ပွားများမှုဖြင့် စည်ကားလျက်ရှိသည်။

**ရန်ကုန်**

ရွှေတိဂုံစေတီတော် ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို ယနေ့နံနက်ပိုင်းမှစတင်၍ ရင်ပြင်တော်ရှိ သတ်မှတ်ထားသော နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက နံနက်အရုဏ်တွင် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူကြသည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲနှင့် ဆွမ်းသိမ်းအောင်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအား ရောင်တော်ဖွင့်အသင်း တန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ထားသည်ကို သပ္ပာယ်စွာ ဖူးတွေ့ရသည်။

အလားတူ မဟာဝိဇယစေတီတော်၌ ဂေါပအဖွဲ့ကကြီးမှူး၍ ယနေ့အရုဏ်တက်တွင် စေတီတော်အား ဆွမ်းတော်ကြီး၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်မှစတင်ကာ စေတီတော်၌ သုံးရက်တိုင်တိုင် ညစဉ် ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်သွားမည် ဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး အောင်ဓမ္မာရုံ၌ အဘိဓမ္မာ အခါတော်နေ့ကျင်းပခြင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်ခြင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များနှင့် ရဟန္တာများ၏ ဓာတ်တော်များကို အများပြည်သူ ဖူးမြော်နိုင်ရန် အပူဇော်ခံထားရှိပြီး ညစဉ် ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အခမ်းအနားကို ဂေါပကအဖွဲ့က ကြီးမှူးကျင်းပပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဝတ်အသင်းအဖွဲ့များက (၁၉) ကြိမ်မြောက် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာတရားတော်များကို ရွတ်ဆိုပူဇော်ကြပြီး ညပိုင်းတွင် စေတီတော်အား သုံးရက်တိုင် လျှပ်စစ်မီး၊ ရောင်စုံဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက်ပိုင်းတွင် ဆွမ်းတော်ကြီးနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီတွင် ပဋ္ဌာန်းသိမ်းပွဲ ကျင်းပခြင်း၊ ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်တော်မူကြပြီး ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက စေတီတော်အား ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

အလားတူ ယနေ့ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်ရပ်ကွက်အသီးသီးရှိ စေတီ၊ ပုထိုး၊ ဓမ္မာရုံများ၊ လမ်းများ၌ စတုဒိသာကျွေးမွေးခြင်း၊ ကုသိုလ်ကောင်းမှု ပြုကြသူများ၊ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲများ၊ သက်ကြီးဝါကြီး၊ ဆရာသမား၊ မိဘ ဘိုးဘွားများအား သံဃာတော်များ၏ ဘုန်းတော်ကြီးကျောင်းများ၌ ပဝါရဏာပွဲများ၊ ပူဇော်ကန်တော့ပွဲများနှင့် ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်များအား ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြခြင်းဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

**မန္တလေး**

၁၃၇၈ ခု သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် မဟာမုနိဘုရားကြီး၊ ကျောက်တော်ကြီး ကုသိုလ်တော်၊ စန္ဒာမုနိ၊ ရွှေကြီးမြင်အိမ်တော်ရာ၊ ဝေရောစန ကျောက်စိမ်းစေတီ၊ သကျသီဟ အောင်တော်မူ အစရှိသည့် ဘုရားများ၌ နံနက်အရုဏ်တက်ချိန်မှ စတင်ပြီး ဘုရားဖူးများဖြင့် စည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။

ဘုရားများနည်းတူ မန္တလေးတောင်၊ ရန်ကင်းတောင်နှင့် ဦးပိန်တံတားတို့သို့ သွားရောက်လည်ပတ်သူများလည်း များပြားကြောင်း တွေ့ရသည်။ မန္တလေး၌သာမက အနီးဝန်းကျင်ရှိ စစ်ကိုင်းကောင်းမှုတော် ဆွမ်းဦးပုညရှင်၊ ဥမင်သုံးဆယ်၊ ဥမင်ကိုးဆယ်၊ ပတ္တမြားစေတီ၊ ကံတလူ၊ ဆင်များရှင် ကျောက်ဆည် ရွှေသိမ်တော်၊ ပြင်ဦးလွင် မဟာအံ့ထူးကံသာ ပြည်ချစ်ဘုရားနှင့် အခြားလည်ပတ်ရန် နေရာများသို့လည်း သွားရောက်လည်ပတ်ကြကြောင်း တွေ့ရသည်။ သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်ပြီး အခြေခံပညာကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ ပိတ်ချိန်ဖြစ်၍ မြို့ပေါ်နှင့် အနီးဝန်းကျင်မှသာမက နယ်ဝေးမြို့များမှ ဘုရားဖူးများ လာရောက်မှု များပြားသည့်ကာလဖြစ်၍ ပိုမိုစည်ကားများပြားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

**(သတင်းစဉ်)၊ အေးမြ(မန္တလေး)**



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အဌမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၈၂)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပစဉ် (သတင်းစဉ်)



သီတင်းကျွတ်လပြည့်နေ့က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးတွင် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ဆီမီး ၉၀၀၀ ပူဇော်ပွဲ စည်စည်ကားကားကျင်းပစဉ်
တင်မောင်(မန်းကိုယ်ပွား)

မုံရွာမြို့ မိုးညှင်းသမ္ဗုဒ္ဓေ၌ ဆီမီးပူဇော်ထားသည်ကို သီတင်းကျွတ်လပြည့်နေ့ညက တွေ့ရစဉ်
မျိုးဝင်းထွန်း (မုံရွာ)



မန္တလေး တောင်ပေါ် ဆုတောင်းပြည့် မြတ်စွာဘုရား ရင်ပြင်တော်၌ သီတင်းကျွတ်လပြည့်နေ့က ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲ ကျင်းပစဉ်
မင်းထက်အောင် (မန်းကိုယ်ပွား)



# နှစ် ၈၀၀ ကျော်သက်တမ်းရှည်ဘုရားပွဲနှင့်အတူ မီးပုံးပျံကြီးလွှတ်တင်ပူဇော်ပွဲ မုံရွာမြို့ သာစည် မဟာစေတီလှဘုရားကြီး၌ ကျင်းပ

**မုံရွာ အောက်တိုဘာ ၁၆**

မုံရွာမြို့နယ်ဒေသတစ်ဝိုက်တွင် အကြီးမားဆုံး မီးပုံးပျံ လွှတ်တင်ပွဲကြီး(**ယာပုံ**)နှင့် ထူးခြားအကအလှများဖြင့် အညာဟန် အငွေ့အသက်များ စုဝေးရာ မုံရွာမြို့နယ် သာစည်မဟာစေတီလှဘုရားပွဲတော်ကို သက်တမ်းရှည်စည်ကားသိုက်မြိုက်စွာ (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့သည်။



သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ၁၃ မိုင်ဝေးသော သာစည်နွယ်ဖွား မုံရွာမြို့နေသူအများအပြား လာရောက်ကြသလို မဟာစေတီလှဘုရားကြီး ဂေါစရဂါမ်နယ်မြေ ၆၄ ရွာဒေသခံများအားလုံးစုစည်းသည့်ပွဲဖြစ်သလို မိမိတို့ဒေသ တတ်ကျွမ်းရာ အကအလှများဖြင့် ဖျော်ဖြေကြသောပွဲလည်းဖြစ်သည်။ အိုးစည်ပုံမောင်းတီးဝိုင်းများဖြင့် ဘုရားရှင်၏ နိပါတ်တော်လာဇာတ်တော်များကို မြေဝိုင်းဇာတ်ခင်းကပြကြသလို အညာဒေသတွင်သာ တွေ့နိုင်သည့် ရှားပါးပျောက်ကွယ်လုနီးဖြစ်သော ဖိုးသူတော်ယိမ်း၊ အရည်းကြီးယိမ်း၊ အဘိုးကြီးယိမ်းစသည်များ ထူးခြားစွာကပြသော ပွဲတော်ဖြစ်သည်။ ပြည်တွင်းမှာသာမက ပြည်ပ၌ ရောက်ရှိနေသော သာစည်နွယ်ဖွားများပါ လာသောပွဲဖြစ်၍ ပရိသတ်များ တိုးမပေါက်သောပွဲဖြစ်သည်။

"နှစ်တိုင်းတော့မလာဖြစ်ပေမယ့် သုံးနှစ်တစ်ခါလောက်တော့ ဘုရားပွဲကို ရောက်အောင်လာဖြစ်ပါတယ်။ ငယ်ငယ်ကတည်းက ဒီအချိန်ဘုရားပွဲရောက်ရင် နေရာအနှံ့ရောက်နေကြတဲ့ သာစည်နွယ်ဖွားတွေလာစုကြတာ ဒီနှစ်တော့ အသက်ကလည်း ၈၅ နှစ်ရှိပြီဆိုတော့ ဘုရားပွဲကို ဒါနလုပ်ရင်း မုံရွာက အကျိုးပြုနေရာတွေကို ငွေလာလှူတာပါ"ဟု စင်ကာပူနိုင်ငံနေ သာစည်နွယ်ဖွား ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ မောင်မောင်အေးက ပြောသည်။

သာစည်စေတီလှဘုရားပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လပြည့်နှင့် ကဆုန်လပြည့်တွင် နှစ်ပွဲကျင်းပလေ့ရှိရာ ဘုရားပွဲတွင် ဆွမ်းတော်တင်ရန်နှင့် စတုဒိသာကျွေးရန်၊ မိတ်ဆွေများလက်ဆောင်ပေးရန် အညာဒေသမုန့်များဖြစ်သည့် မုန့်သြဇာ၊ မုန့်ဆီကြော်၊ မုန့်ပေါက်၊ မုန့်ဖက်ထုပ်၊ ပဲကတိုး၊ မုန့်ဦးနှောက်၊ မုန့်ကျွဲသည်းနှင့် ဘိန်းမုန့်စသည်တို့ အများဆုံးပြုလုပ်ပြီး လှူဒါန်းမှု ပြုကြသည်။

အာရုံခံတန်ဆောင်းကြီးများတွင်လည်း စတုဒိသာကြာဆံဟင်းတိုက်သူ၊ ထမင်းကျွေးသူ၊ မုန့်ဟင်းခါးကျွေးသူ၊ အအေးဖျော်ရည်၊ လက်ဖက်သုပ်ကျွေး ကုသိုလ်ပြုသူများ၊ ဘုရားပွဲတော်လာသူများ များပြားလှသည်မှာ တစ်နှစ်ထက် တစ်နှစ်နည်းသွားသည်လား၊ များလာသလား ဆိုသည်ကို မခန့်မှန်းနိုင်အောင် ပရိသတ်များပြားသော အညာဒေသပွဲတော်ဖြစ်သည်။

"သာစည်ရွာဟာ မြန်မာအစ တကောင်းက ဆိုတဲ့အတိုင်း တကောင်းခေတ်ကတည်းက တည်တဲ့ရွာဖြစ်တယ်လို့ အထောက်အထားသမိုင်းတွေမှာ တွေ့ရပါတယ်။ တကောင်းသာကီနွယ်ဝင်တွေဟာ ရေခံမြေခံကောင်းတဲ့ နွယ်ခွေတောင်အဆက် ပုလဲတောင်၊ ရွှဲတောင်တို့မှာ ခြေချရင်း ပြည်ကြီးရွာကို စတည်ခဲ့တာပါ။ ပုဂံခေတ်မှာ နရပတိစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တော့ ဆင်တော်ဦးခေါင်း မြေကပ်တုံ့ဝပ် ရှိခိုးတဲ့အတွက် ဆင်ခေါင်းရွာရယ်လို့ ပြောင်းလဲခေါ်ခဲ့တယ်။ အဲဒီနောက် ရွာလုံးကျွတ် မီးလောင်ပြာကျပြီးတဲ့နောက် ပြန်လည်စည်ကားလာတဲ့အတွက် သူဌေးရွာသာစည်ရယ်လို့ ခေါ်ခဲ့တာဖြစ်ပါတယ်။ တောင်ဖီလာဆရာတော်ကြီး မွေးဖွားရာ အောင်မြေလည်းဖြစ်ပါတယ်"ဟု သာစည်ရွာဆရာတော်တစ်ပါးက မိန့်ကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**





**သီတင်းကျွတ်လပြည့်နေ့က ထိုင်းနိုင်ငံ ( မြောက်ပိုင်း) မယ်ဆိုင်မြို့ ဓမ္မစကူး ကျောင်းသားကျောင်းသူများနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ စုပေါင်း၍ မယ်ဆိုင်မြို့အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ စေတီတော်(ခ) လွယ်ပေါင်းစေတီတော်တွင် ဆီမီးထွန်းညှိပူဇော်ခြင်းနှင့် ဝတ်ရွတ်စဉ်များ ရွတ်ပွားပူဇော်ကြစဉ်**
မောင်ယဉ်ကျေး

# ဟိုမိန်းမြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူ

**ဟိုမိန်း အောက်တိုဘာ ၁၆**

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူသည့် သံဃာ့ဒါနဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း ဟိုမိန်းမြို့၌ (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၁၆ ရက် နံနက် ၆ နာရီက အမှတ်(၁)ရပ်ကွက် မြို့လယ်လမ်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလောင်းလှူခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ ဟိုမိန်းမြို့ ဝိသုဒ္ဓိပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ၊ မြို့ပေါ်နှင့် ကျေးရွာများရှိ ဘုန်းကြီးကျောင်းများမှ သံဃာတော်၊ ရှင်သာမဏေ ၉၆ ပါး ကြွရောက်အလှူခံတော်မူကြသည်။ အဆိုပါ လောင်းလှူပွဲသို့ မြို့မိမြို့ဖ စေတနာရှင်များ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်နေပြည်သူများနှင့် အနီးဝန်းကျင်ကျေးရွာများရှိ စေတနာရှင်များက ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသည့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများစသည့် သံဃာ့အသုံးအဆောင်ပစ္စည်းများကို ဆက်ကပ်လောင်းလှူခဲ့ကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူခြင်းတွင် ဟိုမိန်းမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ လူငယ်လေးများနှင့် အကျိုးတော်ဆောင်အဖွဲ့ဝင်များက ဆွမ်းဆန်စိမ်းလောင်းလှူသည့် လမ်းတစ်လျှောက် ဘုရားပင့်ဆောင်ခြင်း၊ ပင့်သံဃာဆရာတော်များ၏ လိုအပ်သည်များကို လုပ်အားဒါနများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**

# မုဒုံမြို့ကန်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာလှေပြိုင်

**မော်လမြိုင် အောက်တိုဘာ ၁၆**

မုဒုံမြို့ကန်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားဝင်းအတွင်းရှိ ကန်ရေပြင်၌ အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီက ဘုရားပွဲတော် အထိမ်းအမှတ်အဖြစ် (၁၄၂)ကြိမ်မြောက် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို ကျင်းပခဲ့သည်။ (**ယာပုံ**)



လှေလှော်ပြိုင်ပွဲကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲတွင် သက်ကြီး ခုနစ်သင်း၊ သက်ငယ် ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**တင်ထွဋ်(မော်လမြိုင်)**



**ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့၏ ကျက်သရေဆောင် ရေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်တွင် သီတင်းကျွတ်လပြည့်နေ့က အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများဖြင့် အထူးစည်ကားနေသည်ကို တွေ့မြင်ရစဉ်**
စိုးဝင်း(ကျောက်တန်း)

# လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# အေးချမ်းလှပ သီတင်းကျွတ်ည မြင်ကွင်းများ



ရွှေတိဂုံစေတီတော်၌ သီတင်းကျွတ်လပြည့်ညက ဘုရားဖူးကုသိုလ်ယူ ပြည်သူများဖြင့် အေးချမ်းစည်ကားနေမှုကို တွေ့ရစဉ် ဓာတ်ပုံ-ထွန်းအောင်ရှိန်(မြန်မာ့အလင်း)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော် သီတင်းကျွတ်ပွဲတော်လာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ် ဓာတ်ပုံ-မောင်စိန်လွင်(မြန်မာ့အလင်း)





ဗိုလ်တထောင်စေတီတော်၌ သီတင်းကျွတ်လပြည့်ညက ဘုရားဖူးလာသူများ ဆီမီးထွန်းညှိပူဇော်နေစဉ် ဓာတ်ပုံ-မင်းထက်

# ခေတ်မီ မီးပွိုင့်နှင့် ဗဟိုထိန်းချုပ်ရေးစနစ်ကို ယခုနှစ်ကုန်ပိုင်းတွင် စတင်အသုံးပြုနိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့တွင်း ပထမဆုံး ပြုလုပ်သည့် ခေတ်မီမီးပွိုင့်များနှင့် ဗဟိုထိန်းချုပ်ရေးစနစ်ကို ယခုနှစ်ကုန်ပိုင်း ဒီဇင်ဘာလအတွင်းတွင် အပြီးသတ်ရန်နှင့် စတင်အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တာဝန်ယူ လုပ်ဆောင်နေသည့် မြန်မာရွှေယင်းကုမ္ပဏီမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရန်ကုန်မြို့တွင်း ပထမဆုံး စတင်အကောင်အထည်ဖော်သည့် အဆိုပါခေတ်မီမီးပွိုင့်စနစ်နှင့် ဗဟိုထိန်းချုပ်ရေးစနစ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်ခဲ့သော မြန်မာရွှေယင်းကုမ္ပဏီနှင့် တရုတ်နိုင်ငံ CRCC ကုမ္ပဏီတို့က ပြီးခဲ့သည့် ဧပြီလကုန်ပိုင်းမှ စတင်ကာ ရန်ကုန်မြို့ပြည်သူ့ရင်ပြင်အတွင်းရှိ နက္ခတ်တာရာပြခန်းအနီးတွင် အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

"အခု ၁၀ လပိုင်းရော၊ ၁၂ လပိုင်းရော အပိုင်းနှစ်ပိုင်းခွဲပြီးတော့ လုပ်နေပါတယ်။ လုပ်ငန်းခွင်မှာက ကားတွေကျပ်၊ မီးပွိုင့်တွေအောက်မှာ မြေအောက်ကြိုးတွေ၊ ပိုက်လိုင်းတွေ၊ ဓာတ်ကြိုးတွေအပြင် အပေါ်ဓာတ်ကြိုးတွေကိုလည်း မြှောက်ပေး၊ ပင့်ပေးပြီး ခက်ခက်ခဲခဲနဲ့ အချိန်ယူကာ နေ့လုပ်လို့မရတာတွေ ညမှလုပ်ရတာတွေရှိတယ်။ ဒါတွေကို သက်ဆိုင်ရာဌာနတွေအလိုက် ပူးပေါင်းလုပ်ဆောင်နေရတာဖြစ်တယ်။ ကျွန်တော်တို့ပဲ လုပ်လို့မရဘူး။ အခက်အခဲက ဘာဖြစ်နေလဲဆိုတော့ လျှပ်စစ်ဓာတ်အားပေးကြိုးတွေနဲ့ မလွတ်ကင်းဘူး။ လျှပ်စစ်နဲ့ညှိနှိုင်းပြီးတော့ လုပ်နေရတာ။ သူတို့ဘက်ကလုပ်ပေးမှ အဆင်ပြေပြေ လုပ်လို့ရတာဖြစ်တယ်။ အဲဒီတော့ ကြန့်ကြာမှုတွေရှိတယ်။ သူတို့ဘက်က အဆင်ပြေရင် ပြေသလို ကျွန်တော်တို့ဘက်ကတော့ အချိန်နဲ့တစ်ပြေးညီ ပြီးစီးဖို့ ကြိုးပမ်းလုပ်ဆောင်နေပါတယ်"ဟု တင်ဒါအောင် မြန်မာရွှေယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ခေတ်မီမီးပွိုင့်နှင့် ဗဟိုထိန်းချုပ်ရေးစနစ် လုပ်ငန်းဆောင်ရွက်ရာတွင် ဗဟိုထိန်းချုပ်ရေးစင်တာအနေဖြင့် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သော်လည်း ရန်ကုန်မြို့တွင်း မီးပွိုင့်အချက်ပြတိုင်များစိုက်ထူရာတွင် ပထမဦးစားပေးနှင့် ဒုတိယ ဦးစားပေးဟူ၍ ခွဲခြားသတ်မှတ်ကာလုပ်ဆောင်လျက်ရှိသည်။ ပထမဦးစားပေး လုပ်ငန်းများထဲတွင် လမ်းအလိုက်သတ်မှတ်ရာ၌ ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်း၊ ဘုရင့်နောင်လမ်း၊ ပါရမီလမ်းနှင့် အောက်မင်္ဂလာဒုံလမ်းမကြီးငါးခုတို့ကို အောက်တိုဘာလကုန်ပြီးစီးဖွင့်လှစ်နိုင်ရန်နှင့် ဒုတိယဦးစားပေးဖြစ်သည့် ဗဟိုလမ်း၊ အင်းစိန်လမ်းမကြီး၊ သုဓမ္မာဝေဇယန္တာလမ်း၊ သမိုင်း၊ ကျိုက်ဝိုင်း ဘုရားလမ်း၊ လှည်းတန်းတက္ကသိုလ်ရိပ်သာလမ်းနှင့် အလုံကန်တော်ကြီးလမ်းတို့ကို နောက်အကျဆုံး ယခုနှစ်ကုန် ဒီဇင်ဘာလပိုင်းထဲတွင် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများကို တရုတ်နိုင်ငံမှ နည်းပညာရှင်နှင့် ကျွမ်းကျင်ဝန်ထမ်း ၅၀၊ မြန်မာနိုင်ငံမှ အင်ဂျင်နီယာ ပညာရှင်များနှင့် ကျွမ်းကျင်ဝန်ထမ်း ၈၀ စုစုပေါင်း ဝန်ထမ်း ၁၃၀ တို့ဖြင့် ဆောင်ရွက်လျက်ရှိကာ လတ်တလော ရန်ကုန်မြို့တွင်း မီးပွိုင့် ၇၅ ခုတွင် တိုင်များစိုက်ထူပြီး အချက်ပြအဆင့်မြင့် ကင်မရာများကိုလည်း တစ်ချိန်တည်း တပ်ဆင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ခေတ်မီမီးပွိုင့်နှင့် ဗဟိုထိန်းချုပ်ရေးစနစ်တွင် ရန်ကုန်မြို့တွင်း မီးပွိုင့် ၁၅၄ ခုနှင့် အဝိုင်းပတ်သုံးခုတို့ကို ထိန်းချုပ်စနစ်တပ်ဆင် ကွပ်ကဲသွားမည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုနေသော အဆင့်မြင့် စနစ်များနည်းတူ အလိုအလျောက် ထိန်းချုပ်ရေးစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

❊ *ကျောဖုံးမှ*

မုတ်သုံကတော့ ထွက်သွားပါပြီ။ ဒါပေမယ့်လည်း ပြီးခဲ့တဲ့ရက်ပိုင်းတွေတုန်းက ဗီယက်နမ်နိုင်ငံကို ဖြတ်ဝင်သွားတဲ့ အပူပိုင်းမုန်တိုင်းငယ်လေးတစ်လုံးက အနောက်ဘက်ကို ဆက်ရွေ့လျားသွားတဲ့အခါမှာ ကျန်နေတဲ့ လေပွေလှိုင်းတွေနဲ့ အကြွင်းအကျန်တိမ်တိုက်တွေကြောင့် အခုလက်ရှိမြန်မာနိုင်ငံအတွင်းမှာ မိုးကဆက်လက်ရွာသွန်းနေတာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ထို့အပြင် ဖိလစ်ပိုင်ပင်လယ်ပြင်၌ ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း စရီကာ (Sarika) သည် တောင်တရုတ်ပင်လယ်ပြင်သို့ ရောက်ရှိနေပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိကြောင်း၊ အဆိုပါ မုန်တိုင်းကြောင့်လည်း နောက်နှစ်ရက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုမိုရွာသွန်းလာနိုင်ကြောင်း သိရသည်။

" လက်ရှိ တိုင်ဖွန်းမုန်တိုင်းငယ် စရီကာကလည်း ဖိလစ်ပိုင်ကို ဖြတ်သွားပြီး တောင်တရုတ်ပင်လယ်ပြင်ထဲကို ရောက်လာနေပြီ။ သူ့ရဲ့ရွေ့လျားမှုကလည်း အနောက်ဘက်ကို ရွေ့လျားနေတဲ့အတွက်ကြောင့် မိုးရွာသွန်းမှုကလည်း မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာ အရွာများနေတဲ့ အနေအထားမျိုးလေးတွေရှိတယ်။ အဓိကကတော့ စရီကာမုန်တိုင်းက တောင်တရုတ်ပင်လယ်ပြင်ထဲကိုတော့ ရောက်နေပြီ။ မြန်မာနိုင်ငံနဲ့တော့ ဝေးတော့ ဝေးသေးပါတယ်။ ဒါပေမယ့် သူ့ကိုတော့ နည်းနည်းလေးစောင့်ကြည့်ရမှာပေါ့။ သူကလည်း ဗီယက်နမ်နိုင်ငံကိုဖြတ်ဖို့ ဆက်ရွေ့လာရင် မြန်မာနိုင်ငံတောင်ပိုင်းဒေသ၊ အောက်ပိုင်းဒေသတွေ မိုးဆက်ရွာဦးမှာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၃၊ ၁၄ ရက်လောက်က ဗီယက်နမ်နိုင်ငံကို ဝင်သွားတဲ့ အပူပိုင်းမုန်တိုင်းငယ်လေးတစ်ခုရဲ့ အရှိန်ကြောင့် အခုလက်ရှိ မြန်မာနိုင်ငံမှာ မိုးရွာသွန်းနေသလို တောင်တရုတ်ပင်လယ်ပြင်မှာဖြစ်နေတဲ့ တိုင်ဖွန်းမုန်တိုင်း စရီကာကလည်း ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ဦးမယ်ဆိုတော့ အဲ့ဒီမုန်တိုင်းအရှိန်ကြောင့်လည်း ထပ်ပြီး မြန်မာနိုင်ငံတောင်ပိုင်းနဲ့ အောက်ပိုင်းဒေသတွေမှာ မိုးဆက်လက်ရွာမယ့် အလားအလာတွေ ရှိနေပါတယ်" ဟု ဦးလှထွန်းက ဆက်လက်ပြောသည်။

အဆိုပါမုန်တိုင်းအပြင် ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်း၊ အနောက်မြောက်ပိုင်းတွင် နောက်မုန်တိုင်းတစ်လုံးလည်း ဆက်ရှိသေးကြောင်း၊ အဆိုပါ မုန်တိုင်း၏ရွေ့လျားမှုသည် အနောက်၊ အနောက်မြောက်ဘက်သို့ ဦးတည်သဖြင့် တောင်တရုတ်ပင်လယ်ပြင်ထဲကို ရောက်လာနိုင်ကြောင်း ၎င်းက ပြောသည်။

"ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းမှာ နောက်ထပ်မုန်တိုင်းတစ်လုံး ဆက်ရှိသေးတယ်။ နောက်ထပ် တောင်တရုတ်ပင်လယ်ပြင်ထဲကို ရောက်လာတာနဲ့အမျှ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တွေမှာတော့ မိုးဆက်ရွာနေဦးမယ်။ နောက်တစ်ခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာလည်း အဲ့ဒီမုန်တိုင်းတွေနဲ့ ဆက်စပ်နေတဲ့ အရှေ့ဘက်က လေပွေလှိုင်းတွေကြောင့် မြန်မာနိုင်ငံကို ဖြတ်လာရင်လည်း မိုးဆက်ရွာဦးမယ်ဆိုတော့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးမှာ နောက်ထပ်လေး၊ ငါးရက်လောက် မိုးဆက်ရွာနေဦးမယ်။ မုန်တိုင်းတွေရဲ့အရှိန်ကြောင့် မြန်မာနိုင်ငံအရှေ့ပိုင်း ရှမ်းပြည်နယ်မှာ မိုးရွာနေဦးမယ်" ဟု ဦးလှထွန်းက ပြောသည်။

**သတင်း - တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - (မိုး/ဇလ)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၄ ရက်မှ အောက်တိုဘာ ၁၀ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

*(၁၅ - ၁၀ - ၂၀၁၆ မှ အဆက်)*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၂ | ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ) | အောင်မြင်ကျော်ကြားသည့် ရှေ့နေ ဖြစ်နည်းလမ်းညွှန် | ၇၀၀၀ိ/- | လွင်စာပေ |
| ၂၃ | ဆန်းလင်းထွန်း | အင်္ဂလိပ်စကားပြောအီဒီယမ် | ၂၀၀၀ိ/- | ရူပစာပေ |
| ၂၄ | ဆန်းလင်းထွန်း | အလိုအပ်ဆုံး အင်္ဂလိပ်အီဒီယမ် | ၂၀၀၀ိ/- | ရူပစာပေ |
| ၂၅ | ဆောင်းဖြူ | ရန်ကုန်ဟာ မလုံခြုံတော့ဘူးနှင့် လူမှုရှုခင်းစာစုများ | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၆ | နေအိမ်ဝန်း ကဉ္စနာ | ဆန့်ကျင်စာသားများ တလိမ့်လိမ့်ကမ္ဘာ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၇ | စမ်းစမ်းနွဲ့(သာယာဝတီ) | သံသရာရေးတစ်ကျိုက်နှစ်ကျိုက်နှင့်မဂ္ဂဇင်းဝတ္ထုတိုများ | ၄၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၂၈ | ဗိုသံ | အောက်ပါကာတွန်းများကို စာဆယ်ကြောင်းခန့် ဝေဖန်ပါ | ၂၀၀၀ိ/- | စာပေနန်းတော် |
| ၂၉ | ဖြိုးသာရ | အဌမမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း | ၆၀၀ိ/- | အားမာန်သစ်စာပေ |
| ၃၀ | မင်းသိင်္ခ | မောင်မင်းကြီးသားမောင်မြဖေ | ၈၀၀၀ိ/- | မျက်ပွင့်စာပေ |
| ၃၁ | မျိုးမြင့်ထိုက် | Cracker လမ်းညွှန် | ၉၀၀၀ိ/- | မျက်ပွင့်စာပေ |
| ၃၂ | ကျော်လှိုင် | မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သူတော်ကောင်းနှလုံးရည် | ၁၂၀၀ိ/- | ရှင်မတောင်စာပေ |
| ၃၃ | ဦးဝင်းထိန် | ဗိုလ်ကြီးအုန်းကျော်မြင့် နိုင်ငံတော် လုပ်ကြံမှု | ၃၀၀၀ိ/- | အိပ်မက်သစ်စာပေ |
| ၃၄ | အောင်လှိုင် | နောင်နှစ် ၁၀၀ အတွင်း ကမ္ဘာကိုကိုင်လှုပ်မည့် အပြောင်းအလဲများ | ၂၅၀၀ိ/- | စိုးစံစာပေ |
| ၃၅ | ရဲနိုင် | မိန်းမဖျက်၍ ပြည်ပျက်သည်ဟု မည်သူပြောသနည်းနှင့် အခြားဆောင်းပါးများ | ၁၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၃၆ | မစန္ဒာ၊ ဟန်သုသော်၊ အညို | မျက်နှာဖုံးနှင့်လူ | ၂၀၀၀ိ/- | ကောင်းဆုသာစာပေ |
| ၃၇ | သက်လှိုင်မျိုး | နိုင်ငံခြားသဘော်သားဘဝနှင့်အခြားဝတ္ထုတိုများ | ၁၅၀၀ိ/- | ရန်အောင် ၁ စာပေ |
| ၃၈ | မင်းဝင်းထိန် | စီးပွားဖြစ်သဘော်စိုက်ပျိုးရေး | ၂၂၀၀ိ/- | ဘုရင်မစာပေ |
| ၃၉ | မြတ်ငြိမ်း-မြန်မာပြန် | မူးပဲအစဖြင့် ထူးကဲဘဝ တည်ဆောက်သူများ | ၂၀၀၀ိ/- | ကိုနေမန်းစာပေ |
| ၄၀ | ဖိုးခွား၊ လင်းဇင်ယော် | ဆုံမှတ် | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၁ | စိမ့်(ပညာရေး) | စလင်းစုဖုရားနှင့် ရတနာပုံမန္တလေး နန်းတွင်းလျှို့ဝှက်ဇာတ်လမ်းများ | ၂၀၀၀ိ/- | အားမာန်သစ်စာပေ |
| ၄၂ | နိုင်ဦး | ဟီလာရီကလင်တန် ခက်ခဲသောရွေးချယ်မှု | ၃၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၃ | ဦးတိုး(တက္ကသိုလ) | ESSAY AND LETTER WRITING FOR GAl STUDENTS | ၅၀၀၀ိ/- | ကလောင်သစ်စာပေ |
| ၄၄ | စိုးခိုင်ညိန်း | ဒိုင်ယာရီထဲက ဒဏ္ဍာရီအဖြစ်အပျက်များ | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၅ | ချစ်ဦးညို | သမိုင်းမတွင် သမိုင်းဝင်နေတဲ့စကားများ | ၄၀၀၀ိ/- | လင်္ကာဒီပ |
| ၄၆ | ဒေါက်တာမျိုးဝင်း | အတွေးနှိုးစာအချို့ | ၁၅၀၀ိ/- | ဆုစာပေ |
| ၄၇ | ပန်းချီ-မျိုးမာန် | ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ အခါတော်နေ့များ | ၁၅၀၀ိ/- | မြင့်မိုရ်မေမေစာပေ |
| ၄၈ | ဇာတ်လမ်း-ဇွန်ပွင့် | သူငယ်ချင်းလေးပစ်တိုင်းထောင် | ၁၅၀၀ိ/- | ရုပ်ပြောင်စာပေ |
| ၄၉ | ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော | ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့ | ၇၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၀ | ဒဂုန်တာရာ | မေ | ၃၀၀၀ိ/- | နှစ်ကာလများ |
| ၅၁ | မောင်တွေးတက် | ကျွန်တော်သိသော လွှတ်တော်ကိုယ်စားလှယ်များ(၂) | ၂၅၀၀ိ/- | မဇ္ဈိမ |
| ၅၂ | သစ္စာဝါဒီ ဆရာမြတ်စောလင်း | မဟာဘုတ် ဒဿန | ၁၅၀၀ိ/- | ဟန်သာဆု |
| ၅၃ | သတင်းထောက် ဝင်းမြင့်ကြီး | ကာမနှင့်ယှဉ်သော လူသတ်မှုများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅၄ | ခင်ဝမ်း | စိတ္တဇပန်းချီ | ၄၀၀၀ိ/- | အလင်းသစ် |
| ၅၅ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | ရန်ကုန်မြို့ပေါ်က သူပုန် | ၆၀၀၀ိ/- | လွင်ဦး |
| ၅၆ | ဆောင်းဝင်းလတ် | အိမ်ဖြူတော်ရဲ့သမ္မတကတော်များ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |

*(ဆက်လက်ဖော်ပြပါမည်)*




# ရွေးကောက်ပွဲတွင် ကလင်တန်အနိုင်ရရှိရန် အခွင့်အလမ်းများလျက်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၁၆**

ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်သည် ယှဉ်ပြိုင်ဘက်ရီပတ်ဘလစ်ကန်သမ္မတလောင်းနှင့်အတူ ခက်ခဲသော ရက်သတ္တပတ်တစ်ခု ကုန်လွန်ပြီးသည့်နောက် ရွေးကောက်ပွဲတွင် အနိုင်ရရန် ခိုင်မာသည့်အားသာချက်ရှိနေပြီး အမေရိကန်သမ္မတဖြစ်လာရန် သေချာနေကြောင်း နောက်ဆုံးထွက်ပေါ်နေသောသတင်းများအရ ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အကယ်၍ ရွေးကောက်ပွဲကို ယခုရက်သတ္တပတ်၌သာ ကျင်းပခဲ့မည်ဆိုလျှင် ကလင်တန်အနေဖြင့် ထောက်ခံမဲ ၂၇၀ လိုအပ်လျက်ရှိပြီး အနိုင်ရရှိရန် ၉၅ ရာခိုင်နှုန်းကျော်လောက် ခိုင်မာသေချာလျက်ရှိသည်ဟု အမျိုးသားစီမံကိန်းအဖွဲ့က ထုတ်ပြန်ခဲ့သည်။ အချို့ကမူ ကလင်တန်အနိုင်ရရှိရန် ၉၀ ရာခိုင်နှုန်းသေချာနေကြောင်း ပြောဆိုလျက်ရှိသည်။

ထရန့်အတွက် နောက်ထပ်အရေးကြီးသည့် မဲဆန္ဒနယ်တစ်ခုဖြစ်သည့် အိုဟိုင်းယိုးတွင် ယခုထက်တိုင်ယှဉ်ပြိုင်မှုမှာ ကျပ်တည်းနေဆဲဖြစ်သည်။ အိုဟိုင်းယိုးနှင့် နီဗာဒါဒေသနှစ်ခုလုံးသည် ပြီးခဲ့သည့်ရက်သတ္တပတ်က ကလင်တန်ဘက်သို့ တိမ်းညွတ်လျက်ရှိပြီး ယခုအခါတွင် ခေါင်းပန်းလှန်ရမည့်အခြေအနေမျိုး ဆိုက်ရောက်လျက်ရှိသည်။ သို့သော်လည်း မြောက်ကာရိုလိုင်းနားဒေသနှင့် ကိုလိုရာဒိုတွင် ကလင်တန်ကို ထောက်ခံသူအရေအတွက်မှာ တိုးပွားလာနေဆဲဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# ဗီယက်နမ်၌ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ ခုနစ်ဦးအထိရှိလာ

**ဟိုချီမင်း အောက်တိုဘာ ၁၆**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်၌ စနေနေ့က အမျိုးသမီးနှစ်ဦး ဇီကာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း တွေ့ရှိရပြီးနောက်တွင် နိုင်ငံအတွင်း ဇီကာဖြစ်ပွားသည့် လူ ခုနစ်ဦးမြောက်ရှိခဲ့ပြီ ဖြစ်ကြောင်း Ho Chi Minh City Pasteur တက္ကသိုလ်မှ သိရသည်။

မြို့တော်၏ ခရိုင်အမှတ် (၂)မှ အသက် ၂၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် ခရိုင်အမှတ်(၁၂)မှ အသက် ၄၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့တွင် ရောဂါဖြစ်ပွားကြောင်းတွေ့ရှိရပြီး ကယ်ဆယ်မှုပြုလုပ်ထားကြောင်း သိရသည်။

ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူ ခုနစ်ဦးအနက် လေးဦးမှာ မြို့တော်ဟိုချီမင်းမှဖြစ်ပြီး တစ်ဦးမှာ တောင်ပိုင်းဘင်ဒွေါင်ပြည်နယ်မှဖြစ်ကာ နှစ်ဦးမှာ အလယ်ပိုင်း ခန်ဟွာပြည်နယ်နှင့် ဖူရန်ပြည်နယ်တို့မှ ဖြစ်သည်။



ဗီယက်နမ်ကျန်းမာရေးဝန်ကြီးက ကျန်းမာရေးဌာနများနှင့် ဒေသခံများအား ရောဂါဖြစ်ပွားမှုကို အနီးကပ်စောင့်ကြည့်ရန်၊ နမူနာပုံစံယူ၍ စစ်ဆေးစမ်းသပ်ရန်၊ ခြင်၊ ခြင်သားပေါက်များကို နှိမ်နင်းရန်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို စောင့်ကြည့်ဂရုစိုက်ရန် တိုက်တွန်းမှာကြားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အပြန်အလှန် သေနတ်ပစ်ခတ်မှုများကြောင့် လူသုံးဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရ

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၁၆**

လော့စ်အိန်ဂျလိစ်၌ စနေနေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သံသယရှိသူတစ်ဦးကို တရားစွဲဆိုဆောင်ရွက်ရန် ရဲများကဖမ်းဆီးထားသည်။ လော့စ်အိန်ဂျလိစ်မြို့တော်အနောက် အာဒမ်စ်ဒေသတွင်ဖြစ်ပွားခဲ့သော အဆိုပါသေနတ်ပစ်ခတ်မှုတွင် ပါဝင်ပတ်သက်နေသည့် နောက်တစ်ဦးကို ရဲများကရှာဖွေစုံစမ်းလျက်ရှိသည်။

သေနတ်ပစ်ခတ်မှုသည် အဆိုပါဒေသရှိ ယာယီစားသောက်ဆိုင်တစ်ခုတွင် ဖြစ်ပွားခဲ့ပြီး ရဲအဖွဲ့သည် အခင်းဖြစ်ပွားရာနေရာသို့ ဒေသစံတော်ချိန် နံနက် ၁၂ နာရီခွဲအချိန်တွင် ရောက်ရှိခဲ့သည်။

နေရာအနှံ့တွင် သေနတ်ကျည်ဆန်အခွံများ ပြန့်ကြဲကာ သွေးထွက်သံယိုမြင်ကွင်းတစ်ခုကို တွေ့မြင်ခဲ့ရကြောင်း လော့စ်အိန်ဂျလိစ်ရဲဌာနမှ တပ်ကြပ်ကြီး ဖရန့်ပရီဆီရာဒိုက ပြောကြားခဲ့သည်။ အဆိုပါနေရာ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် လူအယောက် ၅၀ ခန့် ရှိနေခဲ့ကြောင်း သိရသည်။

အမျိုးသားသုံးဦးသည် စားသောက်ဆိုင်မှထွက်သွားခဲ့ပြီး လက်နက်များယူဆောင်ကာ ပြန်လည်ဝင်ရောက်လာပြီးနောက် လူတစ်စုကို သေနတ်များဖြင့် စတင်ပစ်ခတ်ခဲ့ကြောင်း၊ စားသောက်ဆိုင်တွင်ရှိနေသည့် အခြားတစ်ဖွဲ့ကလည်း သေနတ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြင့် ဆူညံသွားခဲ့ကြောင်း ပရီဆီရာဒိုက ဒေသမီဒီယာသို့ ပြောကြားခဲ့သည်။

၄င်းတို့ရောက်ရှိသွားသည့်အချိန်တွင် လူသုံးဦးသေဆုံးနေပြီး ဒဏ်ရာရရှိသူအများအပြားရှိခဲ့ကြောင်း ပရီဆီရာဒိုကပြောပြခဲ့သည်။
**(ဆင်ဟွာ)**

# ယီမင်၌ ထိန်းသိမ်းထားသည့် အမေရိကန်နိုင်ငံသားနှစ်ဦး အိုမန်သို့ ထွက်ပြေးလွတ်မြောက်

**ဆာနား အောက်တိုဘာ ၁၆**

ယီမင်ရှိ ဟူသီသူပုန်တို့ထိန်းသိမ်းထားသည့် အမေရိကန်နိုင်ငံသားနှစ်ဦးသည် အိမ်နီးချင်းဒေသဖြစ်သည့် အိုမန်သို့ ထွက်ပြေးလွတ်မြောက်သွားပြီဖြစ်ကြောင်း အိုမန်အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံမြို့တော် လော်ဆန်နီတွင် ကယ်ရီက သတင်းထောက်များအား အမေရိကန်သည် ယီမင်တွင် ဆော်ဒီအာဏာပိုင်များနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ယီမင်မြို့တော်ဆာနားရှိ အသုဘအခမ်းအနားတစ်ခုတွင် လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် လူ ၁၄၀ သေဆုံးခဲ့ရပြီးနောက် ဆော်ဒီဦးဆောင်သည့် မဟာမိတ်ညွန့်ပေါင်းအဖွဲ့များသည် ပြင်းထန်သည့်ဝေဖန်ထိုးနှက်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အမေရိကန်အစိုးရက အိုမန်အစိုးရအား အကျဉ်းသားနှစ်ဦးကို လက်ခံခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်။ အဆိုပါအကူအညီကို လူသားချင်းစာနာထောက်ထားစွာ ပြုမူခြင်းဟု အသိအမှတ်ပြုခဲ့သည်။

အမေရိကန်နိုင်ငံက ယီမင်၌ဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် လူတစ်သောင်းခန့် သေဆုံးခဲ့ရသည်ဟု ခန့်မှန်းပြောဆိုခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လကတည်းက အရပ်သား ၃၈၀၀ သေဆုံးခဲ့ရပြီး ၆၀ ရာခိုင်နှုန်းမှာ မဟာမိတ်တပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပြစ်တင်ပြောဆိုခဲ့သည်။
**(ရိုက်တာ)**



# မြောက်ကိုရီးယား၏ တာလတ်ပစ်ဒုံးကျည် စမ်းသပ်မှု မအောင်မြင်

**ဆိုးလ် အောက်တိုဘာ ၁၆**

မြောက်ကိုရီးယားနိုင်ငံသည် တနင်္ဂနွေနေ့အစောပိုင်းက တာလတ်ပစ်ဒုံးကျည်တစ်စင်းကို ပစ်လွှတ်ရာတွင် မအောင်မမြင်ဖြစ်ခဲ့ကြောင်း တောင်ကိုရီးယားပူးတွဲရုံးအဖွဲ့အကြီးအကဲများက ပြောကြားခဲ့သည်။

အဆိုပါ တာလတ်ပစ်မူဆူဒန်ဒုံးကျည်သည် ခန့်မှန်းခြေ ကီလိုမီတာ ၄၀၀၀ (မိုင်ပေါင်း ၂၅၀၀) အထိ ပစ်ခွင်းနိုင်ရန် ခန့်မှန်းထားပြီး ထိုပမာဏသည် တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန်နယ်နိမိတ်ဖြစ်သည့် ဂူအမ်ဒေသတို့ကို ကောင်းစွာထိမှန်နိုင်သည့် အကွာအဝေးဖြစ်သည်။

အဆိုပါ သတင်းထွက်ပေါ်လာမှုအပေါ် ပြုံယမ်းမှတုံ့ပြန်မှုမရှိသေးပေ။ မြောက်ကိုရီးယားသည် ကုလသမဂ္ဂက နျူကလီးယားလက်နက်နှင့်ပတ်သက်သည့် မည်သည့်စမ်းသပ်မှုကိုမျှ မပြုလုပ်ရန် တားမြစ်ထားသော်လည်း ယခုနှစ်အတွင်း ဒုံးခွင်းဒုံးစမ်းသပ်မှုများစွာကို လုပ်ဆောင်ခဲ့သည်။

မြောက်ကိုရီးယားက နောက်ထပ်တာဝေးပစ်နျူကလီးယားဒုံးကျည်တစ်စင်း ပစ်လွှတ်ဦးမည်ဟူသော သတင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေကြချိန်တွင် ယခုစမ်းသပ်ပစ်လွှတ်မှု ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# ဒုက္ခသည်အရေး အကူအညီမပေးလိုသူ ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဗန်

❊ ကလျာမိုးမြင့် ❊

**ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း ဟန်ဂေရီမှာပြုလုပ်ခဲ့တဲ့ ရွှေ့ပြောင်း သွားလာဝင်ရောက်မှုကို ဆန့်ကျင်တဲ့ ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲဟာ မဲဆန္ဒရှင်အဖွဲ့အစည်းရဲ့ထက်ဝက်လောက်တောင် မဲထည့်ဝင်သူမရှိခဲ့တဲ့အတွက် အတည်ပြုနိုင်ခြင်းမရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဟန်ဂေရီအနေနဲ့ ဒုက္ခသည်တွေ ကို မျှဝေလက်ခံပေးဖို့ဆိုတဲ့ ဥရောပသမဂ္ဂရဲ့ လိုလားချက်တွေ ကို ငြင်းဆန်ဖို့ ဝန်ကြီးချုပ်ဗစ်တာအော်ဗန်ရဲ့ အဆိုကို ပြည်သူ ၃ ဒသမ ၃ သန်း(သို့မဟုတ်) ၉၈ ရာခိုင်နှုန်းလောက်က ထောက်ခံခဲ့ကြတဲ့အတွက် ဒုက္ခတွေ့နေရပါတယ်။**

**ဥရောပကို တုန်လှုပ်စေခဲ့တဲ့ လက်ယာအုပ်စုနိုင်ငံရေး ပါတီများရဲ့ အရင်းရှင်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မစ္စတာ အော်ဗန်ဟာ အမေရိကန်ဒေါ်လာ ၃၆ သန်းကို အစိုးရရန်ပုံငွေ အဖြစ် အသုံးပြုခဲ့ပြီး ဆန္ဒခံယူပွဲမှာ သိသာထင်ရှားတဲ့ နိုင်ငံရေး ဆိုင်ရာ အရင်းရှင်အစုအဝေး တစ်ရပ်အနေနဲ့ စွန့်စားခဲ့ပါတယ်။ ၎င်းဟာ အခြားသူတွေကို ဖယ်ရှားရှင်းလင်းတဲ့ မူဝါဒလမ်းစဉ်ကို ကျင့်သုံးနိုင်မယ့် အခွင့်အာဏာရရှိရေး ကြိုးပမ်းနေသူဖြစ်ပြီး ရည်ရွယ်ချက်တူ အစိုးရအဖွဲ့ကို ၎င်းကိုယ်တိုင်ပြင်ဆင်ဖွဲ့စည်းကာ နိုင်ငံ အသီးသီးမှာ အာဏာကြီးထွားလာအောင် ပြုလုပ်ဖို့ အပြင်း အထန် အင်အားစိုက်ထုတ်နေပါတယ်။ ဒီပန်းတိုင်ရောက်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကိုသုံးပြီး မဖြစ်မနေကြိုးစားသွားမယ်လို့ မစ္စတာ အော်ဗန်က ပြောဆို နေပါတယ်။ ဒီချဉ်းကပ်မှုကို မဲဆန္ဒရှင်တွေက ငြင်းဆန်ကောင်း ငြင်းဆန်နိုင်ပါတယ်။**

ဥရောပနဲ့ ဥရောပသမဂ္ဂဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ အလုပ်လက်မဲ့ဦးရေ မြင့်တက်နေတဲ့ တစ်ချိန်တည်းမှာပဲ အလုံးအရင်းနဲ့ ဝင်ရောက်လာတဲ့ ဒုက္ခသည်တွေနဲ့ အကျပ်အတည်းတစ်ခုကို ရင်ဆိုင်နေရတယ်ဆိုတာဟာ သံသယဖြစ်စရာမလိုတဲ့အချက်ပါ။ ထွက်ပေါ်လာတဲ့ ရလဒ်ကတော့ ဥရောပနိုင်ငံသားမြောက်မြားစွာဟာ အစိုးရရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတွေထဲမှာ ယုံကြည်မှုတွေ ပျောက်ဆုံးခဲ့ရပြီးနောက်မှာ ၎င်းတို့ရဲ့ အလုပ်အကိုင်တွေကို ကာကွယ်ပေးမယ်၊ အမျိုးသား နယ်စပ်ဒေသဝင်ပေါက်ကို ပိတ်ဆို့ပြီး ဥရောပတစ်တိုက် လုံးနဲ့ဆိုင်တဲ့ ဖြေရှင်းမှုတွေကို ငြင်းပယ်ကာ ၎င်းတို့ရဲ့အသက် အိုးအိမ်စည်းစိမ် လုံခြုံရေးအကာအကွယ်ပေးသွားမယ်လို့ ကတိပေးအပ်လိုက်တဲ့ မစ္စတာအော်ဗန်ကို လူထုကိုကိုယ်စားပြုမယ့် မျိုးချစ်ခေါင်းဆောင်တစ်ဦးအနေနဲ့ ထောက်ခံမှုပေးဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ရည်ရွယ်ချက်တူ အစိုးရအုပ်စုသာ အသက်ဝင်ရှင်သန်လာမယ်ဆိုရင် ဥရောပခေါင်းဆောင်တွေဟာ ပျောက်ဆုံးသွားတဲ့ ပြည်သူ့ယုံကြည်မှုကို ပြန်လည်ထူထောင်ပြီး ပြဿနာကို ဖြေရှင်းရာမှာလည်း ဒီထက်ပိုပြီးကောင်းအောင် ရှင်းရှင်း လင်းလင်းပြတ်ပြတ်သားသား လုပ်ဆောင်ရတော့မှာပါ။ မတ်လအတွင်းက ဥရောပခေါင်းဆောင်တွေဟာ တူရကီနဲ့ စာချုပ်ချုပ်ဆိုခြင်းအားဖြင့် ဒုက္ခသည်ဝင်ရောက်မှုနှုန်းကို လျော့ကျအောင် လုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့ကလည်း အာဖဂန်နိုင်ငံသားထောင်ပေါင်းများစွာကို နေရပ်ပြန်ပို့ဖို့ အာဖဂန်နစ္စတန်နဲ့ သဘောတူစာချုပ်ချုပ်ဆိုမှုကို ကြေညာခဲ့ပါတယ်။ ဒါပေမယ့် ဒါတွေအားလုံးဟာ ယာယီဖြေရှင်းမှုလောက်သာ ဖြစ်ပြီး ပြီးမြောက်တဲ့ လုပ်ဆောင်မှုလို့ ပြောလို့မရပါဘူး။ ပဋိပက္ခအန္တရာယ်တွေကနေ ထွက်ပြေးတိမ်းရှောင်နေကြတဲ့ ပြည်သူသန်းပေါင်းများစွာကို ဒီထက်ပိုပြီးသာတူညီမျှခွဲဝေတာဝန်ယူဆောင်ရွက်ပေးမယ့် ကတိကဝတ်တွေအရေးပေါ်လိုအပ်နေတာဖြစ်ပါတယ်။ ရွှေ့ပြောင်းသွားလာသူတွေအတွက် အဓိကဝင်ပေါက်တွေဖြစ်တဲ့ ဂရိနဲ့အီတလီကို ဖိအားကျရောက်မှုကနေ သက်သာစေဖို့ ဒုက္ခသည်ပေါင်း ၁၆၀၀၀၀ ကို အဖွဲ့ဝင်နိုင်ငံအသီးသီးမှာနေရာချထားပေးလိုတဲ့ ဥရောပသမဂ္ဂရဲ့အစီအစဉ်ကိုမနှစ်မြို့တဲ့အတွက် ပြည်လုံးကျွတ် ဆန္ဒခံယူမှုပြုလုပ်ခဲ့တာပါ။

မနှစ်ကကြုံတွေ့ခဲ့ရတဲ့ ရွှေ့ပြောင်းသွားလာမှု ပြဿနာအတွင်းမှာ ရွှေ့ပြောင်းသွားလာမှု အချက်အချာလမ်းကြောင်းဖြစ်တဲ့ ဟန်ဂေရီဟာ လူဦးရေ ၁၀ သန်းနီးပါးရှိတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ နိုင်နင်းတဲ့ အရေအတွက်ပမာဏဖြစ်တဲ့ဒုက္ခသည် ၁၂၉၄ ဦးကိုခိုလှုံခွင့်ပေးဖို့တောင်းဆို ခံခဲ့ရပါတယ်။



ဟန်ဂေရီအာဏာပိုင်တွေက ကြီးမားများပြားလှတဲ့ အစ္စလာမ်ဒုက္ခသည်အရေအတွက်ကြောင့် နိုင်ငံ့လုံခြုံရေး ထိခိုက်လာမယ့်အန္တရာယ်ကို အကြီးအကျယ်ကြောက်လန့်ခဲ့ကြတယ်။ ဆန္ဒခံယူပွဲကျင်းပမှုကိုဝန်ကြီးချုပ်မစ္စတာ အော်ဗန်က ဥရောပမှာရှိတဲ့ ခရစ်ယာန်ဘာသာဝင်တွေရဲ့ ဂုဏ်သိက္ခာကို ကာကွယ်တဲ့ ကြိုးပမ်းမှုအဖြစ် အနားကွပ်လိုက်ပါတယ်။ ဒီလိုပြုမူလိုက်ပုံက ၁၉၅၆ ခုနှစ်တုန်းက ကွန်မြူနစ်ဝါဒကို ဆန့်ကျင်တဲ့ ပုန်ကန်ထကြွမှုတွေ မအောင်မမြင်ဖြစ်ပြီး ဟန်ဂေရီနိုင်ငံသားနှစ်သိန်းလောက်ကို တခြားနိုင်ငံတွေက ဘယ်လို လက်ခံကြိုဆိုပေးခဲ့ကြတယ် ဆိုတာတွေကို လုံးဝသတိမရတော့တဲ့ ပုံစံမျိုးဖြစ်နေပါတယ်။

ပြီးခဲ့တဲ့နှစ်က မစ္စတာ အော်ဗန်ဟာ စစ်ပွဲက ထွက်ပြေးလာသူတွေ ဝင်ရောက်မလာအောင် ချွန်ထက်တဲ့ဝိုင်ယာကြိုးတွေနဲ့ နယ်စပ်စည်းရိုးကာခဲ့ ပါတယ်။ ဒါပေမယ့်၎င်းဟာ စရိတ်တတ်နိုင်လောက်အောင် ငွေကြေးချမ်းသာတဲ့ အခြားသောနိုင်ငံခြားသားတွေ အထူး သဖြင့် တရုတ်နိုင်ငံသား အများစုကို ဝမ်းပန်းတသာနဲ့ဝင်ခွင့်ပေးခဲ့ပါတယ်။ ဟန်ဂေရီလိုပဲ အလုပ်လက်မဲ့ဦးရေ ၅၅၀၀၀ လောက်ရှိတဲ့ နိုင်ငံတွေများစွာရှိနေပေမယ့် အဲဒီနိုင်ငံတွေဟာ ဒုက္ခသည်တွေကို ကြိုဆိုခဲ့ကြပါတယ်။ အစိုးရဟာလစ်လပ်နေတဲ့ အလုပ်အကိုင်နေရာတွေကိုလည်း အသေအချာဖြည့်စွက်ဖို့ ဆုံးဖြတ်ထားပြီး ဖြစ်တယ်လို့ ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး ပီတာစီဂျာတိုက The Timesသို့ပြောကြားခဲ့ပါတယ်။

ဘယ်လိုပဲဆိုဆို မစ္စတာ အော်ဗန်နဲ့ ၎င်းကိုထောက်ခံသူတွေကတော့ ဒုက္ခသည်ပြဿနာကို ဖြေရှင်းဖို့ကြိုးစားတဲ့ ဥရောပသမဂ္ဂရဲ့ ကြိုးပမ်းမှုကိုလက်မခံပါဘူး။ နှစ်စဉ်နှစ်တိုင်း ဟန်ဂေရီကို ဒေါ်လာဘီလီယံများစွာ ငွေကြေးထည့်ဝင်နေတဲ့ ဥရောပသမဂ္ဂအဖွဲ့ကြီးကနေ ဟန်ဂေရီအနေနဲ့ နုတ်ထွက်ဖို့လည်း ပြောမှာမဟုတ်ပါဘူး။ အဲဒီအစား မစ္စတာ အော်ဗန်က ချက်သမ္မတနိုင်ငံ၊ ပိုလန်နဲ့ ဆလိုဗက်ကီးယားနိုင်ငံ တွေကိုပါ ဒုက္ခသည်တွေကို ခွဲဝေလက်ခံဖို့ငြင်းဆန်ရာမှာ ပူးပေါင်းပါဝင်လာအောင် နှိုးဆော်ဖို့ကြံရွယ်နေပါတယ်။

ဥရောပခေါင်းဆောင်တွေ အနေနဲ့လည်း အခုအချိန်မှာ ဟန်ဂေရီကိုအပြစ်ဆိုဖို့ စိတ်မပါတဲ့ပုံစံမျိုးဖြစ်နေပါတယ်။ ဒါပေမယ့် အတိုင်းအတာတစ်ခုအထိလောက်တော့ အရေးယူဆောင်ရွက်ဖို့ လိုအပ်နေပါပြီ။

**ကိုးကား-နယူးယောက်တိုင်းမ်**
**၁၀.၁၀.၂၀၁၆**

**ဆန္ဒခံယူပွဲကျင်းပမှုကို ဝန်ကြီးချုပ်မစ္စတာအော်ဗန်က ဥရောပမှာရှိတဲ့ ခရစ်ယာန်ဘာသာဝင်တွေရဲ့ ဂုဏ်သိက္ခာကို ကာကွယ်တဲ့ ကြိုးပမ်းမှုအဖြစ် အနားကွပ်လိုက်ပါတယ်။ ဒီလိုပြုမူလိုက်ပုံက ၁၉၅၆ ခုနှစ်တုန်းက ကွန်မြူနစ်ဝါဒကို ဆန့်ကျင်တဲ့ ပုန်ကန်ထကြွမှုတွေ မအောင်မမြင်ဖြစ်ပြီး ဟန်ဂေရီနိုင်ငံသား နှစ်သိန်းလောက်ကို တခြားနိုင်ငံတွေက ဘယ်လို လက်ခံကြိုဆိုပေးခဲ့ကြတယ် ဆိုတာတွေ ကို လုံးဝသတိမရတော့တဲ့ ပုံစံမျိုးဖြစ်နေ**

# ဖိလစ်ပိုင်မြောက်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်းဝင်ရောက်၍ လူထောင်ပေါင်းများစွာရွှေ့ပြောင်းကယ်ဆယ်ခဲ့ရ

**မနီလာ အောက်တိုဘာ ၁၆**



ဖိလစ်ပိုင်မြောက်ပိုင်းတွင် တနင်္ဂနွေနေ့အစောပိုင်းက တတိယအမျိုးအစား ဆရီဂါမုန်တိုင်းဝင်ရောက်ခဲ့မှုကြောင့် မိုးသည်းထန်စွာရွာသွန်းကာ လေပြင်းများတိုက်ခတ်ခဲ့သဖြင့် လူပေါင်း ၁၂၅၀၀ ကို ကယ်ဆယ်ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

အဆိုပါ တိုင်ဖွန်းဆရီဂါမုန်တိုင်းသည် တစ်နာရီ ၁၅၀ ကီလိုမီတာ( ၉၅ မိုင်) နှုန်းဖြင့် ယခုနှစ်အတွင်း အဆိုးရွားဆုံးတိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါမုန်တိုင်းသည် တနင်္ဂနွေနေ့တွင် အနောက်ဘက်သို့ဆက်လက်ရွေ့လျားကာ လူဇွန်အလယ်ပိုင်းပြည်နယ်ကိုဖြတ်သန်းသွားမည်ဟု မျှော်လင့်ရကြောင်း မိုးလေဝသခန့်မှန်းသူများထံမှ သိရသည်။

မုန်တိုင်းသည် လူဇွန်အလယ်ပိုင်းပြည်နယ်ကို ဖြတ်ကျော်ချိန်တွင် အားပျော့သွားကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကောင်စီက ပြောကြားခဲ့သည်။

သို့ရာတွင် မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်ဖွယ်ရှိသေးကြောင်း သိရသည်။ မုန်တိုင်းဝင်ရောက်မှုကြောင့် မိသားစုဝင်ပေါင်း ၂၅၂ ဦးကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ အပြီးလုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

မုန်တိုင်းကြောင့် ပြည်တွင်းလေကြောင်းခရီးစဉ် ၁၆၀ ခန့်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ မနီလာမြို့တော်နှင့် ပြည်နယ် ၂၀ ကျော်တို့တွင်လည်း တနင်္ဂနွေနေ့ နံနက်ပိုင်းက မုန်တိုင်းသတိပေးချက်များ တိုးမြှင့်ထုတ်ပြန်ထားသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးလယ်ယာဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးမှာ ဖိလစ်ပိုင်နိုင်ငံသုံးငွေ ပီဆို ၅၃ ဒသမ ၅ သန်းခန့်ရှိကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ထားသည်။

(ရိုက်တာ)

# ကော့သောင်းခရိုင် အက်ဒမန်ပင်လယ် သံကျွန်းအနီး တရားမဝင်ထိုင်းငါးခိုးလှေတစ်စင်း ဖမ်းဆီးရမိ

**ကော့သောင်း အောက်တိုဘာ ၁၆**
ကော့သောင်းခရိုင် အက်ဒမန်ပင်လယ်ပြင်အတွင်း သံကျွန်းအနီး တရားမဝင် ထိုင်းငါးခိုးလှေတစ်စင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မြန်မာ့ပင်လယ်ပြင်လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ)က ဖမ်းဆီးဖော်ထုတ်အရေးယူခဲ့ကြောင်း သိရသည်။

ယင်းနေ့က ပင်လယ်ပြင်လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်(ရေ) စစ်ရေယာဉ်က ကော့သောင်းခရိုင် သံကျွန်းကြီးအနောက်တောင်ဘက် ၂၃ ဒသမ ၅ မိုင်ခန့်အကွာ လှေနံဘေး၌ ထိုင်းစာတန်းနှင့် အင်္ဂလိပ်အက္ခရာ II ရေးထားပြီး မြန်မာ့ရေပိုင်နက်ဖြစ်သည့် ပင်လယ်ရေပြင်အတွင်း တရားမဝင် ငါးခိုးဖမ်းနေသည့်





ထိုင်းငါးခိုးလှေတစ်စင်းကို ထိုင်းနိုင်ငံသား နှစ်ဦး၊ မြန်မာရေလုပ်သား ကိုးဦးတို့နှင့်အတူ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဖမ်းဆီးရမိသည့် ထိုင်းငါးခိုးလှေနှင့် လှေပေါ်ပါ ထိုင်းနိုင်ငံသားများနှင့် မြန်မာရေလုပ်သားများကို ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနသို့ အောက်တိုဘာ ၁၄ ရက်က လာရောက်လွှဲပြောင်းပေးအပ်ခဲ့ပြီး သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က ငါးလုပ်ငန်းဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ကျော်စိုး(ကော့သောင်း)**

# ခရီးသည်တင်ယာဉ် ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၆**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ရေနံချောင်း-ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင်အမှတ်(၃၇၅/ ၄-၅)ကြား ကြို့ပင်စု ကျေးရွာအနီး၌ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီခန့်က ယာဉ်တစ်စီးမီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဂွေးပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ရေနံချောင်းမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ရာ တစ်နာရီခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ မကွေးမြို့ ရန်ဝေးရပ်နေ ဦးခင်မောင်ဌေး(၅၇နှစ်)မောင်းနှင်လာသော ရွှေဖန်ခါးခရီးသည်တင်ယာဉ်သည် ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ခဲ့ကြောင်း သိရပြီး လိုက်ပါလာသည့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မောင်းသူကို ဂွေးပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# လှိုင်လင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**
မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၅ ရက်က လွိုင်လင်-နမ့်စန်သွားကားလမ်း လွိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာဘုန်းကြီးကျောင်းရှေ့၌ ခွန်နိုင်သူ မောင်းနှင်ပြီး မောင်လုနှင့် ထက်ဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၈၀ သိမ်းဆည်းရမိသဖြင့် ခွန်နိုင်သူ(၂၅နှစ်)၊ မောင်လု(၂၈နှစ်)နှင့် ထက်ဦး(၂၃နှစ်)တို့ သုံးဦးကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ကမ်းနားလမ်း၌ ယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်၊ ငါးဦးဒဏ်ရာရ

**ရန်ကုန် အောက်တိုဘာ ၁၆**
လသာမြို့နယ် ၁၉ လမ်း ကမ်းနားလမ်းဟောင်းပေါ်၌ အောက်တိုဘာ ၁၆ ရက် နံနက် ၅ နာရီက ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်မောင်း နှစ်ဦးအပါအဝင် ခရီးသည် ငါးဦး ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကမ်းနားလမ်းဟောင်းပေါ်၌ ဆောက်လုပ်ရေး လုပ်ငန်းခွင်သုံးသံငြမ်းများ တင်ဆောင်လာသော တောင်းအော့စ် အမျိုးအစား 8K/---- ယာဉ်သည် တိုယိုတာယာဉ်အမှတ် BB/---- ကို လမ်းလယ်မျဉ်းကျော်၍ ဝင်တိုက်မိပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသည့် ယာဉ်မောင်းနှစ်ဦးနှင့် ခရီးသည်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အနီးရှိပြည်သူများက ပို့ဆောင်ပေးခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။ **ခင်ဆိုင်**



# တိုက်ကြီးမြို့ တိုးဂိတ်၌ တရားမဝင်ကျွန်းသစ်ခွဲသားများဖမ်းဆီးရမိ

**တိုက်ကြီး အောက်တိုဘာ ၁၆**
တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်သက် ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် တိုက်ကြီးတိုးဂိတ်အနီး၌ ယာဉ်အမှတ် YGN 3I/---- ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်မောင်း ဦးတင်သိန်း(၃၂နှစ်) တိုက်ကြီးမြို့နှင့် ယာဉ်နောက်လိုက် ဇော်မျိုးထက်(၃၆နှစ်)မြောက်ဥက္ကလာပနေသူတို့နှင့်အတူ တရားမဝင်ကျွန်းသစ်ခွဲသား ၃ ဒသမ ၃၅၁၀ တန်ကို ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသစ်များနှင့်စပ်လျဉ်း၍ တိုက်ကြီးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# မှန်လုံယာဉ်နှင့် တွဲကား မတော်တဆတိုက်မှုဖြစ်

**သီပေါ အောက်တိုဘာ ၁၆**
ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး၏ မန္တလေး-လားရှိုး-မူဆယ်ကားလမ်း နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်အကြား ဂုတ်တွင်းကွေ့၌ ယနေ့မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်မှမောင်းနှင်လာသော ကြယ်တံခွန်မှန်လုံယာဉ်နှင့် တွဲကား တစ်စီးတို့ မတော်တဆထိခိုက်မှုကြောင့် အစုန်၊ အဆန်ယာဉ်ကြီး၊ ယာဉ်ငယ်များ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုကို အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျောက်မဲခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ချစ်စိန်ကြီးကြပ်မှုဖြင့် နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ယာဉ်ကြောရှင်းလင်းပေးမှုကြောင့် ညနေ ၄ နာရီခွဲတွင် လမ်းကြောင်းပွင့်သွားခဲ့ကြောင်း သိရသည်။

ကြယ်တံခွန်ခရီးသည်တင်ယာဉ်ပေါ်မှ ထိခိုက်ဒဏ်ရာရရှိသူများကို နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အသေအပျောက်မရှိကြောင်း သိရသည်။
**စိုင်း(သီပေါ)**

# တရားမဝင် ကျွန်းသစ်ခွဲသားများ ရှာဖွေဖမ်းဆီးရမိ

**မြင်းမူ အောက်တိုဘာ ၁၆** မြင်းမူမြို့နယ် ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိန်ဝင်း၊ မြင်းမူမြို့မရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၅ ရက် ည ၉ နာရီက ဆပ္ပန်းကုန်းကျေးရွာအုပ်စု ဆိပ်သာကျေးရွာ ရွှေညောင်ပင်ဘုန်းကြီးကျောင်းဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ်ခွဲသား ဆိုက်စုံ ၄၁ ချောင်း (၁ ဒသမ ၅၉၅၄ တန်)ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ သစ်များမှာ ဆိပ်သာကျေးရွာနေ ဦးစိုးမြင့်၊ ဦးမျိုးငြိမ်း၊ ဦးဌေးဝင်းတို့ သုံးဦးက ရောဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာသောဝါးဖောင်မှဝယ်ယူ၍ ဆိပ်သာကျေးရွာ ရွှေညောင်ပင်ဘုန်းကြီးကျောင်းသို့ လှူဒါန်းရန်အတွက် ကျောင်းဝင်းအတွင်း၌ထားရှိသော ကျွန်းသစ်ခွဲသားများဖြစ်ကြောင်း သိရှိရသဖြင့် ဦးစိုးမြင့်ပါ သုံးဦးကို မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၇၇)**


## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်၊ အမှတ်(လော/က-၅၈)၊ အကွက်အမှတ်(၄၉/ခ-လောဓမ္မ)၊ ဦးပိုင်အမှတ်(၅၈/ဃ)၊ ဧရိယာ ၀ဒသမ ၀၅၁ ဧကရှိ မြေသည် ဒေါ်ခင်ညို အမည်ဖြင့် (၁၀)နှစ် မြေငှားဂရန်ရရှိပြီး မူရင်းဂရန်စာချုပ်ပျောက်ဆုံးနေပါသည်။ မြေကွက် ကို ဒေါ်ခင်ညိုမှ ဦးရို့ဘော်ရှောရ်အား ရောင်းချပြီး ဦးရို့ဘော်ရှောရ်မှဦးကြည်ဝင်သို့ ရောင်းချခဲ့ပါသည်။ ဦးကြည်ဝင်းမှဦးလှဦး(ခ)ကိုလတ်သို့ ရောင်းချခဲ့ပါသည်။ မြေကွက်အရောင်းအဝယ်စာချုပ်စာတမ်းများ အဆင့်ဆင့်မှတ်ပုံတင်ထားသော်လည်း စာချုပ်စာတမ်းမှတ်ပုံတင် မူရင်းများပျောက်ဆုံးနေပါသည်။ မြေကွက်ကို ဦးလှဦး(ခ)ကိုလတ်မှ ကျွန်တော်ဦးထွန်းမင်းသို့ ရောင်းချခဲ့ပြီး အရောင်းအဝယ်စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ မြေငှားဂရန်အမည်ပြောင်းရရှိရေး သက်ဆိုင်ရာသို့ လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းမင်း**
**၂/လကန(နိုင်)၀၀၅၈၈၆၊လော/က-၅၈၊**
**လောဓမ္မရပ်ကွက်၊ လှိုင်ကော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၁၃၂၄၂ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းချမ်းဖြိုး ၉/အမဇ(နိုင်)၀၀၃၇၇၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၅)၊ ဦးပိုင်အမှတ်(၂၈)၊ ၇၀×၇၁လမ်းကြား၊ မြို့ရိုးလမ်း×ဝေသာလီလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကာလာဝတီ ၉/မကန(နိုင်)၀၄၁၄၆၃မှ အမှုတွဲ အမှတ် ၁၄၈၃/၂၀၁၆-၂၀၁၇ ဖြင့် အမည်ပြောင်းလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာပါသဖြင့် ရုံးလက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသော မိတ္တူမှန်သည် ပျက်ပြယ်သည် ဟူသောမင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| G-1 item A | Laptop | 30 Nos |
| G-1 item B | Desktop Computer | 10 Nos |
| G-2 | Power Bank for Laptop | 30 Nos |
| G-3 | Smart Phone | 127 Nos |

၂။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၉-၁၀-၂၀၁၆ရက်မှ ၂၅-၁၀-၂၀၁၆ရက်ထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် ၃၂၊ နေပြည်တော် နှင့် အမှတ် ၁၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်တို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။ (သို့မဟုတ်) csoyangonre gion @gmail.com surveysection 2012@gmail. comတို့သို့ ဆက်သွယ်၍ အခမဲ့ရယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် ၃၂၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ **တင်ဒါဖွင့်လှစ်မည့်အချိန်** - ၂၆-၁၀-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် ၃၂၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၃၀၂၄၈၁၊ ၀၆၇-၄၀၆၃၃၆ နှင့် ၀၆၇-၄၀၆၃၃၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဗဟိုစာရင်းအင်းအဖွဲ့**
**ရုံးအမှတ် ၃၂၊ နေပြည်တော်**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ အောင်နန်းရပ်၊ မြို့မအကွက် အမှတ်(၂၃)၊ ဦးပိုင်အမှတ်(၁၈-ခ)၊ ဧရိယာ ၀ ဒသမ ၁၂၃ ဧကရှိ (ဦးထွန်းလှ-ဒေါ်ကြွယ်)တို့၏သား ဦးနီအမည်ပေါက် ဂရန်မြေကွက်နှင့် ထိုမြေနှင့် တစ်ဆက်တည်းရှိ ၂၄ပေ×၆၆⅔ပေရှိသည့် မြေကွက်များနှင့် ထိုမြေပေါ်ရှိအကျိုးခံစားခွင့်အသီးသီးကို အမွေပုံပစ္စည်းအဖြစ် ၉-၁၁-၂၀၁၁ရက်၌ မိသားစုစီမံမှုမှတ်တမ်းဖြင့် မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တရားလွှတ်တော်ရှေ့နေတို့ ရှေ့မှောက်တွင် သဘောတူခွဲဝေကြရာ ကျွန်မ ဒေါ်ညိုညိုတင်(ခ) ဒေါ်ခင်ညိုညိုဦး(ဘ-ဦးနီ) ၉/မကန(နိုင်)၀၃၄၁၇၆သည် မြေကွက်၏ မြောက်ဘက်အခြမ်းမျက်နှာစာ ၅ပေ၊ နောက်ဖေးဘက် အကျယ် ၃၄ပေ၊ ၇လက်မခွဲ၊ မျက်နှာစာမှ နောက်ဖေးသို့ အရှည် ၁၂၉ပေ၊ ၅လက်မရှိမြေကွက်အစိတ်အပိုင်းကို ခွဲဝေရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညိုညိုတင်(ခ)ဒေါ်ခင်ညိုညို**
**အောင်နန်းရပ်၊ မိုးကုတ်မြို့**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်အိအိခိုင် ၁၂/ကတတ(နိုင်)၀၀၈၁၄၁၏ သား မောင်စိုးပြည့်စုံမောင် ၉/ အမဇ(နိုင်)၀၂၁၀၈၇သည် ကျွန်မ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စကိုမျှ လုံးဝဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေအပ်ပါသည်။

**ဒေါ်အိအိခိုင်**

# အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော် ရေဆင်းနယ်မြေတွင် အောက်တိုဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင်များ နေပြည်တော်ရှိ ရွာတော်တည်းခိုရေးစခန်းသို့ အောက်တိုဘာ ၁၆ ရက်က ဆက်လက်ရောက်ရှိကြသည်။ **(ယာပုံ)**

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များရောက်ရှိကြရာ နေပြည်တော်ရှိ ရွာတော်တည်းခိုရေးစခန်းတွင် တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးမှုများကို စနစ်တကျ ပြုလုပ်ပေးကြသည်။



(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကို နေပြည်တော် ရေဆင်းနယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၊ စိုက်ပျိုးရေးတက္ကသိုလ်(စာသင်ခန်းမ)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁)၊ သစ်တောသုတေသနဌာန (စုဝေးခန်းမ)၊ စိုက်ပျိုးရေးတက္ကသိုလ်(ပတ္တမြားခန်းမ)၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (စုဝေးခန်းမ)၊ သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)တို့၌ အသီးသီးကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့် ခန်းမအားလုံး ပြင်ဆင်မှုများပြုလုပ်ပြီးဖြစ်ရာ ပြိုင်ပွဲကျင်းပရန် အသင့်ရှိနေပြီဖြစ်သည်။တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ဒိုင်များ၊ အထောက်အကူအဖွဲ့များအတွက် နေ့စဉ်ကျွေးမွေးမည့် စားသောက်ခန်းမကိုလည်းပြင်ဆင်ထားပြီး ရောက်ရှိလာသည့် ပြိုင်ပွဲဝင်များအား စတင်ကျွေးမွေးနေပြီဖြစ်သည်။ နေ့စဉ် နံနက်စာ၊ နေ့လယ်စာထမင်း၊ ညနေစာထမင်းနှင့် ညလက်ဖက်ရည်၊ ကော်ဖီနှင့်မုန့်များလည်း ရွှေအုန်းပင်ထမင်းဆိုင်မှ တာဝန်ယူကျွေးမွေးနေပြီဖြစ်သည်။

နေပြည်တော်ရှိ ရွာတော်တည်းခိုရေးစခန်းတွင် ရောက်ရှိနေကြပြီဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များသည် နောက်ဆုံး လေ့ကျင့်မှုများကို ပြုလုပ်လျက်ရှိနေပြီ ဖြစ်သည်။

**သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ဝက်ဖို့ဒ်တို့ အဝေးကွင်း၌ မစ်ဒယ်ဘရော့ကို အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ်(၈) မစ်ဒယ်ဘရော့နှင့် ဝက်ဖို့ဒ်တို့ပွဲကို အောက်တိုဘာ ၁၆ ရက်က ယှဉ်ပြိုင်ကစားရာ ဝက်ဖို့ဒ်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မစ်ဒယ်ဘရော့တို့က အိမ်ကွင်း၌ အနိုင်ရရှိရေး ကြိုးစားသော်လည်း ဝက်ဖို့ဒ်တို့က အပြန်အလှန်ကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေပြီး ဝက်ဖို့ဒ်အတွက် အနိုင်ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ဟိုဆေးဟိုးဘက်က သွင်းယူပေးခဲ့သည်။ မစ်ဒယ်ဘရော့တို့ ချေပဂိုးသွင်းနိုင်ရေး ကြိုးစားသော်လည်း ဝက်ဖို့ဒ်တို့က ခံစစ်ကောင်းကောင်းဖြင့် ပိတ်ဆို့နိုင်မှုကြောင့် ပွဲအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဝက်ဖို့ဒ်တို့ အနိုင်ရရှိခဲ့သည်။ ပွဲစဉ်(၈)အပြီး ဝက်ဖို့ဒ်တို့ ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၉)၌လည်းကောင်း၊ မစ်ဒယ်ဘရော့က ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၁၇)နေရာ၌ လည်းကောင်း ရပ်တည်နေသည်။

ဆောက်သမ်တန်နှင့် ဘန်လေတို့ပွဲတွင် ဆောက်သမ်တန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ❑ **သီဟ**

**စပိန်လာလီဂါ ပွဲစဉ် (၈) အနိုင်အရှုံး**

| | | |
|---|---|---|
| ရီးရဲဘက်တစ် | ၁ -၆ | ရီးရဲမက်ဒရစ် |
| အက်သလက်တီကို | ၇-၁ | ဂရင်နာဒါ |
| လီဂါနက်စ် | ၂-၃ | ဆီဗီလာ |
| ဘာစီလိုနာ | ၄-၀ | ဒီပို့တီပို |
| အလာဗက်စ် | ၁-၁ | မာလာဂါ |
| ဘီဘာအို | ၃-၂ | ဆိုဆီဒက် |

# ဆူဇူကီးပြိုင်ပွဲအတွက် မြန်မာအသင်းအပြီးသတ် လေ့ကျင့်ပြင်ဆင်မည်

**ရန်ကုန် အောက်တိုဘာ ၁၆**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲများ စတင်ရန် တစ်လကျော်သာ လိုတော့မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းမှာ အပြီးသတ် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်တော့မည်ဖြစ်သည်။

ဥရောပနိုင်ငံများ၌ တစ်လကျော် သွားရောက်လေ့ကျင့်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၈ ရက်တွင် လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကစားသမား ၂၅ ဦးဖြင့် ပြန်လည်လေ့ကျင့်မည်ဖြစ်ပြီး ယင်းကစားသမားများထဲမှ အပြီးသတ်ရွေးချယ်ဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်၍ လတ်တလော တစ်ပွဲကစားရန် သဘောတူညီမှုရထားပြီး အခြားပွဲစဉ်များအတွက် ဆက်လက်ညှိနှိုင်းလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၄ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင် ကစားမည်ဖြစ်ကာ အောက်တိုဘာလနောက်ဆုံးပတ်နှင့် နိုဝင်ဘာလ ဒုတိယပတ်တွင် ခြေစမ်းပွဲ ထပ်မံကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အသစ်ရွေးချယ်ထားသည့် နောက်ခံလူ ဝင်းမင်းထွဋ်နှင့် တိုက်စစ်မှူးကောင်းဆက်နိုင်တို့အပါအဝင် ၂၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ခံစစ်ကစားသမားအချို့ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရပြီး ယခုလကုန်အထိ ယင်းကစားသမားများ၏ ဒဏ်ရာအခြေအနေကို စောင့်ကြည့်သွားမည်ဖြစ်သည်။



မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် မေလမှ စတင်ကာ လေ့ကျင့်ပြင်ဆင်ခဲ့ပြီး မေလ နောက်ဆုံးပတ်တွင် မလေးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သည်။ ဇွန်လဆန်းပိုင်းတွင် ဗီယက်နမ်၊ စင်ကာပူ၊ ဟောင်ကောင်အသင်းတို့ပါဝင်သော လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ကျင်းပခဲ့ပြီး မြန်မာအသင်းမှာ တတိယ နေရာသာရရှိခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းသည် လေ့ကျင့်မှုရပ်နားခဲ့ပြီး ဩဂုတ်လ နောက်ဆုံးပတ်မှ ပြန်လည်လေ့ကျင့်ကာ စက်တင်ဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ ဥရောပနိုင်ငံများ၌ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲရှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **သတင်း-ညီမြတ်သော်တာ ဓာတ်ပုံ-ဖိုးသော်ဇင်**

❍ *ကျောဖုံးမှ*

ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲတို့ကို မြန်မာနိုင်ငံ၌ကျင်းပခဲ့ပြီး ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ ထွန်းမင်းဦး၊ ဇော်ထက်အောင်တို့ပါဝင်သည့် အိမ်ရှင်မြန်မာအသင်းက ဗိုလ်စွဲခဲ့သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် ပြိုင်ပွဲများအတွက် အစည်းအဝေးကို အောက်တိုဘာ ၁၆ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း တက်ရောက်ခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲများအနက် စက်တင်ဘာလ၌ ကျင်းပမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို မြန်မာနိုင်ငံ၊ နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံဖူဆယ်ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၊ ဧပြီ(သို့) မေလတွင် ကျင်းပမည့် အာဆီယံယူ-၁၅ အမျိုးသမီးပြိုင်ပွဲကို လာအိုနိုင်ငံ၊ မတ်လတွင် ကျင်းပမည့် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ထို့အပြင် အာဆီယံအမျိုးသမီးပြိုင်ပွဲကို ထိုင်းနိုင်ငံ၊ အာဆီယံယူ -၁၅ အမျိုးသားပြိုင်ပွဲကို စင်ကာပူ(သို့) ထိုင်းနိုင်ငံ၌ ကျင်းပရန် ရွေးချယ်ခဲ့သော်လည်း ကျင်းပမည့်ကာလကို မထုတ်ပြန်သေးပေ။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားသော်လည်း ရက်အတိအကျကို ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနောက်ပိုင်းနှစ်များတွင် နိုင်ငံတကာပြိုင်ပွဲများကို နှစ်စဉ်နီးပါး အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိပြီး ယခုနှစ်တွင် အာဆီယံအဆင့် အဆင့်မြင့်ဆုံးပြိုင်ပွဲသုံးခုကို လက်ခံကျင်းပခဲ့သည်။

အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲနှင့် အာဆီယံအမျိုးသမီးပြိုင်ပွဲတို့ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး နိုဝင်ဘာလတွင် ဆူဇူကီးဖလားပြိုင်ပွဲအုပ်စု (ခ)ပွဲစဉ်ကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8L/6903၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်းသစ်လမ်း၊ အမှတ် (၄၅/အေ)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းဝင်း ၃/ဘသဆ(နိုင်)၀၀၀၀၀၁ နှင့် ဒေါ်ဟွာကြူးကျောင် ၁၃/လရန(နိုင်)၁၁၈၇၇၅တို့၏ လွှဲအပ်ချက်အရ/လုပ်ငန်းသုံးကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

TOGETHER
WEDDING

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဓာတ်ပုံနှင့်ပတ်သက်သည့် လုပ်ငန်းများ၊ (Wedding) မင်္ဂလာဆောင်၊ ဘွဲ့၊ အလှူများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကြော်ငြာများ၊ လက်ကမ်းစာစောင်နှင့် ပွဲလမ်းသဘင်အမျိုးမျိုး အစရှိသည်တို့ကို တစ်ဦးတည်းမူပိုင်အဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြုလုပ်ဆောင်ရွက်ရန်အတွက် အဆိုပါ ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၁၂၁၆၁/၂၀၁၆ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်အား မည်သူမဆို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန် ပုံတူကူး၍ဖြစ်စေ တုပခြင်းမပြုရန်သတိပေးတားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရထိရောက်စွာအရေးယူမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြသီတာ** | **ဒေါ်အေးသန္တာမင်းအောင်** | **ဒေါ်နွယ်နွယ်လင်း** |
| (LL.B) | (LL.B, D.B.L) | (LL.B) |
| **စဉ်-၃၄၆၈၀** | **စဉ်-၃၅၁၅၅** | **စဉ်-၄၂၆၃၆** |

**အထက်တန်းရှေ့နေများ**

**ရုံး-အမှတ် (၅၈-စီ)၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၇၂၄၉၄**

## ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ တင်းတိပ်၊ ရွာသစ်ရွာတွင်နေထိုင်သော ဦးအောင်ရင် (ဘ) ဦးသိန်းထွန်းအောင် ၅/စကန(နိုင်)၁၉၈၂၄၂ မှ အောက်ပါကုန်အမှတ်တံဆိပ်ကို စစ်ကိုင်းမြို့၌ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် (၁၃၁/၂၀၁၆)ဖြင့် ၂၆-၉-၂၀၁၆ ရက်တွင် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ချည်ချောလုံချည် ဖြန့်ဖြူးရောင်းချရာတွင် အဆိုပါပစ္စည်းပေါ်တွင် အသားတံဆိပ်ဖိနှိပ်၍လည်းကောင်း၊ အရောင်အသွေးစုံလင်စွာဖြင့် ကပ်နှိပ်၊ ရိုက်နှိပ်၍လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

ယင်းကဲ့သို့ ကျွန်ုပ်၏ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် ဒီဇိုင်းပုံဖော်ရေးဆွဲထားသော အထက်ပါကုန်အမှတ်တံဆိပ်ကို ကျွန်ုပ်၏ခွင့်ပြုချက်မရဘဲ အခြားမည်သူတစ်ဦးတစ်ယောက်မှ တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲမှုများ မပြုလုပ်ကြပါရန်နှင့် တုပသုံးစွဲခြင်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွေ့ရှိရပါက ဥပဒေနှင့်အညီဖော်ထုတ် တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးအောင်ရင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းကျော် (LL.B, MPA, DBS)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၄၉)**
**ဒေါ်ပိုပိုအောင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၇၆၂)**
**ဒေါ်မေသန်းနွယ် (အထက်တန်းရှေ့နေ၊ စဉ်-၃၉၈၃၄)**
**အမှတ် ၅၀၊ နေပြည်တော်လမ်း၊ မင်းလမ်းရပ်၊ စစ်ကိုင်းမြို့**
**ဖုန်း-၀၉-၄၀၀၄၂၁၃၇၆၊ ၀၉-၅၀၆၇၆၈၆**



# ကျွန်တော်နဲ့ နှင်းဆီကုန်း



## ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

တစ်နေ့က ကျွန်တော်ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာ ဟောပြောပွဲတစ်ခုလုပ်ခဲ့ပါတယ်။ ဒေါက်တာ ဒေါ်ခင်တင့်က ဖိတ်ကြားလာတာဖြစ်တယ်။ သူက ကျွန်တော် ပြည်သူ့ရေးရာ၊ စီမံရေးရာအသင်းကြီးမှာ ဟောခဲ့တာကို နားထောင်ပြီး နှင်းဆီကုန်းကိုလာဖို့ ကမ်းလှမ်းလာပါတယ်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာဆိုတာ အင်မတန်ထင်ရှားတဲ့ ပရဟိတလုပ်ငန်းတစ်ခုဖြစ်တယ်။ ရိပ်သာမှာ တာဝန်ယူနေကြတဲ့ လူကြီးတွေဟာလည်း နိုင်ငံအတွက် အလွန်အရေးပါတဲ့ လုပ်ငန်းကို ဆောင်ရွက်နေကြတာဖြစ်တာမို့ ဒီပုဂ္ဂိုလ်တွေကို ခွန်အားပေးချင်ပါတယ်။ ဟောပြောပွဲနဲ့ ပတ်သက်ပြီး နေ့စဉ်သတင်းစာထဲမှာ ကြော်ငြာခဲ့တာကိုတွေ့ခဲ့ရတယ်။ ဒါကြောင့်လည်း ပရဟိတလောကသားတွေ ဟောပြောပွဲကို လာကြမယ်လို့မျှော်လင့်မိခဲ့တယ်။

ဟောပြောပွဲကို နံနက် ၉ နာရီ မိနစ် ၂၀ မှစဖို့ စီစဉ်ခဲ့တာ။ ကျွန်တော်က နံနက် ၈ နာရီလောက်ရောက်ခဲ့တယ်။ ပွဲမစမီ နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)ဦးကျော်ရှိန်နဲ့ အဖွဲ့ဝင်များနဲ့ ဧည့်ခန်းမဆောင်မှာ လက်ဖက်ရည်သောက်ခဲ့ကြတယ်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာရဲ့ သမိုင်းကိုလည်း ရှင်းပြခဲ့တယ်။ မြန်မာ့အလင်း ဦးတင်က ခုနစ်ဧကခန့်ရှိတဲ့ မြေကြီးကို ဘိုးဘွားရိပ်သာအတွက် လှူဒါန်းမတည်ခဲ့ကြောင်းသိခဲ့ရတယ်။ မြန်မာ့အလင်း ဦးတင်ဟာ ထင်ရှားလှတဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်ခဲ့သလို ပရဟိတလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ အလွန်ကျေးဇူးတင်ထိုက်တဲ့ ပုဂ္ဂိုလ်ကြီးပါ။ ၉ နာရီ မိနစ် ၂၀ မှာ ဟောပြော မယ့် ခန်းမထဲ ဥက္ကဋ္ဌကြီးနဲ့အတူဝင်ခဲ့ပါ တယ်။ ပရိသတ်တွေက ခန်းလုံးပြည့်။ ရဟန်းသံဃာနှစ်ပါးကိုလည်း တွေ့ခဲ့ရတယ်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်တွေအပြင် ဆရာကြီးဒေါက်တာ မောင်မောင်ညိုလည်း ပါဝင်ခဲ့တယ်။

အခမ်းအနားမှူးအဖြစ် ဒေါက်တာဒေါ်ခင်တင့်က ဆောင်ရွက်ပြီး အတွင်းရေးမှူးကလည်း ကျွန်တော့်ရဲ့ ကိုယ်ရေးရာဇဝင်ကို ဖတ်ကြားခဲ့တယ်။ ကိုယ့်ရဲ့ကိုယ်ရေးရာဇဝင်ကိုကြားပြီး ဖြတ်သန်းလာခဲ့တဲ့ဘဝကို ပြန်လည်သုံးသပ်မိတယ်။ ဘွဲ့ရပြီး အလုပ်ဝင်တဲ့အချိန်ကစလို့ ယနေ့အထိ နှစ်ပေါင်း ၅၀ ရှိခဲ့ပြီး လုပ်ငန်းအမျိုးမျိုး ဆောင်ရွက်ခဲ့ရတယ်။ ၁၉၆၆ ခုနှစ်ကနေ ၁၉၇၉ ခုနှစ်အထိ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ဆရာအဖြစ် တာဝန်ယူခဲ့တာဖြစ်တယ်။ ဒီကာလမှာ နိုင်ငံခြားပညာသင် ကိုးနှစ် အင်္ဂလန်နိုင်ငံနဲ့ ဂျာမနီနိုင်ငံတို့ကို သွားခဲ့တာ။ ၁၉၇၉ ခုနှစ်ကနေ ၁၉၈၂ ခုနှစ်မှာတော့ တက္ကသိုလ်ကနေ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူခဲ့ရတယ်။ လုံးဝမမျှော်လင့်ထားတဲ့တာဝန်။ ဆရာကြီးဒေါက်တာ ဦးဖေသိန်းက ကိုယ့်ကိုယုံယုံကြည်ကြည်နဲ့ ဦးစီးဌာနအသစ်တစ်ခုကို ဖွင့်ပြီး ညွှန်ကြားရေးမှူးချုပ် တာဝန်ပေးအပ်ခဲ့တယ်။ ၁၉၈၂ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ကျွန်တော် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှာ တာဝန်ယူခဲ့ပြီး နယူးယောက်၊ ဒါကာနဲ့ ဗန်ကောက်မြို့တွေမှာ တာဝန်ယူခဲ့ရပြန်တယ်။ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၀၈ ခုနှစ်မှာတော့ ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူခဲ့တယ်။ အီတလီနိုင်ငံ တူရင်းမြို့မှာဖြစ်တယ်။ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် ၁၅ နှစ်ကျော် တာဝန်ယူစဉ် အာရှ၊ အာဖရိက၊ ဥရောပ၊ တောင်အမေရိက နိုင်ငံများကို သွားရောက်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ အငြိမ်းစားယူပြီး မြန်မာပြည်ပြန်ခဲ့တယ်။ အခုလိုမြန်မာပြည်ပြန်ခဲ့တာကို တချို့တွေက ဝေဖန်ကြတယ်။ နိုင်ငံခြားမှာပဲ ဆက်နေသင့်တယ်လို့ပြောကြတယ်။ ကျွန်တော့်အဖို့ကတော့ စဉ်းကို မစဉ်းစားခဲ့တာ။ သမီးရဲ့ပညာရေးအတွက်လည်း မြန်မာပြည်မှာ အဆင်ပြေတာမို့ ပြန်ဖို့ဆုံးဖြတ်ခဲ့တာ။ အခုဆိုရင် အငြိမ်းစားယူခဲ့တာရှစ်နှစ်ရှိပြီ။ ဒါပေမယ့် အနားတော့မရှိပါဘူး။ မရှိတာလည်း ကိုယ်ကိုယ်တိုင်က မနားချင်လို့ဖြစ်တယ်။ လုပ်နိုင်သလောက်လုပ်မယ်။ ဒါကြောင့်လည်း ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးမှာလည်းကောင်း၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေအတွက်လည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေအတွက်လည်းကောင်း သင်တန်းတွေ၊ အကြံပေးလုပ်ငန်းတွေ လုပ်ခဲ့တယ်။ နိုင်ငံတော်ကပေးအပ်တဲ့တာဝန်ကိုလည်း ယူခဲ့တယ်။ တစ်ဖက်ကလည်း ကျွန်တော့်ရဲ့ဘဝဖြစ်တယ်။ စာသင်ကြားမှုကို ယနေ့အထိလုပ်ခွင့်ရှိခဲ့တယ်။ ဟောပြောပွဲတွေကိုလည်း အမြဲလိုလို ကျင်းပပေးနိုင်ခဲ့တယ်။ တစ်သက်လုံး ဝန်ထမ်းဖြစ်ခဲ့တာမို့ ဝန်ထမ်းဘဝကို နှစ်သက်တယ်။ ဂုဏ်ယူတယ်။ ကျေနပ်မိပါ တယ်။ ကျွန်တော်က ပြင်ဆင်ထားတဲ့အတိုင်း "သူများ အတွက် အလုပ်ကျွေးပြုတဲ့ဂုဏ်သိက္ခာ" ခေါင်းစဉ်နဲ့ ဟောခဲ့ပါတယ်။ အင်္ဂလိပ်လို Honour in Serving Others။ အမှန်တော့ ကျွန်တော်က Service ဆိုတဲ့အလုပ်ကျွေးပြုမှုကို တင်ပြခြင်းပါ။ အများသုံးတဲ့ဝန်ဆောင်မှုကို ကျွန်တော်က သိပ်မကြိုက်လှဘူး။ ဝန်ဆောင်မှုထက် လေးနက်တဲ့အလုပ်ကျွေးမှုလို့ သုံးချင်တာ။ အမှန်တော့ Service ဆိုတာဟာ Servant အစေခံက ဆင်းသက်လာတာဖြစ်တယ်။

> **"လူ့ဘဝမှာအမြဲတမ်းမေးရမယ့် မေးခွန်းတစ်ရပ်ကတော့ ငါဒီနေ့ အများအတွက် ဘာလုပ်ပေးနေသလဲ" အင်မတန်မှ လေးနက်တဲ့မေးခွန်းတစ်ရပ်ပါ။ အိပ်ရာနိုးတဲ့အချိန်မှာ သူများအတွက် ငါဒီနေ့ဘာလုပ်ပေးနိုင်မလဲဆိုတာကိုစဉ်းစားရင် ဘယ်လောက်ကောင်းလိုက်မလဲ။ အမှန်တော့ ဘဝဆိုတာဟာ (Getting) ရယူခြင်းမဟုတ်ဘဲ (Giving)ပေးဆပ်ခြင်းသာဖြစ်ပါတယ် ...**

ကျွန်တော်တို့အားလုံးဟာ အစေခံတွေပါ။ သူများအကျိုးအတွက် အစေခံရမယ့်သူတွေဖြစ်တယ်။ ရင့်ရင့်သီးသီးပြောရင်တော့ ကျွန်တွေ။ ဒါကြောင့်လည်းကျွန်တော်က ဝန်ထမ်းတွေကို သင်တန်းပေးတိုင်း တို့တစ်တွေဟာ ကျွန်တွေ၊ တို့ရဲ့ သခင်က ပြည်သူတွေဖြစ်ကြောင်း အမြဲသတိပေးခဲ့တာ။ ကျွန်ဖြစ်ရတာ၊ အစေခံဖြစ်ရတာ အောက်ကျနောက်ကျသေးသိမ်တယ်လို့ မစဉ်းစားဘဲ ဂုဏ်ယူရမှာဖြစ်တယ်။

ဒါကြောင့်လည်း ကျွန်တော်ပထမဆုံးပြတဲ့ ရုပ်မြင်မှာ ဆရာကြီး မာတင်လူသာကင်းရဲ့ အဆိုအမိန့်တစ်ခုကို ပရိသတ်တွေကိုမျှဝေခဲ့ပါတယ်။ "လူ့ဘဝမှာအမြဲတမ်းမေးရမယ့်မေးခွန်းတစ်ရပ်ကတော့ ငါဒီနေ့ အများအတွက် ဘာလုပ်ပေးနေသလဲ" အင်မတန်မှ လေးနက်တဲ့မေးခွန်းတစ်ရပ်ပါ။ အိပ်ရာနိုးတဲ့အချိန်မှာ သူများအတွက် ငါဒီနေ့ဘာလုပ်ပေးနိုင်မလဲဆိုတာကို စဉ်းစားရင် ဘယ်လောက်ကောင်းလိုက်မလဲ။ အမှန်တော့ ဘဝဆိုတာဟာ (Getting)ရယူခြင်းမဟုတ်ဘဲ (Giving)ပေးဆပ်ခြင်းသာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီလိုပဲခံယူတယ်။ ဒါကြောင့်လည်း အလုပ်လျှောက်တဲ့ လူငယ်တွေကို အမြဲအားပေးခဲ့တယ်။ အလုပ်လျှောက်တဲ့အခါ လခဘယ်လောက်ရမလဲ ဘယ်လိုအခွင့်အရေးတွေ ခံစားရမလဲ။ ဒီမေးခွန်းတွေအစား ကျွန်တော်ဘာလုပ်ပေးနိုင်မလဲဆိုတာကို စဉ်းစားစေချင်တာပါ။

ဒုတိယရုပ်မြင်မှာတော့ လက်နှစ်ဖက်ကိုဖော်ပြခဲ့ပြီး လူသားတိုင်းမှာ လက်နှစ်ဖက်ရှိကြတယ်။ တစ်ဖက်က ကိုယ့်အတွက်ဖြစ်ပြီး ကျန်တစ်ဖက်ကတော့ သူများအတွက်ဖြစ်ကြောင်း သတိပေးခဲ့ပါတယ်။ လူတစ်ယောက်ရဲ့တန်ဖိုးဟာ နောက်တစ်ဦးကို ကူညီနိုင်ဖို့သာဖြစ်တယ်။ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းသတိပေးခဲ့သလို သူများအတွက် အသက်ရှင်ရတဲ့ဘဝဟာ တန်ဖိုးရှိပါတယ်။ တစ်ခါတလေ ကျွန်တော်တို့လုပ်တဲ့အလုပ်ဟာ အသေးအမွှားဖြစ်နေလို့ စိတ်ထဲမှာ အားငယ်နိုင်ပါတယ်။ ဒါပေမယ့်သီလရှင်ကြီး မာသာထရေဇာပြောခဲ့သလို ဘာအလုပ်ပဲလုပ်လုပ် မေတ္တာနဲ့လုပ်ရင် အဆင်ပြေကြောင်း သတိပြုသင့်ပါတယ်။

အခုလို အများအတွက် အလုပ်ကျွေးပြုတဲ့နေရာမှာ စေတနာအပြည့်နဲ့တာဝန်ယူဖို့အရေးကြီးလှပါတယ်။ ကျွန်တော်တို့ယဉ်ကျေးမှုတူသူများကို အလုပ်ကျွေးပြုရင် အောက်ကျတယ်၊ နောက်ကျတယ်လို့ယူဆကြတယ်။ ဒါကြောင့်လည်း သူများအတွက် အလုပ်လုပ်ရတာဟာ ဂုဏ်ယူသင့်တာကို သတိပြုသင့်ပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက် ဒုတိယအပိုင်းမှာ အစေခံမှုအကြောင်းကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ခေါင်းဆောင်စစ်စစ်တစ်ဦးဟာ နောက်လိုက်တွေရဲ့ အစေခံသာဖြစ်ပါတယ်။ အများအကျိုးကို မိမိလုပ်သမျှအလုပ်တွေရဲ့ ဗဟိုသော့ချက်ဖြစ်ဖို့ လိုအပ်ပါတယ်။

အခုလိုဆောင်ရွက်ရာမှာ "သိခြင်း"နဲ့ "ဆောင်ရွက်ခြင်း"နှစ်ခုကို အာရုံပြုရမှာဖြစ်တယ်။ သိခြင်းဆိုတဲ့နေရာမှာ နားလည်မှုနဲ့ ပညာအသိရှိမှုဖြစ်တယ်။ ဆောင်ရွက်ခြင်းဟုဆိုရာ၌ အားသွန်ခွန်စိုက်ပြီး ထဲထဲဝင်ဝင်စိတ်ဝင်တစားရှိဖို့ဖြစ်တယ်။ အစေခံနဲ့တူတဲ့ ခေါင်းဆောင်မှု ဘာသာကို ကျွန်တော်လွန်ခဲ့တဲ့ခြောက်နှစ်ကျော်ကစပြီး လေ့လာခဲ့တာ။ ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူကြတဲ့ အရာရှိကြီးတွေအတွက် သင်တန်းတွေပေးတဲ့အခါ ဒီခေါင်းစဉ်ကိုအခြေခံပြီး ဆွေးနွေးခဲ့တယ်။ အမှန်တော့ ကျွန်တော်ကိုယ်တိုင် ကုလသမဂ္ဂအဖွဲ့မှာ တာဝန်ယူတော့ ကျမ်းကျိန်ခဲ့ရတယ်။ "International Civil Servant" နိုင်ငံတကာပြည်သူ့အစေခံတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့တာဖြစ်တယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက အစိုးရဝန်ထမ်းကို ပြည်သူ့အစေခံဆိုတဲ့ အသုံးအနှုန်းကိုသုံးစွဲခဲ့တာ အလွတ်ရမိသေးတယ်။ အမှန်တော့ ပြည်သူ့ဝန်ထမ်းတွေဟာ အစေခံတွေသာဖြစ်ကြတယ်။

အစေခံနဲ့တူတဲ့ခေါင်းဆောင်ကို ဥပမာပေးတဲ့အခါ သခင်ယေရှုခရစ်ကို ရည်ညွှန်းခဲ့တာကို စာအုပ်တစ်အုပ်ထဲမှာ ဖတ်ခဲ့ရတယ်။ သခင်ယေရှု လက်ဝါးကပ်တိုင်မှာ ရောမတို့ရဲ့ ကွပ်မျက်ခြင်းမခံမီ ညဘက်မှာ သူ့ရဲ့နောက်လိုက် ၁၂ ဦးနဲ့ ညစာစားကြတယ်။ အခုလိုညစာမစားမီ သူက သူ့ရဲ့နောက်လိုက်တစ်ဦးချင်းရဲ့ ခြေထောက်တွေကို သူကိုယ်တိုင်ရေနဲ့ ဆေးကြောပေးခဲ့တယ်။ ဆရာတစ်ဦးဖြစ်ပေမယ့် တပည့်ဖြစ်တဲ့ သူတွေကို သူကအစေခံခဲ့တယ်။ အလွန်မွန်မြတ်တဲ့လုပ်ရပ်ဖြစ်တယ်။ တော်ရုံတန်ရုံလုပ်နိုင်ဖို့မလွယ်ကူလှပါဘူး။ ပို့ပြီး အံ့သြစရာကောင်းတာက သူ့ခြေဆေးပေးတဲ့နောက်လိုက်တွေအနက် သူ့ကိုသစ္စာဖောက်တဲ့သူပါဝင်နေမှန်းသိပေမယ့် အခုလို ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။

အစေခံနဲ့တူတဲ့ ခေါင်းဆောင်မှာရှိတဲ့ စိတ်ထားတွေအနက် အရေးကြီးဆုံးက Compassion ဆိုတဲ့စကားဖြစ်တယ်။ ကရုဏာစိတ်ဖြစ်တယ်။ Compassion စကားလုံးမှာ နှစ်ပိုင်းပါဝင်နေတာ။ Com ဆိုတဲ့ အတူတူနဲ့ Passion ခံစားမှုပေါင်းလိုက်ရင် အတူတူခံစားမှုဖြစ်တယ်။ လူတိုင်းရဲ့ရင်ထဲမှာ ဒီအတွေးအမြင်ရှိရမှာသာဖြစ်ပါတယ်။ ဒီစိတ်ထားကိန်းဝပ်နေနေတဲ့သူဟာ သူများနဲ့မတူဘဲ ထူးခြားနေမှာဖြစ်တယ်။ လူတိုင်းသတိပြုမိတဲ့အရာသာဖြစ်တယ်။ ဒါဟာအံ့သြဖွယ်ရာ နိမိတ်လက္ခဏာတစ်ခုသာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ပရိသတ်တွေကို ပရဟိတလုပ်ငန်းဟာ ဝင်ငွေအတွက် မဟုတ်ဘဲ သူများရဲ့ဘဝ ထူးခြားအောင်သာကြိုးစားခြင်းဖြစ်တာကို မျှဝေခဲ့ပါတယ်။

ကျွန်တော်ဟောပြောပြီးချိန်မှာ ပရိသတ်တွေရဲ့မေးခွန်းတွေကို ဖြေကြားခဲ့တယ်။ မေးခွန်းတွေက မျိုးစုံ၊ ဟောပြောတဲ့ခေါင်းစဉ်နဲ့ သက်ဆိုင်သလို တစ်ဖက်ကလည်း ကိုယ်စိတ်ဝင်စားတဲ့၊ သိချင်တဲ့အကြောင်းတွေကို မေးခဲ့တယ်။ ကျွန်တော့်ရဲ့တင်ပြချက်ကို လက်မခံဘဲ ငြင်းဆိုခဲ့တာကိုလည်း ကြုံတွေ့ရတယ်။ အခုလို အတွေးအခေါ်မတူညီတာဟာ ကောင်းတဲ့ ကိစ္စတစ်ခုဖြစ်တယ်။ ကျွန်တော်ပြောသမျှဟာ မှန်ကန်တယ်လို့ ဘယ်တော့မှ မယူဆခဲ့ပါဘူး။ ကိုယ်လေ့လာထားတာကိုသာ တင်ပြခြင်းသာဖြစ်တယ်။ ကျွန်တော်ဖြစ်စေချင်တဲ့ဆန္ဒက အတွေးအခေါ်အယူအဆအသစ်ကိုဆင်ခြင်ပြီး လက်ခံစေချင်တယ်။ (၂၁) ရာစုနှစ်မှာ ကမ္ဘာကြီးဟာ ပြောင်းလဲနေပါပြီ။ အရှေ့နဲ့ အနောက်ဆိုတဲ့ သတ်မှတ်ချက်တွေဟာ အသက်မဝင်တော့ဘဲ ကမ္ဘာမြေကြီးဟာ အလွန်ကျဉ်းမြောင်းပြီး နီးစပ်လာပါပြီ။ မိမိရဲ့ယဉ်ကျေးမှုကို မြတ်နိုးသလို အခြားလူတွေရဲ့ ယဉ်ကျေးမှုကိုလည်း အသိမှတ်ပြုရမှာဖြစ်တယ်။ လူငယ်နဲ့ လူကြီး၊ ဆရာ ဆရာမနဲ့ ကျောင်း၊ မိဘနဲ့ သားသမီး ဆက်ဆံရေး ဆက်ဆံမှုတွေဟာ ခေတ်နဲ့အညီပြောင်းလဲလာခဲ့ပါပြီ။ အိုင်တီထွန်းကားတဲ့ခေတ်မှာ လူကြီးတွေက လူငယ်တွေကို ဆရာတင်နေရပါပြီ။ ဒါကိုလက်ခံရမှာသာဖြစ်တယ်။ မိမိရဲ့သားသမီးကို ကျွေးထားမွေးထားတာမို့ ကိုယ့်ဆန္ဒအတိုင်းဖြစ်ရမယ်ဆိုတဲ့ အတွေးတွေ စွဲကပ်နေလို့ မဖြစ်တော့ပါဘူး။ စာသင်တဲ့ ဆရာတွေဟာ ကျောင်းသူကျောင်းသားတွေနဲ့ လက်တွဲပြီး အသိတရားပညာအသစ်တွေကို ရှာဖွေနေရတာဖြစ်တယ်။

ကျွန်တော်ဟောပြောပွဲမစမီ ဥက္ကဋ္ဌက ဆရာတော်တစ်ပါး ဟောပြောပွဲတက်ဖို့ စုံစမ်းခဲ့ကြောင်းသိခဲ့ရတယ်။ တက်မယ်လို့လည်း သိရတယ်။ ကျွန်တော်ဟောပြောပွဲအပြီးမှာ ဆရာတော်နဲ့ စကားပြောဖြစ်ပါတယ်။ ဆရာတော်က ထူးဆန်းတဲ့စကားတစ်ခွန်းပြောခဲ့တယ်။ "ဒကာကြီး ဟောပြောပွဲလုပ်တိုင်း လူငယ်တွေကို လောဘတရားဟောပေးပါ" လို့ မိန့်ခဲ့ပါတယ်။ ကျွန်တော်ကလည်း "တင်ပါ့ဘုရား" ဆိုပြီး လျှောက်ခဲ့ပါတယ်။

ဆရာတော်မိန့်ကြားခဲ့တာကို နားထောင်ပြီး ကျွန်တော့်ရင်ထဲမှာဟောပြောပွဲလုပ်တိုင်း ကြုံခဲ့ရတဲ့ခံစားချက်တစ်ခုကို သတိရမိတယ်။ ကျွန်တော်ဟောပြောပွဲလုပ်တဲ့ ရည်ရွယ်ချက်က လူငယ်တွေကို အောင်မြင်စေချင်တယ်။ ထူးချွန်စေချင်တယ်။ ဒါကြောင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားပါလို့အမြဲပြောခဲ့တာ။ အမေရိကန်နိုင်ငံသမ္မတကြီး အိုဘားမားမြန်မာပြည်ရောက်တုန်းကသုံးခဲ့တဲ့ မြန်မာစကားပုံကိုလည်း မျှဝေခဲ့တယ်။ "ငုတ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်" ဆိုတာကို ကျွန်တော်ကိုယ်တိုင်သိပ်သဘောကျခဲ့တာ။ ဒါပေမယ့် အခုလိုအားပေးပြီး အိမ်ပြန်ရောက်တော့ စိတ်ထဲမှာ ကိုယ်ပြောခဲ့တာဟာ မှားနေသလားလို့ထင်မိတယ်။ လောဘတရားကို ဟောနေတာမို့ လိပ်ပြာမသန့်ခဲ့ဘူး။ ဒါပေမယ့် ဆရာတော်က လောဘတရားဟောပါလို့ ပြောရုံမက လောဘနှစ်မျိုးရှိတာကို ရှင်းပြပေးခဲ့တယ်။ ဝိသမလောဘနဲ့ သမလောဘ။ ဝိသမဆိုတာက မတရားတဲ့ မမှန်ကန်တဲ့လောဘ၊ သမလောဘကတော့ ကောင်းတဲ့လောဘဖြစ်ကြောင်း ရှင်းပြပေးခဲ့တယ်။

ဆရာတော်ရဲ့ဖြေရှင်းချက်ကိုကြားရပြီး ကျွန်တော်အလွန်အားတက်ခဲ့တယ်။ ကိုယ်လုပ်နေတာတွေဟာ မှန်နေကြောင်း သိရလို့လည်း စိတ်ထဲမှာ ကြည်နူးမိပါတယ်။ ဆရာတော်ပြောသလို ကျွန်တော်ဟောပြောပွဲတိုင်းမှာ ဝိသမနဲ့ သမလောဘအကြောင်းပြောဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဟောပြောပွဲအပြီးမှာ ဥက္ကဋ္ဌနဲ့တာဝန်ရှိသူတွေက နေ့လယ်စာကျွေးပါတယ်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာရဲ့လုပ်ငန်းတွေကိုလည်းပြောပြခဲ့တယ်။ ကျွန်တော်မကြာခဏတိုက်တွန်းခဲ့တဲ့ လူမှုရေးပြဿနာတွေကို စီးပွားရေးနည်းတွေနဲ့ ဖြေရှင်းပေးတဲ့ လူမှုစီးပွားရေးလုပ်ငန်းတွေ လုပ်နေတာကြားရလို့ ဝမ်းသာမိတယ်။ တစ်နည်းပြောရရင် (Social business) စီးပွားရေးချဉ်းကပ်မှုတွေကိုသုံးရင်း လူမှုရေးပြဿနာတွေကို ဖြေရှင်းပေးခြင်းဖြစ်တယ်။

အခုလို တစ်ကြိမ်တစ်ခါမှမလုပ်ဖူးခဲ့တဲ့ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာ ဟောပြောပွဲလုပ်ခဲ့ရတာကို ဝမ်းသာကြည်နူးမိတာတော့ အမှန်ပါ။ ။

---

# မန္တလေး၌ မူးယစ်ဆေးဝါးနှင့် HIV ကာကွယ်ရေးလုပ်ငန်း အထောက်အကူသင်တန်းဖွင့်

**မန္တလေး အောက်တိုဘာ ၁၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ဝန်ထမ်းများအတွက် မူးယစ်ဆေးဝါးနှင့် HIV ကာကွယ်ရေးလုပ်ငန်းအထောက်အကူပြုသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၇၈ လမ်း (၄၂ × ၄၃) လမ်းကြားရှိ Wilson Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို UNAIDS ၏ပံ့ပိုးမှု (Sao Mon) စောမွန်လူမှုဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်ဟု သိရသည်။ အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်က မူးယစ်ဆေးဝါးအန္တရာယ်၏ဆိုးကျိုးများနှင့် တားဆီးနှိမ်နင်းရေး စသည်တို့ကို ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ဥက္ကဋ္ဌဦးဝင်းမြင့်(မန္တလေးဗဟို)က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ဝင်များ၊ သင်တန်းဆရာများ၊ သင်တန်းသားသင်တန်းသူများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ပို့ချခဲ့ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

# တရုတ်ဘက်မှ အဝယ်လိုက်လာသဖြင့် မိုးသီးနှံမြေပဲဆန်များ အနည်းငယ်ဈေးတက်

**ဇင်ဦး(မြန်မာ့အလင်း)**



အောက်တိုဘာလ ဒုတိယပတ်အတွင်းမှစတင်ကာ တရုတ်နိုင်ငံဘက်မှ အဝယ်လိုက်လာသဖြင့် မြေပဲဆန်ဈေးနှုန်းများ စတက်လာခဲ့သည်။ ယခု လက်ရှိပေါက်ဈေးမှာ S1 အဖြူဆန် တစ်ပိဿာ လျှင် ငွေကျပ် ၂၀၀၀ မှ ၂၂၀၀၊ အနီဆန်မှာ ငွေကျပ် ၂၂၀၀ အထိ ဈေးရနေကြောင်း သိရသည်။ ယခုနှစ်မူလဈေး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၃၂၀၀ အထိ ပြန်တက်ပါက တောင်သူများအတွက် တွက်ခြေကိုက်လာနိုင်ကြောင်း မန္တလေးကုန်စည်ဒိုင်မှ ပွဲရုံလုပ်ငန်းရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

လွန်ခဲ့သည့် ဇူလိုင်လအတွင်းက စတင်ပြီး အောက်တိုဘာလဆန်းပိုင်းအထိ တရုတ်ဘက်မှ အဝယ်ရပ်လိုက်သဖြင့် သီးနှံပေါ်ချိန် မြေပဲဆန်ဈေးနှုန်းများ အဆမတန်ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဇူလိုင်လကုန်မတိုင်မီက အမြင့်ဆုံးဈေးမှာ S1 အဖြူဆန် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၊ အနီလုံးဆန်ဆိုလျှင် ငွေကျပ် ၃၂၀၀ အထိ ဈေးတက်ခဲ့သည်။ အောက်တိုဘာ လဆန်းပိုင်းတွင် ဆီဆန် အတွက် S1 အဖြူဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ မှ ၁၇၀၀နှင့် အနီဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ မှ ၁၇၀၀ ခန့်ပဲရှိတော့ကြောင်း၊ လုံးဆန်အဖြူအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၁၈၀၀ ရှိပြီး အနီဆန်ဆိုလျှင် ငွေကျပ် ၁၉၀၀ ခန့်သာရှိတော့သဖြင့် ယင်းဈေးနှုန်းများသည် ဆယ်စုနှစ်တစ်ခုအတွင်း မကြုံစဖူးကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းများကျဆင်းလာသည့်အတွက် တောင်သူများ၊ ဝယ်ယူသိုလှောင်ထားသည့် ပွဲရုံများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့သည်။ ယခုအချိန် စက်တင်ဘာလလယ်ပိုင်းမှစတင်၍ မိုးသီးနှံမြေပဲများ စတင်ထွက်ပေါ်လာသည့် အချိန်နှင့်လည်း တိုက်ဆိုင်နေသည်။ ထို့ကြောင့် နွားထိုးကြီး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ မကွေး၊ ညောင်ဦး၊ ရေနံချောင်းနယ်များမှ မန္တလေး ဈေးကွက်အတွင်း ဝင်ရောက်လာခဲ့ပြီး ဈေးနှုန်းကျဆင်းခဲ့သည့်အတွက် မိုးမြေပဲစိုက်တောင်သူများ နစ်နာခဲ့သည်။

တောင်သူများမှာ စိုက်ပျိုးရာသီကာလတွင် မိုး၊ လေအမီ စိုက်ပျိုးနိုင်ရန်အတွက် လုပ်ကိုင်ကြရပြီး မျိုးစေ့မျိုးဆန်ကိုလည်း ပွဲရုံများမှ ဈေးကြီးပေး ဝယ်ယူစိုက်ပျိုးကြရသည်။ မျိုးမြေပဲဆန်တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ နှင့် ဝယ်ယူစိုက်ပျိုးခဲ့ကြရပြီး သီးနှံပေါ်ချိန်တွင် ပွဲရုံများသို့ ပြန်လည်ရောင်းချရာ၌ မြေပဲဆန်တစ်တင်းလျှင် ငွေကျပ် ၂၈၀၀၀ သာ ရရှိခဲ့သည်ဟု ဆိုသည်။ တောင်သူများမှာ မြေပဲဆန် တစ်တင်းကျ ယာတစ်ခင်းလျှင် မြေပဲအတောင့် တင်း ၂၀ မှ ၃၅တင်း၊ ၄၀ အထိ ရရှိကြသော်လည်း အလုပ်သမားစရိတ်ကြီးမြင့်မှု၊ ရောင်းချရာတွင် ဈေးမရရှိမှုတို့ကြောင့် အကျိုးအမြတ်နည်းပါးကြသည်။

"အခုနှစ်က ရာသီဥတု မျှတတဲ့အတွက်ကြောင့် အထွက်နှုန်းလည်း ကောင်းတယ်။ အထွက်နှုန်းကောင်းတဲ့အတွက် ဈေးကောင်းဖို့လည်းလိုတယ်။ တကယ်လို့ အခုအတိုင်းပဲ ငြိမ်နေပြီး နောက်ထပ် တက်ရိပ်မပြဘူးဆိုရင် တောင်သူတွေ စိုက်ပျိုးစရိတ်မှာ နစ်နာနိုင်တယ်။ မန္တလေးကုန်စည်ဒိုင်ဈေးကွက်ကနေ တရုတ်ဘက်ကိုတင်ပို့တာ ဆယ်စုနှစ် တစ်ခုကျော်လာခဲ့ပါပြီ။ ပြီးခဲ့တဲ့လတွေထဲက တရုတ်က အဝယ်ရပ်လိုက်တဲ့အတွက် ပြည်တွင်းဈေးကွက်မှာ တစ်တိုင်းတစ်ပြည်လုံးဈေးကျတယ်။ ပြည်တွင်းမှာ ဆီပဲကြိတ်ရောင်းမယ်ဆိုရင်လည်း လက်ရှိဈေးနဲ့ ကြိတ်ရောင်းမယ်ဆိုရင် တစ်ပိဿာကို ငွေကျပ် ၄၅၀၀ လောက်နဲ့ ရောင်းမှာပဲဆိုတော့ ဝယ်မစားရင် ရှုံးမှာပဲ။ ပြီးခဲ့တဲ့နှစ်ကတော့ အကျက ဒီလောက်ထိမဆိုးရွားခဲ့ဘူး။ တစ်ပိဿာ ငွေကျပ် ၂၄၀၀ မှ ၂၅၀၀ လောက် ဈေးတန်းနေခဲ့သေးတယ်။ တရုတ်ဘက်က ဆက်ဝယ်ပါစေလို့ အားလုံးက ဝိုင်းပြီးဆုတောင်းရမှာပါပဲ"ဟု ဦးစိုးဝင်းမြင့်က ၎င်းအမြင်ကို ပြောသည်။

"မြေပဲဆန်ကတော့ ဆီဆန်ဆိုတာရှိတယ် မြေပဲ(လုံးဆန်)ဆိုတာကတော့ အရင်တုန်းက မြန်မာပြည်မှာ နိုင်ငံခြားတင်ပို့မှုမရှိခင်တုန်းကတော့ မုန့်လုပ်တဲ့နေရာတွေမှာသုံးတယ်။ အဲဒါကတော့ သီးသန့်မြေပဲတောင့်ကို ခွာပြီးတော့ သီးသန့် ခွဲခြမ်းတွေမပါဘဲနဲ့ လုံးဆန်ဆိုတာကို ရအောင်လုပ်တယ်။ အစားအသောက်လုပ်ငန်းတွေအတွက် သုံးတယ်။ အခုနောက်ပိုင်း Export တင်ပို့တဲ့အခါမှာကျတော့ လုံးဆန်ဆိုတာ တွင်တွင်ကျယ်ကျယ်ဖြစ်လာတယ်။ မြေပဲကို စက်နဲ့ခွဲတဲ့အခါ အဆန်က အမာမဟုတ်တော့ တချို့ကွဲသွားတဲ့အဆန်တွေကိုတော့ ဆီစက်တွေမှာ ဆီအဖြစ်အသုံးပြုကြတယ်။ ဒီဘက်ခေတ်မှာကျတော့ လုံးဆန်ကို အားပြုထုတ်တဲ့အခါမှာ တရုတ်ကလည်းဝယ်တယ်"ဟု ဈေးကွက်တင်ပို့မှုနှင့်ပတ်သက်၍ ပြောပြသည်။

ဆီကြိတ်သည့်အခါတွင် မြေပဲဆန်တွေထဲမှာ ဈေးယှဉ်ပြိုင်မှုအနေဖြင့် စားအုန်းဆီထက် မြေပဲဆီမှာ ဈေးကြီးနေကြောင်း၊ ယခုလက်ရှိအနေအထားအရ မြေပဲဆီထက် သုံးချိုးတစ်ချိုးသာ ဈေးရှိသည့်စားအုန်းဆီများကို နိုင်ငံခြားသွင်းကုန်အနေဖြင့် တင်သွင်းလာကြပြီး ဈေးသက်သာသည့်အတွက်ကြောင့် စားအုန်းဆီကိုသာ အားပြုစားသုံးလာကြသည်ဟု ဆိုသည်။ အခုချိန်တွင် မြေပဲနှင့်ကြိတ်သော ဆီဈေးမှာ ငွေကျပ် ၅၀၀၀ နှင့် ၆၀၀၀ အကြားရှိသည့်အတွက်ကြောင့် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ နှင့် ၂၀၀၀ ခန့်သာရှိသည့်အတွက် သုံးချိုးတစ်ချိုးခန့်ကွာဟနေပြီး ပြည်တွင်းစားသုံးသူများအနေဖြင့် တွက်ခြေကိုက်သည့် စားသုံးဆီများကိုသာ စားသုံးလာကြကြောင်း ၎င်းက ပြောသည်။

# စပါးခင်းများတွင်ကျရောက်တတ်သည့် စပါးဆစ်ပိုးနှင့် ဖြုတ်ပိုးများကို ကာကွယ်နိုင်ပြီ

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ**



တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စပါးခင်းများတွင် အင်းဆက်ဖျက်ပိုး အမျိုးမျိုးတို့ကျရောက်လျက်ရှိရာ တောင်သူများအနေဖြင့် အကောင်းဆုံးအော်ဂဲနစ်ဆေး ရည်တစ်မျိုးဖြစ်သည့် ဆင်တုံးမနွယ်ဆေးရည်ကိုအသုံးပြုခြင်းဖြင့် စပါးဆစ်ပိုးနှင့် ဖြုတ်ပိုးဟုခေါ်သော အင်းဆက်ပိုးမွှားများကို ကာကွယ်နိုင်ပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းထံမှ သိရသည်။

ဆန်စပါးစိုက် တောင်သူများအနေဖြင့် စပါးခင်းများတွင် အင်းဆက်ပိုးမွှား များကျရောက်သောကြောင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပြီး ငွေကုန်ကြေးကျလည်း များစွာကုန်ကျနေကြသည်။ မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ ကျေးရွာအချို့၏ စပါးခင်းများတွင်လည်း စက်တင်ဘာလ ဒုတိယပတ်မှစ၍ စပါးဆစ်ပိုးနှင့် ဖြုတ်ပိုးများကျရောက်ခဲ့ရာ အဆိုပါ ကျေးရွာများသို့ တိုင်းဒေသကြီးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့သည်။




ဆွေးနွေးပွဲတွင် အင်းဆက်ပိုးမွှားများကို ကာကွယ်နှိမ်နင်းနိုင်ရန် ဈေးနှုန်းသက်သာသော အော်ဂဲနစ်ဆေးရည်ဖြစ်သည့် ဆင်တုံးမနွယ်ဆေးရည်နှင့် ငရုတ်သီးဆေးရည်တို့ကိုသုံးစွဲရန် ညွှန်ပြပေးခဲ့ရာ တောင်သူတစ်ဦးက စတင်သုံးစွဲခဲ့ပြီး ယခုအခါ စပါးခင်းများတွင် ဆစ်ပိုးနှင့် ဖြုတ်ပိုးများအား သေစေနိုင်သည့်အပြင် စပါးခင်းများ ပြန်လည်စိမ်းလန်းလာကြောင်း သိရသည်။

"ငဖဲမြို့နယ်မှာရှိတဲ့ စပါးခင်းတော်တော်များများမှာ ဆစ်ပိုးနဲ့ဖြုတ်ပိုးတွေကျတော့ စပါးခင်တွေဝါကုန်တယ်။ အဲဒီအခါမှာ ဓာတုပိုးသတ်ဆေးတွေကို အမျိုးမျိုးသုံးကြတယ်။ ဒါပေမယ့်မထူးခြားဘူး။ စိုက်ပျိုးရေးဦးစီးဌာနက လာပြီးပညာပေးဆွေးနွေးပွဲလုပ်တဲ့အခါ ဆင်တုံးမနွယ်နဲ့လုပ်တဲ့ဆေးရည်ကိုသုံးဖို့ လမ်းညွှန်ပါတယ်။ နောက်ပြီး ငရုတ်သီးနဲ့လုပ်တဲ့ဆေးရည်လည်း ညွှန်သေးတယ်။ ငရုတ်သီးနဲ့ လုပ်တဲ့ဆေးရည်မှာ EM လို့ ခေါ်တဲ့ဆေးရည်က ဝယ်လို့မလွယ်တဲ့အတွက် စိုက်ပျိုးရေးဌာနကနေပြီး အခမဲ့ပေးတယ်။ နောက်လိုအပ်တဲ့ တောင်သူတွေကို တစ်လီတာ ငွေကျပ် ၁၀၀၀ နှုန်းနဲ့ ရောင်းပေးမယ်လို့ သိရပါတယ်။ အဲဒီ ဆေးတွေက ကိုယ်တိုင်အိမ်မှာလုပ်လို့ရတယ်။ ငွေကုန်ကြေးကျလည်းမရှိဘူးဆိုပြီး စမ်းသပ်လုပ်လိုက်တာ။ အခုတော့ ပိုးမွှားတွေသေပြီး စပါးခင်းတွေလည်းပြန်စိမ်းလာပါတယ်။ အရင်က စပါးခင်းထဲပိုးကျလို့ ဓာတုပိုးသတ်ဆေးဝယ်ဖျန်းရင် တစ်ဧကကို ငွေကျပ် ၁၀၀၀၀ နီးပါးလောက်ကုန်တယ်။ တောက်လျှောက် ဖျန်းနေရတော့ မလွယ်တော့ဘူး။ ကျန်တဲ့ တောင်သူတွေကတော့ ဘာလို့လဲမသိဘူး စမ်းသပ်လုပ်ကြည့်တာမတွေ့ရဘူး။ အခုတော့ မိတ်ဆွေတောင်သူတွေကို ဆင်တုံးမနွယ်ဆေးရည်နဲ့ ငရုတ်သီးနဲ့လုပ်ထားတဲ့ဆေးရည်ကို သုံးရတာ အဆင်ပြေကြောင်း ပြောပြတော့ စမ်းသပ်ဖျန်းနေကြပြီ "ဟုလေးအိမ်စုကျေးရွာမှ တောင်သူ ဦးတင်စိန်က ဆင်တုံးမနွယ်ဆေးရည်ကို ကိုယ်တိုင်အသုံးပြုပြီး အကျိုးရှိပုံကို ပြောပြသည်။

"ဆင်တုံးမနွယ်ဆေးရည်နှင့် ငရုတ်သီးဖြင့်ပြုလုပ်ထားသည့်ဆေးရည်တို့သည် အော်ဂဲနစ်ဆေးရည်များဖြစ်သည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ခြင်း၊ ငွေကုန်ကြေးကျနည်းပါးခြင်း၊ ပက်ဖျန်းစဉ်အခါတွင်လည်း လူတွင်အဆိပ်သင့်မှုးဝေမှုမဖြစ်ပေါ်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်သည်။

"ဆင်တုံးမနွယ်ဆေးရည်ပြုလုပ်နည်းကတော့ ဆင်တုံးမနွယ်ငါးပိဿာကို စဉ်းရေ ၁၂ လီတာနဲ့ရောပြီး ၁၂ နာရီကြာစိမ်ထားရပါတယ်။ ရရှိလာတဲ့ဆေးရည်ကို နို့ဆီဘူးတစ်ဘူးစာကို ဆေးဖျန်းပုံးထဲထည့်ပြီးတော့ ရေထည့်ပြီး ပက်ဖျန်းလို့ရပါပြီ။ နောက်ထပ် ငရုတ်သီးဆေးရည်ကျတော့ EM ဆေးရည် တစ်လီတာကို ငရုတ်သီး၅၀ သား၊ ချင်း ၅၀ သား၊ ဆေးရွက်ကြီး ၅၀ သားကို ၂၅ ပိဿာဝင်အိုးထဲကိုထည့်ပြီး ရေအပြည့်ဖြည့်မယ်။ အဲဒါကို ၁၀ ရက်ခန့်ထားပြီး ပက်ဖျန်းလို့ရပါပြီ။ အဲဒီနည်းတွေကို လေးအိမ်စုကျေးရွာမှတောင်သူတစ်ဦးကနေသုံးလိုက်တာ စပါးခင်းတွေပြန်ပြီးစိမ်းလာတယ်။ ပိုးတွေသေတယ်လို့သိရတော့ နောက်ထပ် ပင်ဦးကျေးရွာက တောင်သူဦးတင်အောင်ရဲ့စပါးခင်းတွေကိုလည်း အဲဒီဆေးတွေကိုသုံးခိုင်းတာ အခုဆို ဆစ်ပိုးရော၊ ဖြုတ်ပိုးရော ကာကွယ်နိုင်တဲ့အပြင် အရင်စပါးခင်းတွေဝါနေတာကနေ အခုပြန်ပြီး စိမ်းလာတယ်လို့သိရပါတယ်။ EM ဆေးရည်ကတော့ စိုက်ပျိုးရေးသုတေသနနဲ့ လေ့ကျင့်ပညာပေးရေးဌာန ဇရပ်ကွင်း လှည်းကူးမြို့မှာပဲဝယ်လို့ရပါတယ် "ဟု ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ဆေးဖော်စပ်ပုံနှင့် အသုံးပြုပုံတို့ကို ရှင်းပြသည်။

အဆိုပါအော်ဂဲနစ်ဆေးရည်များကို အသုံးပြုခြင်းဖြင့် အင်းဆက်ပိုးမွှားများကို အစာစားချင်စိတ် ပျက်စေခြင်း၊ မိတ်လိုက်ချင်စိတ် ပျက်ခြင်းတို့ကြောင့် ပိုးများပေါက်ပွားမှုနှုန်းကို လျှော့ချနိုင်ပြီး ပိုးမွှားများကိုကာကွယ်နိုင်ခြင်း၊ တောင်သူများအနေဖြင့် ငွေကုန်ကြေးကျသက်သာခြင်း၊ ဖျော်စပ်ရာလွယ်ကူသဖြင့် အချိန်တိုအတွင်း အကြိမ်ရေများများ သုံးစွဲနိုင်ပြီး အပင်ကိုထိခိုက်မှုမရှိဘဲ ပိုးမွှားများကို ကာကွယ်နှိမ်နင်းနိုင်ကြောင်း သိရသည်။

"ယင်းဆေးရည်တွေက ပိုးမွှားတွေကို ကာကွယ်နိုင်ရုံသာရှိတယ်လို့ ပြောနိုင်ပါသေးတယ်။ ပိုးမွှားအများကြီးကျတဲ့ အခင်းတွေဆိုရင်တော့ အာမမခံနိုင်သေးပါဘူး။ ဘာလို့လဲဆိုတော့ ဒီဆေးရည်က အခုနှစ်မှစပြီး စမ်းသပ်တာပဲရှိပါသေးတယ်။ သုံးနှစ်ဆက်တိုက်စမ်းသပ်ပြီးလို့ အောင်မြင်ရင်တော့ ပိုးမွှားတွေကို ကာကွယ်နိုင်ရုံမကဘဲ နှိမ်နင်းနိုင်တယ်လို့ ပြောလို့ရတဲ့အထိ ဖြစ်လာမှာပါ"ဟု ဦးသိန်းဝင်းက ဆက်လက်ပြောပြသည်။

## မြန်မာပြည်အထက်ပိုင်းတွင် မိုးများ၍ ဖရဲ၊ သခွားများ အရည်အသွေးကျပြီး ဈေးလည်းကျဆင်းနေ

**ဖြိုးလွင်အောင် (AMIA)**

ယခုနှစ် မိုးရာသီနှောင်းပိုင်းတွင် မြန်မာပြည်အထက်ပိုင်း ဒေသအချို့မိုးများခဲ့သည့်အတွက် ဖရဲ၊ သခွားစိုက်ခင်းများသို့ရေဝင်ကာ အသီးအရည်အသွေးကျဆင်းပြီး ဈေးနှုန်းများလည်းကျဆင်းနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားအစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသစ္စာက ပြောသည်။

"အဲ့ဒီဒေသက တောင်သူအချို့က ပေါင်တင်မစိုက်ဘဲ ဒီအတိုင်း ဓာတ်စိုက် (မြေကြီးမှာ)စိုက်ကြတော့ မိုးရွာတဲ့အခါမှာအသီးရေစိုပြီး အသီးထဲမှာ အရည်ပါနေတော့ အရည်အသွေးလျော့တာပေါ့။ စိုက်ပျိုးနည်းစနစ်ကို ကျွန်တော်တို့ တောင်သူတွေက သိပ်နားမလည်ကြသေးဘူး။ နားလည်တဲ့တောင်သူတွေကတော့ မိုးရွာရင်လည်း အသီးရေမဝပ်အောင် ပေါင်တွေပေါ်မှာကို ပလတ်စတစ်အုပ်ပြီး စိုက်နေကြပြီ။ သခွားမွှေးဆိုရင်လည်း တိုင်တွေထောင်စိုက်ကြတာ" ဟု ၎င်းက ပြောသည်။

အောက်တိုဘာ ၂ရက်က မူဆယ် ဖရဲ၊ သခွားဈေးကွက်တွင် မန္တလေး ဖရဲသီးတစ်တန်လျှင် အမြင့်ဆုံး ယွမ် ၁၅၀၀၊ ရှမ်းပြည် ဖရဲသီးတစ်တန်လျှင် အမြင့်ဆုံး ယွမ် ၂၂၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်က မန္တလေးဖရဲသီး တစ်တန်လျှင် အမြင့်ဆုံး ယွမ် ၁၂၀၀၊ ရှမ်းပြည် ဖရဲသီး တစ်တန်လျှင် အမြင့်ဆုံး ယွမ် ၁၆၀၀ ဝန်းကျင်ဖြင့်သာအရောင်းအဝယ်ဖြစ်နေကြောင်း မူဆယ်-ခွာညီသစ်သီးဝလံကုန်စည်ဒိုင်မှ ဦးစိုင်းခင်မောင်မြင့်က ပြောသည်။

"တောင်သူတွေက အရည်အသွေးမီအောင် မစိုက်နိုင်တော့ ဈေးက တဖြည်းဖြည်းကျလာတာ။ အရည်အသွေးညံ့ရင်တော့ ရှမ်းပြည်သီးလည်း ကားတစ်စီးပြတ်တောင် တစ်တန်ကို ယွမ် ၈၀၀၊ ၁၀၀၀ လောက်ပဲရတယ်။ ဒီရက်ပိုင်း ယွမ်ဈေးလည်း ဖရဲဈေးနဲ့ လိုက်ပြီးကျလာတယ်" ဟု ၎င်းက ဆက်ပြောသည်။

မြန်မာနိုင်ငံတွင် ဖရဲ၊ သခွားကို ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ စက်တင်ဘာလတွင် စတင်စိုက်ပျိုးလေ့ရှိပြီး လက်ရှိတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ တစ်ရက်လျှင် ဖရဲ၊ သခွားကား အစီးရေ ၈၀ ခန့် ဝင်ရောက်နေကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရသည်။

မြန်မာနိုင်ငံမှ ဖရဲ၊ သခွားကိုပြည်ပဈေးကွက်တိုးချဲ့နိုင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် မြန်မာ ဖရဲ၊ သခွားအများပိုင်ကုမ္ပဏီကို တည်ထောင်နိုင်ရန်ပြင်ဆင်နေကြောင်း၊ လက်ရှိတွင် အများပိုင်ကုမ္ပဏီတည်ထောင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပစီးပွားရေး အကြံပေးပညာရှင်များ၊ ကုမ္ပဏီများနှင့် အသင်းအဖွဲ့စည်းမျဉ်းများ၊ ရှယ်ယာထည့်ဝင်မည့် ပမာဏများနှင့် အများပိုင်ကုမ္ပဏီ လုပ်ငန်းစဉ်အသေးစိတ်အချက်အလက်များကို ဆွေးနွေးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောသည်။

# ရော်ဘာအရည်အသွေးစစ် ဓာတ်ခွဲခန်းမှ အသိအမှတ်ပြုထောက်ခံချက် ယခုနှစ်ကုန်ပိုင်းတွင်ရနိုင်

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-ကေဇူး**



ရော်ဘာအရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းတစ်ခုကို လှည်းကူးမြို့နယ်တွင် ဖွင့်လှစ်ထားပြီးအပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ထောက်ခံချက်ရရှိရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရော်ဘာအသင်းမှ အကြံပေး ဦးဟန်မြင့်က ပြောသည်။

"အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ရဖို့အတွက် လုပ်နေတယ်။ အဲ့ဒါတွေနဲ့ ပတ်သက်လို့ မလေးရှားနိုင်ငံက ရော်ဘာဘုတ်အဖွဲ့က ဟုတ်ရောဟုတ်လို့လား၊ စစ်ဆေးနိုင်သလား၊ ကိရိယာတွေရော ဟုတ်ရဲ့လား၊ စစ်ဆေးနည်းတွေရောဟုတ်ရဲ့လားဆိုတာကို လာစစ်ဆေးဖို့ညှိနှိုင်းနေတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် အဆိုပါဓာတ်ခွဲခန်းမှ TSR( Technically Specified Rubber) ဟုခေါ်သော ခရမ့်ရော်ဘာကိုသာ စစ်ဆေးပေးနိုင်ကြောင်း သိရသည်။ မလေးရှား ရော်ဘာဘုတ်အဖွဲ့မှ စစ်ဆေးရရှိသောရလဒ်နှင့် ရော်ဘာဝယ်ယူမည့်နိုင်ငံမှ ထပ်မံစစ်ဆေးသောရလဒ်တူညီမှသာ ဓာတ်ခွဲခန်းအဖြေကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

မုဒုံမြို့ ရော်ဘာခြံပိုင်ရှင်ဖြစ်သူ ဦးဝင်းထွဋ်က "ဒီလိုအဆင့်ဝင်ဖို့ဆိုတာကလည်း ခြံပိုင်ရှင်ကိုယ်တိုင်က ထဲထဲဝင်ဝင်ကြည့်ပြီး လိုက်လုပ်နိုင်တာပေါ့။ အလုပ်သမားတွေကိုလည်း အများကြီးပေးမလုပ်ဘဲနဲ့ အစေးခြစ်ဆိုလည်း သူ့အတွက် သီးသန့်ပေါ့။ အစေးလှီးတယ်၊ အစေးသိမ်းတယ်၊ သူ့တစ်ယောက်တည်းပဲထားပေးနိုင်တယ်ဆိုလည်း တစ်မျိုးသွားတာပေါ့"ဟု ပြောသည်။

လက်ရှိတွင် ရော်ဘာပေါက်ဈေးမှာ တစ်ပေါင်လျှင် ငွေကျပ် ၆၅၀ မှ ၇၀၀ ကြားဈေးရှိပြီး ဓာတ်ခွဲခန်းမှ အရည်အသွေးအသိအမှတ်ပြုလက်မှတ်ရပါက လက်ရှိပေါက်ဈေးထက် ရှစ်ဆမှ ၁၀ ဆခန့်အထိ ဈေးပိုရနိုင်ကြောင်း ရော်ဘာစိုက်ပျိုးရောင်းချသူများက ပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ရော်ဘာများကို တရုတ်နိုင်ငံမှ အဓိကဝယ်ယူပြီး ဂျပန်၊ မလေးရှား၊ ထိုင်းနိုင်ငံတို့ကလည်း ဝယ်ယူကြောင်း သိရသည်။

သို့သော် လက်ရှိအချိန်ထိ အရည်အသွေးသတ်မှတ်ချက်မရှိ၍ နိုင်ငံတကာဈေးကွက်မမီဘဲ ဈေးကွက်ခိုင်မာမှုလည်းမရှိကြောင်း ရော်ဘာလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

# ကြက်သွန်နီစိုက်တောင်သူများ လက်ရှိကြက်သွန်နီဈေးကွက်တွင် အရှုံးပေါ်

**စိုးလင်းနိုင် (ပြန်/ဆက်)**

**မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများသည် လက်ရှိကြက်သွန်နီဈေးဖြင့် အရောင်းအဝယ်အေးနေပြီး အရှုံးပေါ်နေကြောင်း သိရသည်။ ဆိပ်ဖြူမြို့နယ်ရှိ တောင်သူများသည် ဆောင်သီးနှံအဖြစ် ကြက်သွန်နီကို အဓိကအားထားစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်ရာ နှစ်စဉ် ယောချောင်းတစ်လျှောက်နှင့် ကိုင်းမြေကုန်းမြေများတွင် ရေသွင်းစိုက်ပျိုးခဲ့ကြသည်။ ယခင်နှစ်က ကြက်သွန်နီဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ယခုနှစ်တွင် ဈေးနှုန်းကျကြောင်း သိရသည်။**



ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်ရာတွင် နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော်ကာလတွင် ကိုင်းမြေနှင့် ကုန်းစိုက်ခင်းများတွင် ကြက်သွန်နီဥစိုက်မျိုး (ဇော်မွှား)ကို စတင်၍ စိုက်ပျိုးခဲ့ကြကြောင်း၊ နတ်တော်လနှင့် ပြာသိုလများတွင် ကြက်သွန်ပင်ပျိုးများကို ထပ်မံစိုက်ပျိုးကြကြောင်း၊ ကြက်သွန်စိုက်ပျိုးသူတောင်သူများထံ ယခင်နှစ်က ကြက်သွန်နီဥစိုက်မျိုး အချိန် ၁၀၀ လျှင် ငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိန်းဈေးဖြင့် အရောင်းဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် ကြက်သွန်နီဥစိုက်မျိုး အချိန် ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၊ ၃၀၀၀၀ ဝန်းကျင်ဖြင့်သာ ရောင်းချနေရကြောင်းသိရသည်။

ကြက်သွန်နီ တင်ပို့ရောင်းချမှုနှင့် ပတ်သက်၍ ယခင်နှစ် ကြက်သွန်နီတင်ပို့ရောင်းချမှုတွင် အချိန် ၁၀၀ လျှင် ငွေကျပ် သုံးသိန်းနှုန်းခန့်အထိ မြင့်တက်ခဲ့၍ ယခုနှစ်တွင် ထိပ်စ (ရောရာ) ငွေကျပ် ၅၀၀၀၀ ဝန်းကျင် ခန့်သာ နယ်ဈေးပေါက်နေကြောင်း ကြက်သွန်ကုန်သည်တစ်ဦးကပြောသည်။

ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရာတွင် ကြက်သွန်နီဥစိုက်မျိုးမှထွက်ရှိသည့် ကြက်သွန်နီသည် ကုန်ချိန်အလျော့များ၍ တာရှည်အထားမခံကြောင်း၊ အပင်စိုက်မျိုးမှ ထွက်ရှိသည့် ကြက်သွန်နီကို တန်ခူးလမှ တန်ဆောင်မုန်းလအထိ အထားခံ၍ သိုလှောင်ထားရှိကာ တင်ပို့ရောင်းချမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဓိကဈေးကွက်မှာ ရန်ကုန် ဘုရင့်နောင် ဈေးကွက်ဖြစ်ကြောင်း၊ ကြက်သွန်နီသည် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့်အတွက် နွေရာသီနှင့်မိုးရာသီကာလများတွင် သိုလှောင်ထားနိုင်ကာ ဆောင်းဦးဝင်လာသည်နှင့် ကြက်သွန်နီအရောင်ပျက် ဈေးလျော့ခြင်း၊ အပုပ်အနာ အဆာများလာခြင်း၊ ကြက်သွန်ပင်အညှောက်များ ပြန်လည်ထွက်ရှိကာ အူချောင်၍ ကြက်သွန်ကုန်ချိန်အလျော့များလာကြောင်း၊ ကြက်သွန်နီသည် အသန့်ကြိုက်သော သီးနှံတစ်မျိုးဖြစ်ကာ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီများကို မိုးလုံ၍ လေဝင် လေထွက်ကောင်းသော ဝါးကပ်ကာ ဝါးကြမ်းခင်းများဖြင့် လှိုင်းပုံစနစ်ထားရှိ သိုလှောင်ရကာ ကြက်သွန်နီ အပုပ်အနာအဆာများကို အမြဲမပြတ်သန့်စင်ပေးနေသော ကုန်စည်တစ်မျိုးဖြစ်ကြောင်း သိရှိရသည်။

တစ်လလျှင် ကြက်သွန်နီကုန်ချိန် ၁၀၀ လျှင် အလျော့ တွက်ငါးပိဿာ ခန့်ရှိကြောင်း ယခုနှစ်တွင် ကုန်စည်ဈေးကွက်လျော့နည်းခြင်း၊ သွင်းအားစုစရိတ်မြင့်မားခြင်းတို့ကြောင့် ကြက်သွန်စိုက်ပျိုးထုတ်လုပ်ခဲ့သည့် တောင်သူများ၊ ကျင်းပေါ် ဝယ်လှောင်ကုန်သည်များ လတ်တလောမှာအရှုံးများနှင့်တွေ့ကြုံနေရကြောင်း စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

ကြက်သွန်နီသည် သွင်းအားစုများစွာသုံး၍ စိုက်ပျိုးထုတ်လုပ်ရသောသီးနှံတစ်မျိုးဖြစ်ကာ နွားချေး၊ နှမ်းဖတ်ကို အဓိကထားစိုက်ပျိုးထုတ်လုပ်ရပြီး ကုန်းစိုက်ခြင်းများထက် ချောင်းမြေစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများက သွင်းအားစုပိုမိုသုံးစွဲရပြီး စိုက်ပျိုးထုတ်လုပ်စရိတ်၊ အလုပ်သမားစရိတ်၊ သယ်ယူပို့ဆောင် ဝန်ဆောင်မှုစရိတ်များစုပေါင်း၍ တွက်ချက်လျှင် လတ်တလောအခြေအနေများတွင် ကုန်းစိုက်ပျိုးထုတ်လုပ်တောင်သူများတွင် ၂၀ ရာခိုင်နှုန်း၊ ချောင်းစိုက်ပျိုးထုတ်လုပ် တောင်သူများတွင် ၈၀ ရာခိုင်နှုန်း အရှုံးများနှင့် ရင်ဆိုင်နေရကြောင်း ကုန်သည်တစ်ဦးက ပြောပြသည်။

## ပြည်ပဈေးကွက်ဝင် ကျွဲကောသီးများ သီးသန့်စိုက်ပျိုးရန် စိုက်ပျိုးရေးဇုန်ဖော်ဆောင်မည်

မြန်မာနိုင်ငံမှ ကျွဲကောသီးများကို ပြည်ပသို့တင်ပို့နိုင်ရန် သီးသန့်စိုက်ပျိုးရေးဇုန်ကိုအကောင်အထည်ဖော်ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျွဲကောစိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချသူများအစုအဖွဲ့မှ သိရသည်။

"အဓိကက ဒေသခံတွေအနေနဲ့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်အောင်လည်း ရည်ရွယ်တယ်။ ပြီးတော့ ပြည်ပကို ဈေးကွက်ဝင်အသီးဖြစ်ဖို့လည်း ရည်ရွယ်တယ်။ အဲ့ဒီဇုန်အတွင်းမှာ သတ်မှတ်ထားတဲ့ အသီးတစ်မျိုးတည်းကိုပဲ စိုက်ပျိုးရမှာပါ"ဟု မြန်မာနိုင်ငံ ကျွဲကောစိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချသူများအစုအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းက ပြောသည်။

အဆိုပါ စိုက်ပျိုးရေးဇုန်ကို ကျိုက်ထိုမြို့နယ်တွင် ဧက ၂၀၀၀ နှင့် မုဒုံမြို့နယ်တွင် ဧက ၁၀၀၀ ခန့် မြေနေရာရွေးချယ်ထားပြီး ၂၀၁၇ ခုနှစ် ကျွဲကောစိုက်ရာသီတွင် စတင်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးကာလ ခုနစ်နှစ်ခန့်ကြာပါက ဈေးကွက်သို့တင်ပို့နိုင်ကြောင်း သိရသည်။ ကျွဲကောသီးကို မွန်ပြည်နယ်တွင် အဓိကစိုက်ပျိုးပြီး ကျွဲကောသီးမျိုးပေါင်း ၂၀ နီးပါးစိုက်ပျိုးသည်။ ပြည်တွင်းဈေးကွက်ဝင် ကျွဲကောသီးအမျိုးအစားများမှာ ပန်းတစ်ခေါ် ပန်းရောင်ထိပ်ဝိုင်းအမျိုးအစားဖြစ်ပြီး ပြည်ပဈေးကွက်ဝင် ကျွဲကောသီးအမျိုးအစားမှာ ပျားရည်ကျွဲကောအမျိုးအစားဖြစ်သည်။

**ဝတ်ရည်မွန် (AMIA)**

မြန်မာနိုင်ငံတွင်ရှိသည့် တောင်သူအများစုမှာ စိုက်ပျိုးရေးကို အားစိုက်လုပ်ကိုင်ကြ၍ မွေးမြူရေးကဏ္ဍတွင် စိတ်ဝင်စားမှု အားနည်းလျက်ရှိသည်။ အဓိကအကြောင်းရင်းတစ်ရပ်မှာ မြန်မာနိုင်ငံတွင် မွေးမြူရေးကဏ္ဍအတွက် ဥပဒေအရကာကွယ်မပေးနိုင်သေးဘဲ တိရစ္ဆာန်များကို လွတ်လပ်စွာမရောင်းချနိုင်သည့်အတွက်ကြောင့်ဖြစ်ကြောင်း သိရသည်။

# ကျေးလက်လူမှုစီးပွားဘဝကို ချိန်ညှိပေးနိုင်မည့် မွေးမြူရေးကဏ္ဍ

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိခ်

“တောင်သူတွေက မွေးမြူရေးကို ကိုယ့်အိမ်မှာ အပိုဝင်ငွေလေးရရုံလောက်ပဲ လုပ်နေကြတာကို တွေ့ရပါတယ်။ ပေါင်းစည်းလယ်ယာဆိုတာ အိမ်မှာတင်မွေးရမှာ။ နွားမွေးချင်မွေး၊ ဝက်မွေးချင်မွေး ကြိုက်တာမွေးလို့ရပါတယ်။ ဥပမာ အသားစားနွားသုံးကောင်မွေးမယ်ဆိုရင် တစ်ကောင်ကို ငွေကျပ်ငါးသိန်းနဲ့ဝယ်ပြီး နှစ်နှစ်လောက်မွေးပြီးရင် ပြန်ရောင်းတော့ ငွေကျပ်သိန်း ၃၀ လောက်ပြန်ရတယ်။ လယ်တစ်ဧကလုပ်ရင် ငွေကျပ်သုံးသိန်းနဲ့ နှစ်သိန်းကြားပဲရတယ်။ ဒါတောင်တင်း ၁၀၀ ထွက်မှရတာ။ ကုန်ကျစရိတ်နဲ့ပြန်တွက်ကြည့်ရင် လယ်သမားက ငွေကျပ်တစ်သိန်းလောက်ပဲကျန်တယ်။ မွေးမြူရေးလုပ်ငန်းက တကယ်လုပ်သင့်ပါတယ်။ ဘာဖြစ်လို့မလုပ်ကြတာလဲဆိုတော့ အချက်တွေအများကြီးရှိပါတယ်။ ဥပဒေအရ အကာအကွယ်မပေးနိုင်သေးပါဘူး။ နောက်တစ်ချက်က တိရစ္ဆာန်တွေကို လွတ်လပ်စွာ မရောင်းချနိုင်သေးပါဘူး။

“ကျွန်တော်တို့အခု မွေးမြူရေးဥပဒေတွေကို ပြင်နေပါတယ်။ နောက်ပြီးကောင်းမွန်တဲ့ မွေးမြူရေးနည်းစနစ်တွေ၊ မဟာဗျူဟာစီမံကိန်းတွေ ရေးဆွဲနေပါတယ်။ ဒါ့အပြင် နွားကိုအရေးကြီးကုန်ပစ္စည်းအနေနဲ့ သတ်မှတ်ထားတော့ သယ်ယူပို့ဆောင်တဲ့နေရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ နွားကို အရေးကြီးကုန် ပစ္စည်းအနေနဲ့ သတ်မှတ်တာဟာ လွန်ခဲ့တဲ့ နှစ်၁၀၀၊ ၁၅၀ ကဆိုမှန်ပါတယ်။ ခရီးတစ်ခုနဲ့တစ်ခုသွားဖို့ လှည်းသားငါးရာနဲ့သွားရတဲ့ အတွက်ကြောင့်ပါ။ လယ်တွေမှာလည်း နွားမရှိလို့ မဖြစ်တဲ့အတွက်ကြောင့်ပါ။ အခုအချိန်မှာတော့ သိပ်မလိုတော့ပါဘူး။ လယ်ယာကဏ္ဍအတွက် အဆင့်မြင့်လယ်ယာသုံး စက်ကိရိယာတွေ ရှိနေပါပြီ။ ကျွဲ၊ နွားကိုထွန်ယက်ဖို့အတွက် အဓိက မွေးမြူတာမဟုတ်တော့ပါဘူး။ နွားမွေးတောင်သူ ၉၀ ရာခိုင်နှုန်းက အကောင်လိုက်ပြန်ရောင်းဖို့ပါ။ ခိုင်းနွားမွေးသူက ၁၀ ရာခိုင်နှုန်းလောက်တောင် မရှိပါဘူး။

“အဲဒီနွားတွေကို လွတ်လွတ်လပ်လပ်ရောင်းလို့မရဘူး။ ဒါပေမယ့် ရောင်းနေကြပါတယ်။ မှောင်ခိုရောင်းကြတာပါ။ တရုတ်ကိုဆိုရင် တစ်နှစ်ကို အကောင်တစ်သန်းလောက် ထွက်ပါတယ်။ ထိုင်းကို ခြောက်သိန်းလောက်ထွက်တယ်။ အကြမ်းဖျင်း တစ်နှစ်ကို မြန်မာနိုင်ငံကနေ မှောင်ခိုအနေနဲ့ နှစ်သန်းနီးပါးထွက်နေတဲ့အတွက် နိုင်ငံတော်နှစ်နာပါတယ်။ တရားမဝင် လမ်းကြောင်းကသွားတဲ့အတွက် ဂိတ်ကြေးတွေ၊ ဆက်ကြေးတွေပေးရတယ်။ ငွေကျပ် ၁၅ သိန်းလောက်ရတဲ့နွားကို အရောင်းအဝယ်လုပ်တဲ့ပွဲစားက နှိမ်ဝယ်တော့ ငါးသိန်းခြောက်သိန်းလောက်ပဲရတယ်။ တကယ်လို့သာ တရားဝင်ရောင်းမယ်ဆိုရင် ခရီးစရိတ်နဲ့ အခွန်အခနှစ်သိန်းလောက်ကျရင် မွေးမြူသူတွေအတွက် မမြတ်ဘူးလား။ ရောင်းရတဲ့အခါမှာလည်း ကျီးလန့်စာစားနဲ့။ အဲဒီတော့မွေးမြူရေးက ဖြစ်ထွန်း



နို့စားနွားမွေးမြူရေးခြံတစ်ခြံကို တွေ့ရစဉ်

သင့်သလောက် မဖြစ်ထွန်းဘူး။ တိုးတက်သင့်သလောက် မတိုးတက်ဘူးဖြစ်နေတယ်” ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ပြောသည်။

တောင်သူအများစုက မွေးမြူရေးကို အပိုဝင်ငွေရရုံသာပြုလုပ်ကြပြီး၊ စီးပွားဖြစ်စနစ်တကျ မွေးမြူသင့်ကြောင်း မျိုးကောင်း မျိုးသန့်များကို မွေးမြူမည်ဆိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နည်းပညာများရယူနိုင်ကြောင်း သိရသည်။

“မွေးမြူရေးကဏ္ဍဟာ ခိုင်မာတဲ့ဝင်ငွေရနိုင်တဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းက စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ ရေကြီးရေလျှံတာ၊ ရာသီဥတုဖောက်ပြန်တာ၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရတာတွေကြောင့် စိုက်ပျိုးရေးမှာ ထိခိုက်မှုတွေရှိပါတယ်။ ဥပမာပြောရရင် စိုက်ပျိုးထားတဲ့ပဲထွက်တဲ့အချိန်မှာ ပြည်ပက အဝယ်မလိုက်ဘူးဆိုရင် ရတဲ့ဈေးနဲ့ ထုတ်ရောင်းရမယ့်အခြေအနေမှာ မွေးမြူရေးလုပ်ငန်းက တောင်သူတွေအတွက် အထောက်အကူ ဖြစ်စေပါတယ်။စိုက်ပျိုးရေးတစ်ခုတည်းကိုပဲ လုပ်လို့မရတော့ပါဘူး။ တောင်သူတွေအတွက် စိုက်ပျိုးရေးက အဓိကဖြစ်သလို မွေးမြူရေးကလည်း တွဲဖက်ပြီးလုပ်ကိုင်ရမယ့် အဓိကလုပ်ငန်းတစ်ခုဖြစ်ပါ တယ်” ဟု ဦးထွန်းအောင်ခိုင်က မွေးမြူရေးကဏ္ဍနှင့် ပတ်သက်ပြီးပြောသည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးကွက်ရှိနေရမည်ဖြစ်ပြီး ဈေးကွက်ရောက်ရှိရန်အတွက် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများမှာ ယခုအချိန်အထိ ပိတ်ဆို့နေကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ ဆိတ်အရှင်များကို သယ်ယူပို့ဆောင်ခွင့်ပြုထားသော်လည်း ယခု အချိန် ထိ ပို့၍မရသေးကြောင်း သိရသည်။


“ဒေသဝမ်းစာဖူလုံဖို့က သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ တာဝန်ပါ။ မွေးမြူရေးသမားတွေက သူတို့ဘာသာသူတို့မွေးပြီး သူတို့ဘာသာရောင်းမှာ။ ခိုင်းနွားအတွက် မွေးတာဟုတ်ချင်မှဟုတ်မယ်။ အဲဒါကို ခိုင်းနွားအတွက်ချန်ရမယ်လို့ မွေးမြူတဲ့ တောင်သူကိုသွားပြောရင် မတရားဘူး။ လွတ်လွတ်လပ်လပ်မရောင်းရဘဲ ဒေသဝမ်းစာရှိရမယ်ဆိုတော့ သူကဝန်ထုပ်ဝန်ပိုး ဖြစ်ရတယ်။ သူ့ရဲ့ အခွင့်အရေး မရှိတော့တဲ့အတွက် နောက်ဆုံးမှာ မွေးမြူမယ့်သူမရှိတော့ဘူး။ အကောင်သိန်းနဲ့ချီပြီး နိုင်ငံခြားပို့ရမယ်ဆိုရင်လည်း မမွေးကြတော့ဘူး။ ကမ်းလှမ်းတဲ့နိုင်ငံတွေက အများကြီးပါပဲ။ တရုတ်၊ အိန္ဒိယ၊ ထိုင်းစတဲ့ဈေးကွက်တွေ အကျယ်ကြီးရှိပါတယ်။ ဒါပေမယ့် အဲဒီဈေးကွက်ကို မရောက်နိုင်ဘူး၊ လည်နေတဲ့အတွက် ဖြစ်ပါတယ်။ နောက်တစ်ခုက သားသတ်လိုင်စင်တွေ လေလံပစ်ကြတယ်။ သားသတ်လိုင်စင်သမားတွေကို လေလံပစ်ရင် ကိုယ့်အိမ်မှာရှိတဲ့တိရစ္ဆာန်ကို အလှူလုပ်ချင်လို့ပေါ်တာတောင် မရတော့ဘူး။ အဲဒီစနစ်ကိုဖျက်ထားတာ ရန်ကုန်နဲ့ နေပြည်တော်ပဲရှိတယ်။ ရန်ကုန်နဲ့နေပြည်တော်မှာ ဆိုင်တင်ပြီး ရောင်းမယ်ဆိုရင်တော့ အခွန်ဆောင်ရမှာပေါ့။ အဲဒီလိုလုပ်လိုက်တဲ့အတွက် ဒီမှာအသားကောင်းကောင်းတွေကိုရတယ်။ လူတန်းစားမရွေးစားသုံးနိုင်တယ်။ နယ်တွေမှာ လိုင်စင်တွေနဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ပေးလိုက်တဲ့အတွက်ကြောင့် ပေါ်လို့မရတော့ဘူး။ မွေးမြူရေးသမားတွေက ကိုယ့်အိမ်မှာ အလှူလုပ်တာတောင် ပေါ်ခွင့်မရတော့တဲ့အတွက် မမွေးကြတော့ဘူး။ သားသတ်လိုင်စင်တွေက လူထုကို ခေါင်းပုံဖြတ်တာနဲ့တူတယ်။ ဖွံ့ဖြိုးရေးအတွက် တင်ဒါကြေးရတာတော့ မှန်ပေမယ့် ပြည်သူကို အဲဒီလိုဖြစ်စေတယ်။ စားသုံးသူကတော့ ထားပါတော့၊ ငါးထောင်လည်းစားရမှာ၊ ခြောက်ထောင်လည်းစားရမှာ။ ဘာမှစောဒကတက်လို့မရဘူး။ ဘယ်သူ့မှာသွားထိမလဲဆိုရင် မွေးမြူရေးသမားတွေကိုထိမယ်။ လွတ်လွတ်လပ်လပ်မလုပ်ရတော့ မမွေးကြတော့ဘူး” ဟု ၎င်းက ဆက်လက်ပြောသည်။

မွေးမြူရေးကဏ္ဍသည် ကျေးလက်အလုပ်အကိုင်ရရှိအောင် ဖန်တီးပေးနိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများကြုံတွေ့ပါက မွေးမြူရေးလုပ်ငန်းဖြင့် ကျေးလက်လူမှုစီးပွားဘဝကို ချိန်ညှိပေးနိုင်သည်။ ထို့အတွက်ကြောင့် လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ဈေးကွက်ရှိရမည်ဖြစ်ပြီး တရားဝင်ထောက်ပံ့မှုရှိရမည်ဖြစ်ကာ မွေးမြူရေးဌာနမှလည်း အထောက်အကူပေးရမည်ဖြစ်ကြောင်း သိရသည်။

**မွေးမြူရေးသမားတွေက သူတို့ဘာသာသူတို့မွေးပြီး သူတို့ဘာသာရောင်းမှာ။ ခိုင်းနွားအတွက် မွေးတာဟုတ်ချင်မှဟုတ်မယ်။ အဲဒါကို ခိုင်းနွားအတွက်ချန်ရမယ်လို့ မွေးမြူတဲ့တောင်သူကို သွားပြောရင် မတရားဘူး။ လွတ်လွတ်လပ်လပ်မရောင်းရဘဲ ဒေသဝမ်းစာရှိရမယ်ဆိုတော့ သူကဝန်ထုပ်ဝန်ပိုးဖြစ်ရတယ်။ သူ့ရဲ့ အခွင့်အရေး မရှိတော့တဲ့အတွက် နောက်ဆုံးမှာ မွေးမြူမယ့်သူမရှိတော့ဘူး**

# ငါးမွေးမြူသူများအနေဖြင့် ငါးစာကို သတ်မှတ်ရာခိုင်နှုန်းထက် ပိုမကျွေးရန်လိုအပ်

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)





ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆင်ဝှေကျေးရွာ၌ အောက်တိုဘာလပထမပတ်က တောင်သူများ တစ်ပိုင်တစ်နိုင်မွေးမြူထားသော မိုးရေကာဖျင်စကာရံထားသည့် ပေ ၂၀ ပတ်လည်ကန်ငယ်များတွင် မျိုးစပ်ငါးခူသားပေါက်များ သေဆုံးမှုဖြစ်ပေါ်ခဲ့ပြီး ဖြစ်ပွားရခြင်းအကြောင်းမှာ ငါးသေးများကို ငါးကြီးစာကျွေးခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန သိရသည်။

အဆိုပါငါးသေဆုံးမှုကို တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်ငူတက္ကသိုလ် သတ္တဗေဒဌာနမှူး ပါမောက္ခဒေါက်တာ ဒေါ်ဝင်းဝင်းသန်းနှင့် ဆရာမများပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ မျိုးစပ်ငါးခူမွေးမြူသူ လေးဦးအနက် ဦးမိုးဝင်းနှင့် ဦးဇော်ဝင်းမြင့်တို့ ပိုင်ငါးကန်နှစ်ကန်မှာ ရှင်သန်ကြီးထွားမှုနှုန်းကောင်းပြီး ဦးလှမွှေးနှင့် ဦးအောင်ကြိုင်စိုးတို့၏ ကန်နှစ်ကန်မှာ ငါးခူသားပေါက်ကောင်ရေ ၅၀၀၀ မွေးမြူထားသည့်အနက် ၂၃၀၀ ခန့်မှာ သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ခင်ထံမှ သိရသည်။

ငါးခူသားပေါက်များ သေဆုံးရခြင်း၏ အဓိကဖြစ်စဉ်မှာ ငါးသေးများကို ငါးကြီးစာကျွေးခြင်း၊ လိုအပ်သည့်ရာခိုင်နှုန်းထက် အစာများပိုကျွေးခြင်းတို့ကြောင့် မျိုးစပ်ငါးခူငယ်များ ဗိုက်ဖောင်း၍ သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး အစာကို သတ်မှတ်ရာခိုင်နှုန်းထက် ပိုမကျွေးရန်နှင့် ငါးအရွယ်အစားအရ ကျွေးမွေးရမည်ဖြစ်သော အစာကိုသာကျွေးရန် မွေးမြူသူများကို ရှင်းလင်းမှာကြားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

# အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-သိခ်**



ယခုအပတ်အတွင်း ညှော်မထဆန်နှင့် မိုးသုခဆန်မှလွဲပြီး ကျန်ဆန်အမျိုးအစားများမှာ ပုံမှန်ဈေးနှုန်းဖြင့် ဈေးတည်ငြိမ်လျက်ရှိသည်။ ပြည်ပပို့ကုန်များဖြစ်သော မတ်ပဲ FAQ / RC နှင့် ပဲစင်းငုံ RC မှာ ယခုတစ်ပတ်အတွင်း ဈေးကျဆင်းနေသည်။ နှမ်းမျိုးစုံဈေးနှုန်းများမှာလည်း ဈေးနှုန်းအတက်အကျ မရှိဘဲ သောကြာနေ့ ဈေးပိတ်ချိန်တွင် အကျဈေးနှုန်းဖြင့် ဈေးတည်ငြိမ်နေကြောင်း ကုန်စည်ဒိုင်များမှ သိရသည်။

**ဆန်မျိုးစုံဈေးတည်ငြိမ်၊ အနည်းငယ်သာအပြောင်းအလဲရှိ**

ယခုအပတ် ဝါးတန်းကုန်စည်ဒိုင်တွင် ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်အေးနေသည်။ ညှော်မထ ဆန်တစ်အိတ်လျှင် ငွေကျပ် ၅၀၀ ခန့်ကျဆင်းသွားပြီး မိုးသုခဆန်မှာ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၊ ပေါ်ဆန်းမွှေး၊ ဧရာ၊ မြီးတိုးမှာ တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀ မှ ၂၅၀၀၀ အထိ အမျိုးအစားအလိုက် ဈေးတည်ငြိမ်ကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

အောက်တိုဘာ ၁၀ ရက်မှစ၍ ပေါ်ဆန်း (နယ်စုံ၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) တစ်အိတ်ဈေးနှုန်း ငွေကျပ် ၃၁၀၀၀ မှ ၄၅၅၀၀ ကြား၊ ညှော်မထ ဆန်တစ် အိတ်လျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၀၀၀ ကြား၊ ဧရာဆန်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀ မှ ၁၉၅၀၀ ကြား၊ မြီးတိုးဆန်တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀ မှ ၂၅၀၀၀ ကြားနှင့် မိုးသုခဆန် တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ မှ ၂၄၀၀၀ ကြားအကျဈေးဖြင့် တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည်။

**မတ်ပဲ FAQ /RC၊ ပဲစင်းငုံ RC ဈေးဆက်တိုက်ကျဆင်း**

မတ်ပဲ FAQ / RC မှာ ယခုအပတ် ဈေးဖွင့်ချိန်တွင် ၁၄၅၀၀၀၀ ရှိခဲ့ပြီး ဈေးပိတ်ချိန်တွင် ၁၄၀၁၀၀၀ ရှိခဲ့သည်။ ပဲစင်းငုံဈေးနှုန်းမှာ ဈေးဖွင့်ချိန်တွင် ငွေကျပ် ၁၀၈၅၀၀၀ ရှိခဲ့ပြီး ဈေးပိတ်ချိန်တွင် ၁၀၀၄၀၀၀ ရှိ၍ ငွေကျပ် ၈၀၀၀၀ ကျော်ခန့် ဈေးကျဆင်းသွားကြောင်း ကုန်စည်ဒိုင်မှ သိရသည်။ ပဲစင်းငုံမှာ ယခင် အပတ်ဈေးပိတ်ချိန်က ၁၁၂၄၀၀၀ ရှိခဲ့သည်။

**နှမ်းနက်စမုံဈေးနဲ့ နှမ်းဖြူဈေး အတက်အကျမတည်ငြိမ်**

နှမ်းနက်စမုံဈေးမှာ တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ မှ ၁၇၀၀၀၀ ဖြင့် ဈေးစဖွင့်ခဲ့ပြီး သောကြာနေ့ ဈေးပိတ်ချိန်တွင် ငွေကျပ် ၁၄၅၀၀၀မှ ၁၆၀၀၀၀ အတွင်း ဈေးပိတ်ခဲ့ကြောင်း သိရသည်။ နှမ်းဖြူမှာ ဈေးများဆက်တိုက်ကျဆင်းခဲ့ပြီး ဈေးဖွင့်ချိန်တွင် ငွေကျပ် ၁၀၀၀၀၀ မှ ၁၀၂၀၀၀၊ ဈေးပိတ်ချိန်တွင် ငွေကျပ် ၈၅၀၀၀ မှ ၉၅၀၀၀ အထိ ကျဆင်းသွားခဲ့သည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ယခုအပတ် တနင်္လာနေ့ဈေးစဖွင့်ချိန်တွင် နှမ်းဖြူဈေးနှုန်းမှာ အတက်ဈေးနှုန်းဖြင့် ရှိနေခဲ့သည်။

# စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်း အောက်တိုဘာလကုန်တွင်စတင်ကောက်ယူမည်

**ဝတ်ရည်မွန် (AMIA)**

**ဓာတ်ပုံ-ဟန်စော**

စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကို အောက်တိုဘာလကုန်မှစ၍ မြို့နယ် ၃၀၀ ကျော်တွင် စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မြန်မာနိုင်ငံမှာ ဆန်စပါးထွက်ရှိမှုကို တိတိကျကျသိရရင် ပြည်တွင်း စားသုံးမှုအတွက် ဘယ်လောက် ပိုလျှံမလဲ၊ ပြည်ပကိုတင်ပို့မယ်ဆို ဘယ်လောက်ထိ တင်ပို့နိုင်မလဲ၊ တောင်သူလယ်သမားတွေရဲ့ အဓိကအခက်အခဲက ဘာတွေဖြစ်နိုင်မလဲ၊ ဈေးကွက်ဝင်အနေအထားဖြစ်ဖို့ ဘာတွေပြုပြင်နိုင်မလဲ၊ အဲ့ဒီအချက်တွေကိုရည်ရွယ်ပြီး စစ်တမ်းကောက်မှာပါ" ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကိုကိုက ပြောသည်။

အဆိုပါကောက်ယူမှုကို ၂၀၁၇ခုနှစ် မတ်လအထိသတ်မှတ်ထားပြီး မိုးစပါးရိတ်သိမ်းချိန်ကို အဓိကထားကာကောက်ယူသွားမည်ဖြစ်ကြောင်း၊ ဧကပေါင်း ၃၂၂၄၁ ဧကကောက်ယူရန် လျာထားကြောင်း သိရသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် မိသားစုများ၏ ပိုင်ဆိုင်မှုအခြေအနေ၊ မြေသြဇာ၊ ပိုးသတ်ဆေးအသုံးပြုမှု၊ မျိုးစပါးသုံးစွဲမှု၊ စပါးရောင်းချသည့် အခြေအနေ၊ ဈေးကွက်နှင့် အကျိုးအမြတ်အစရှိသည်တို့ကို အခြေခံ၍ ကောက်ယူသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"တောင်သူတွေ လက်ရှိအခြေအနေက ဈေးကွက်မကောင်းတာပေါ့။ ဈေးကွက်ကလည်း ထွက်လာတဲ့ သီးနှံအရည်အသွေးပေါ်မှာလည်း မူတည်နေသေးတယ်လေ။ စိုက်နည်းမမှန်တာတွေ၊ မျိုးကောင်းကောင်းမရတာတွေပေါ့။ စစ်တမ်းကဒါတွေအပေါ် သက်ရောက်မှုရှိစေချင်တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးဖြစ်သည့်ကိုပြည်သားက ပြောသည်။



မြန်မာတစ်နိုင်ငံလုံး ဆန်စပါးစားသုံးမှုစစ်တမ်းကို ယခုနှစ်နှစ်ဆန်းပိုင်းကလည်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ရေဆင်းတက္ကသိုလ်တို့ ပူးပေါင်းကောက်ယူခဲ့ရာ လူတစ်ဦးသည် တစ်နှစ်လျှင် ဆန်တစ်တင်းခွဲအိတ် သုံးအိတ်ခန့် စားသုံးကြောင်း သိရသည်။

# ကသာမြို့နယ်တွင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကသာ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းမှ အင်းဒရန့်၊ ရွှေလမ်းဆင်း၊ ရွာသာယာ၊ ဆင်ကုန်း၊ ကျောက်ထုံးကြီးနှင့် ငါးတဲလေးကျေးရွာများတွင် ဒေသခံတောင်သူများ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနှမ်းစိုက်ခင်းများကို ဇွန်လနှင့် ဇူလိုင်လများကစပြီး ထွန်ရေးပြင်ခြင်း၊ မြေနုပ်ခြင်း၊ ထယ်လှန်ခြင်းအဆင့်ဆင့်ပြုလုပ်၍ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အသံလွှင့်ဌာနများမှ အခါအားလျော်စွာ ထုတ်ပြန်ကြေညာပေးသော မိုးလေဝသခန့်မှန်းချက်များနှင့် ဒေသန္တရ ရာသီဥတုအနေ အထားများကို အလေးထားဂရုပြုပြီး နှမ်းစတင်စိုက်ပျိုးရန်အတွက် နှမ်းကြဲရက် ရွေးချယ်ရကြောင်း တောင်သူတစ်ဦးက ပြောသည်။ "ဒီနှစ်တော့ နှမ်းတွေက သိပ်မဆိုးဘူး၊ အရင်နှစ်တွေထက်စာရင် တော်တော်လေးကောင်းပါတယ်။ အရင်နှစ် တွေက နှမ်းပင်တစ်တောင် တစ်ထွာလောက်မှာ အပျက်အစီးများတယ်။ ပိုးကျတဲ့ နှမ်းတွေကကျ၊ မိုးလွန်ပြီး ပျက်တဲ့ နှမ်းတွေကပျက်နဲ့ တချို့တောင်သူတွေဆိုရင် တံဇဉ်လွတ်တဲ့အထိ မရိတ်သိမ်းလိုက်ရဘူးလို့ တောင်ပြောကြတယ်။ ဒီကြားထဲ မှိုဆေးဖိုးနဲ့ ပိုးသတ်ဆေးဖိုးတွေ အပြင်နေ့စားခတွေ၊ ထွန်ယက်ခတွေကုန်ပြီး တောင်သူတွေတော်တော်များများ အဆင်မပြေခဲ့ကြဘူး။ အဲ့ဒီနှစ်တွေက နှမ်းဈေး ကောင်းပြီး နှမ်းမရကြဘူး"ဟု အင်းဒရန့်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ယခင်က ဒေသနှမ်းမျိုးရင်းမျိုးစေ့များကိုသာ အဓိကအားထားပြီး စိုက်ပျိုးခဲ့ကြရာမှ ယခုအခါတွင်မကွေးဘက်မှ တင်ပို့ရောင်းချသော နှမ်းမျိုးများကို မန္တလေးပွဲရုံများမှ တစ်ဆင့်မှာယူ၍ စိုက်ပျိုးကြကြောင်း သိရသည်။ ဒေသနှမ်းမှာ စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းချိန်အထိ သုံးလခွဲကြာမြင့်ကာ မကွေးဘက်မှတင်ပို့ရောင်းချလာသော နှမ်းမျိုးထက်တစ်လခန့်အသက်ကြီးသည်ဟု တောင်သူတစ်ဦးက ပြောပြသည်။ နှမ်းမျိုး တစ်တင်းကို ၇ ဒသမ ၀ ဧကမှ ၈ ဒသမ ၀ ဧကအထိ စိုက်ပျိုးနိုင်ပြီး ရိတ်သိမ်းချိန်တွင် မိုးလေကင်းလွတ်ပါက နှမ်းတစ်တင်းစိုက်အတွက် နှမ်းတင်း ၇၀၊ ၈၀ ခန့်ရရှိနိုင်ကြောင်း သိရသည်။

**မောင်ငြိမ်းဝင့်**

# မျိုးရွေးချယ်ခြင်း လက်တွေ့သရုပ်ပြ

**သဲကုန်း အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် စိုက်ပျိုးရေးသုသေတနခြံ၌ တောင်သူပညာပေးနှင့် တောင်သူအဆင့် မျိုးရွေးချယ်ခြင်း လက်တွေ့ပြသခြင်းကို အောက်တိုဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံ ဦးခင်စိုး (Field day)မှ လက်တွေ့ပြသဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် လက်ရှိဆောင်ရွက်လျက်ရှိသော သုတေသနနှင့်မျိုး စေ့ထုတ်လုပ်ရေးလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်အေးက သဲကုန်းမြို့နယ်အတွင်း အကျိုးဆောင် တောင်သူများနှင့် ဆင်းသွယ်လတ်မျိုးသန့်ထုတ်လုပ်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တောင်သူအဆင့် မျိုးရွေးချယ်ခြင်း၊ အကွက်များကို လက်တွေ့ကွင်းဆင်းရွေးချယ်ခြင်း၊ ဆင်းသွယ်လတ်စပါးနှင့်ရွှေပြည်ဧွေးစပါး၊ မိဘမျိုး၊ ဆင့်ပွားမျိုး၊ မျိုးသန့်မျိုးပွားစေ့စိုက်ခင်းများတွင် လက်တွေ့ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စပါးစိုက်တောင်သူများအား မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ထုတ်စိုက်ခင်းတွင် ပညာပေး

**နေပြည်တော် အောက်တိုဘာ ၁၆**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာများရှိ စပါးစိုက်တောင်သူများအား မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ထုတ်စိုက်ခင်းနည်းပညာပေးခြင်းကို အောက်တိုဘာ ၁၄ ရက်က ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာရှိ တောင်သူဦးဌေးအောင်၏ ဆင်းသုခစပါးစိုက်ခင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဆင်းသုခစပါးစိုက်ခင်းကို ဥပမာပေးပြသကာ မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ထုတ်ခြင်း နည်းပညာအဆင့်ဆင့်ကို တောင်သူများသဘောပေါက်၍ မိမိနယ်မြေဒေသတွင် ပြန်လည်အသုံးချစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းအောင်မြင် ဖြစ်ထွန်းစေရန် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရုပ်ဗေဒ)**




vivo
Hi-Fi & Smart
Ambassador လွှမ်းပိုင်
Y55
လင်းလက်တောက်ပ selfie အလှ

# ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့်ဂုဏ်ယူဝမ်းမြောက်ကြောင်း

CIM CULINARY INSTITUTE OF MYANMAR

မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့သည့် Culinary Institute of Myanmar (CIM) မှ သင်ကြားပို့ချသော Baking Science and Technology Course (1st Batch) တွင် မုန့်လုပ်ငန်းများအတွက် မုန့်ဖုတ်ခြင်းအတတ်ပညာတစ်ခုတည်းသာမဟုတ်ဘဲ ခေတ်မီမုန့်နည်းပညာ ပိုင်းဆိုင်ရာများ (Baking Science) ကိုပါ တတ်မြောက်အောင် စာတွေ့လက်တွေ့သင်ကြားပြသပေးခဲ့သည့် CIM မှ သင်တန်းဆရာ/ဆရာမများနှင့် ယခုလို (1st Batch) တွင် တက်ရောက်ခွင့်ရရှိရန် ဆက်သွယ်ဖိတ်ကြားပေးခဲ့သည့် " ဦးကြူ မိသားစု " ဂျုံစက်မှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော မြန်မာနိုင်ငံ၏ ပထမဦးဆုံး အဆင့်မြင့် မုန့်ဖုတ်နည်းပညာသင်တန်းကျောင်းအား ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည့်အတွက်လည်း မိမိတို့မှ များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

CIM 1st Batch မှ သင်တန်းသား/သူများ





---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရေနံချောင်းမြို့၊ မြေနီခင်တောင်ရပ်ကွက်နေ ဦးတင်မြင့်၏သား မောင်ချမ်းသာဦး(ခ) မောင်မင်းသန့်ဇင် ၈/ရနခ(နိုင်)၀၇၃၃၇၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ချမ်းသာဦး(ခ)မောင်မင်းသန့်ဇင်**

---

**မြတ်သဒ္ဒါ**

ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း

မြေကွက်များ ဈေးကောင်းပေးဝယ်ယူသည်

09 5014601

09 73228290

---

"ဤစာအုပ်ကိုဆောင်ထားရုံဖြင့် တစ်နှစ်တာ ဗေဒင်မေးစရာမလိုပါ"

၂၀၁၇-ခုနှစ်

**ဝံ-ဂဏ-ဘို**

**၁၂-ရာသီဟောကိန်း**

City Mart ဆိုင်များနှင့်၊ City Express ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး

အမှတ်(၂၈၆)၊ မြေညီထပ်၊ လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၉၀၃၂၊ ၃၉၁၁၆၉၊ ၀၉-၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး

လူထုကြီးပွားရေးစာအုပ်တိုက် အမှတ်(၂၂၁)၊ ၈၄-လမ်းနှင့် ၃၃-လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

---

**Y.E.S.** Since 1994

ကျောင်းခွဲမရှိပါ။

ဆရာဦးမြင့်ဇော်ဝင်း B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

**International English Language Centre**

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**

| | |
|---|---|
| Mon to Thurs-7:30-9:30am | 10,24 Oct |
| Mon to Thurs-3:00-5:00pm | 10 Oct |
| Mon to Thurs-5:30-7:00pm | 10,24 Oct |
| Sat & Sun-9:00-12:00 am | 15 Oct |
| Sat & Sun-12:30-3:30 pm | 22 Oct |

**Pre-Intermediate English**

| | |
|---|---|
| Mon to Thurs-10:00-12:00am | 17 Oct |
| Sat & Sun-12:30-3:30 pm | 22 Oct |
| Mon to Thurs-1:00-3:00pm | 24 Oct |

**Basic Writing Course**

| | |
|---|---|
| Sat & Sun - 3:45-6:15pm | 22 Oct |

**Grammar Foundation Course**

| | |
|---|---|
| Mon to Thurs-10:00-12:00am | 10 Oct |
| Mon to Thurs-9:00-12:00am | 22 Oct |

**Structure & Written Expression**

| | |
|---|---|
| Mon to Thurs-1:00-3:00pm | 10 Oct |
| Sat & Sun - 9:00-12:00am | 22 Oct |
| Sat & Sun - 3:30-6:30pm | 22 Oct |

**Vocabulary Enrichment Course**

| | |
|---|---|
| Mon to Thurs-3:30-5:00pm | 24 Oct |

**NEW SAT, IELTS, TOEFL, API, AWC, IE**

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

---

**RUBY** ကားစီးလုံးငှားသည်

519100

09-51-77212, 535100

ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၅)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လစဉ်ဝန်ထမ်းကားမျိုးစုံငှားရန်ရှိသည်၊ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

---

**လမ်းမတန်းနေရာကောင်း ၂ထပ်တိုက်ရောင်းမည်**

ဘဏ်ဖွင့်ရန်၊ ရုံးဖွင့်ရန်၊ ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် ကောင်းမွန်သည်။ မြောက်ဥက္ကလာအပိုင်း၊ (ယ)ဈေးရှေ့၊ သုဓမ္မာလမ်းမပေါ်၊ ၂၀'x၆၀' BN (၂)ထပ်၊ 1MBR၊ 1BR၊ ကြွေပြား၊ ပါကေးခင်း၊ ဂရုံအမည်ပေါက် ဆက်သွယ်ရန် 09430 21001 သိန်း(၃၈၀၀)ညှိနှိုင်း

---

**iCTS(Myanmar)Co.,Ltd.**

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ **BE (Electrical)** ကျား(၃)ဦး

- အသက်(၂၃) နှစ်မှ (၄၅ )နှစ်အတွင်းဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။
- လုပ်ငန်းခွင်တွင် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- Estimate တွက်ချက်နိုင်ပြီး Quality Control ပြုလုပ်နိုင်ရမည်။
- လုပ်ငန်းလိုအပ်ချက်အရ နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။
- ကျန်းမာရေး ကောင်းမွန်ပြီးအချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ **HR Staff** မ(၁)ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- HR သင်တန်းဆင်းဖြစ်ရမည်။
- HR လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူဖြစ်ရမည်။
- ဝန်ထမ်းရေးရာကိစ္စများအား ကောင်းမွန်စွာ ဖြေရှင်းနိုင်ရမည်။
- ရုံးလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရမည်။
- သွက်လက်ချက်ချာပြီး ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။
- အဖွဲ့အစည်းနှင့်တွဲဖက်လုပ်ကိုင်နိုင်ရမည်။
- ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ အင်တာနက် အခြေခံသုံးစွဲနိုင်ရမည်။

၃။ **Operation Staff** ကျား(၄၀)ဦး

- ပညာအရည်အချင်းအနည်းဆုံး (၁၀တန်း/၁၀တန်းအောင်မြင်သူဖြစ်ရမည်။)
- သတ်မှတ်ထားသော တာဝန်ကျရာနေရာ၌ ညအိပ်ခရီးသွားလာနိုင်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

**CV Form** နှင့်အတူ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ်(၁၀)၊ စည်ပင်သာယာလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉-၄၃၀၉၇၄၀၉၊ ၀၉-၇၈၁၇၂၂၃၉၉၊ ၀၁-၆၅၂၀၁၆

# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အောက်တိုဘာနှင့်နိုဝင်ဘာလတွင် စရန်ငွေ (၂)သိန်း စာရင်းပေးသွင်းသူများနှင့်
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကိုအောက်ပါ အထူးဈေးနှုန်းဖြင့် ပို့ဆောင်ပေးပါမည်။

၉.၅ သိန်း ➔ ၈ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel-2Days
၁၀ သိန်း ➔ ၁၂ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel-3Days
၁၁ သိန်း ➔ ၁၅ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ချ်မဟာ Hotel-5Days
၁၁.၅ သိန်း ➔ ၁၅ ရက်ခရီး - သံဝေဇနီယ(၄)ဌာန + အဝိဇဟိတ(၄)ဌာန + နယူးဒေလီ၊တပ်ချ်မဟာ + (ကိုလ်ကတ္တား + Shopping + သိပ္ပံကမ္ဘာ + ဝိတိုရိယဘုရင်မပြတိုက်) Hotel-4Days

(၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ (ခရီးစဉ်အားလုံး စရိတ်ငြိမ်း ဖြစ်ပါသည်။)

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ် - ၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉



# ဂယာရွှေပြည် ဗုဒ္ဓဂယာ-သီရိလင်္ကာ ဘုရားဖူးအဖွဲ့

ဒေါ်ဝင်းဝင်းကိုယ်တိုင်ဦးဆောင်သော ဂယာရွှေပြည် ဘုရားဖူးအဖွဲ့ဖြင့် လိုက်ပါကုသိုလ်ယူကြမည့် ဓမ္မမိတ်သစ်/ဟောင်းအပေါင်းတို့အား နွေးထွေးလှိုက်လှဲစွာကြိုဆိုပါသည်။

သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန၊ အာဂရာ(တပ်ချ်မဟာ) နယူးဒေလီ
(၁၅- ရက်ခရီးစဉ်) - 26.11.2016, 10.12.2016, 24.12.2016, 14.1.2017, 4.2.2017, 4.3.2017
သံဝေဇနီယလေးဌာန (ဖွားး၊ ပွင့်၊ ဟော ၊ စံ) - (၇- ရက်ခရီးစဉ်) - 21.2.2017, 21.3.2017, 11.4.2017
သီရိလင်္ကာ-ကန္ဒီ (ဗုဒ္ဓမြတ်စွယ်တော်) ၆ည/၇ည ရက်ခရီးစဉ် ၂-လကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ရန်ကုန်ရုံးချုပ် – အမှတ်(၁၈/ခ)၊၁၀ လမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်။ ၀၁-၂၂၁၅၈၆၊ ၀၉ ၇၇၃၀၄၇၂၅၇၊၀၉ ၇၉၅၄၁၂၈၂၅
မန္တလေးရုံးခွဲ – ၀၉-၃၃၂၇၄၇၄၇၊ ၀၉-၄၀၂၅၈၂၀၄၈



# ရွှေကြေးစည် မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

▲ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ ပွေတော်ကတ္တူ၊ ထမ့်စမ်းလိုက်ဂူ ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ စစ်ကိုင်း၊ ကျောက်စိမ်း) အပတ်စဉ်
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနှံ့၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား သောကြာ Nov 11
▲ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား၊ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနှံ့
▲ ကျိုက္ကမီ၊ မော်လမြိုင်၊ စက်စဲ၊ ဒွါးလပို့တောင်-(ဖားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ (သာမည-မြဝတီ-မဲဆောက်)(ဘားအံဂူဘုရားများ၊ ဇင်းကျိုက်ရေတံခွန်-နေ့ချင်းပြန်)

ပန်းဆိုးတန်း ☎ 01-240860/01-372290 ဒေါ်ပုံ 09-49282825,09-421029191



# နှင်းဆီနီပွင့်ဖတ်ပေါ်က

ပျားရည်တစ်စက်နှင့် အရိမဒ္ဒန

စာရေးသူ - မသက်ဇင်

ထွက်ပြီ

ရန်ကုန်မြို့နှင့် အခြားမြို့များရှိစာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။
ဖြန့်ချိရေး- ဂန္ထဝင်ပညာအိမ်စာအုပ်တိုက်
ဖုန်း-၀၉ ၄၂၈၁၈၅၃၃၃၉၊ ၀၉ ၇၉၅၅၈၂၃၇၇၊ ၀၉ ၂၅၄၁၈၂၄၈၆။



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၃၇၈၄၉ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဝင်း ၁၀/ကထန(နိုင်)၀၄၂၆၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)



# Vow International Co.,Ltd

1. Trading Staff M/F(3)P
2. Office Staff/ရုံးစာရေး M/F(3)P
Add:No.350(A) ShweHninSi Road, Mayangone Tsp, Yangon.
Ph: 09421131133, 01 655647
Email: vowoffice@gmail.com



# 21 AD @ BILLBOARD ADVERTISING

ရန်ကုန် (ဆူးလေဘုရားလမ်း/ကမ္ဘာအေးဘုရားလမ်း/ပန်းဆိုးတန်းဂုံးတံတား/ဗိုလ်ချုပ်လမ်းSAKURAရှေ့)
ပြင်ဦးလွင် (မန္တလေး-လားရှိုးလမ်းမကြီး ရွှေထိပ်တန်းဟိုတယ်ဘေး/ ငွေးငွေးကြွယ်ဘေး)
ပြည် (ရန်ကုန်ပြည်လမ်းမပေါ်သဘော်ဆိပ်လမ်းထောင့်/နဝဒေးလမ်းဆုံ)
မုံရွာ (ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းထောင့်/ပြည်ထောင်စုလမ်းနှင့် အောင်မင်္ဂလာ၂လမ်းထောင့်)
မော်လမြိုင် (အထက်လမ်းမကြီးနှင့်အရာတော်လမ်းထောင့်)
တောင်ငူ (ရန်ကုန်မန္တလေးလမ်းမပေါ်ထီးနီးကုန်းကျောင်းရှေ့)
မိတ္ထီလာ (ကျောက်ပန်းတောင်းအဝေးပြေးလမ်းမပေါ် သိဒ္ဓိအောင်လမ်းထောင့်)
ရန်ကုန် - မန္တလေးအမြန်လမ်း (၁၁၅မိုင်နားခနစခန်းအနီး/နေပြည်တော်REST CAMP/နေပြည်တော်အဝင်လမ်းနှင့် Hiway လမ်းထောင့်စီလမ်းဆုံ)

KING MAKER

၂၈၂(ပထပ်)၊ ၃၉လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 09 73043672 09 73200189 09 73200201




# Home
Since 1996
Think of House, Think of Home


ပါကေးအစားထိုးကြမ်းခင်း

သီတင်းကျွတ်ပွဲတော်
Special Promotion

Buy "Floor" 2 ကျင်း → Get "Wall Covering" 1 ကျင်း လက်ဆောင်




100,000 ကျပ် ဝန်းကျင် မှစတင်၍



** Selected items only ** Terms & conditions apply

အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ဘီအိုစီ မှတ်တိုင်၊သင်္ဃန်းကျွန်း၊ရန်ကုန်မြို့။ ☎ 09-79 700 70 73, 09-79 700 70 83



ဒီဂါကျွတ်မှာ မင်္ဂလာဆောင်မယ့် မောင်မယ်တွေအတွက် လိုအပ်မယ့်ခန်းဂင်ပစ္စည်းတွေ၊Electrical ပစ္စည်းတွေအပြင် အိမ်အတွက် လိုအပ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းတွေ အားလုံးကို တစ်နေရာတည်းမှာ ရောင်းချပေးနေတဲ့ မြန်မာနိုင်ငံရဲ့ အကြီးဆုံး အိမ်ဆောက်ပစ္စည်း အရောင်းစင်တာ PRO 1 HOME CENTER မှာ

# သီတင်းကျွတ် Promotion
စတင်နေပြီနော်။

# ကျပ်(၃)သိန်းဖိုး
ဝယ်ယူသူတိုင်းအတွက်
ချက်ချင်းဝယ်
ချက်ချင်းပေါက်မယ့်
ဗလာမပါ
ကံစမ်းမဲအစီအစဉ်




Wow!
တစ်လအတွင်းကျပ် သိန်း ၁၀၀ ဖိုးဝယ်ယူသူတိုင်းကို ရွှေဆွဲပြားပေးဦးမှာတဲ့ . . .



ကံ့ခိုင်ပျော် သီတင်းကျွတ်ပွဲတော်
1st~31th October 2016

PRO1 HOME CENTER
"One Place, Get All"




www.facebook.com/pro1homecenter Lanthit Branch - 01 647730,01 644832 Satsan Branch - 01 201849,01 201850

# လူသားတစ်ယောက်၏ အခြေခံအကျဆုံး လူ့အခွင့်အရေးမှာ အစာရေစာ ရရှိခံစားခွင့်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။


အခမ်းအနားတွင် ဒုတိယသမ္မတက လူသားတစ်ယောက်၏ အခြေခံအကျဆုံး လူ့အခွင့်အရေးမှာ အစာရေစာရရှိခံစားခွင့်ဖြစ်ပါကြောင်း၊ အဆိုပါ အခြေခံအကျဆုံး လူ့အခွင့်အရေးကို လျစ်လျူရှုခဲ့ပါက လူသားမျိုးနွယ်အတွက် ကြီးမားသော ပေးဆပ်မှုများ ဖြစ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ လက်ထက်တွင် ငတ်မွတ်ခေါင်းပါးမှုကို လုံးဝတိုက်ဖျက်ပစ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ကမ္ဘာ့မြေပေါ်တွင် ငတ်မွတ်ခေါင်းပါးမှု လုံးဝပပျောက်ပြီး၊ ပစ္စုပ္ပန်နှင့် အနာဂတ်လူသားမျိုးဆက်များ ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာဖူလုံမှုကို ရရှိပိုင်ဆိုင်နိုင်ရေးအတွက် ထိန်းသိမ်းဖော်ဆောင်ပေးရန် အားလုံးတွင် တာဝန်ရှိပါကြောင်း။

ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် စားနပ်ရိက္ခာလုံခြုံရေးကို အာမခံချက်ပေးနိုင်ရေးအတွက် ပြောင်းလဲနေသောရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် စိုက်ပျိုးမှုတို့ကို ပြောင်းလဲကျင့်သုံးခြင်းသည် မိမိတို့၏ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ❁



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ၏ ဘာသာရပ်အလိုက် ပြခန်းများ၊ ဝန်ကြီးဌာန ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)



## တောင်တရုတ်ပင်လယ်၌ ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်း စရီကာကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာသွန်းမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံတောင်ပိုင်းဒေသ၊ အောက်ပိုင်းဒေသများတွင် မုတ်သုံထွက်သွားပြီဖြစ်သော်လည်း ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဗီယက်နမ်နိုင်ငံအတွင်း ဝင်ရောက်သွားသည့် အပူပိုင်းမုန်တိုင်းငယ်များ အနောက်ဘက်ကို ဆက်ရွေ့လျားသွားသည့်အခါ ကျန်ရှိနေသေးသည့် အကြွင်းအကျန်တိမ်တိုက်များနှင့် အရှေ့ဘက်မှ ဝင်ရောက်လာသည့် လေပွေလှိုင်းများကြောင့် ယခုလက်ရှိ မြန်မာနိုင်ငံအတွင်း မိုးများရွာသွန်းနေခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မိုးလေဝသဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောသည်။

"လက်ရှိမှာတော့ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်

*စာမျက်နှာ ၉ ကော်လံ ၁* ☀

## ၂၀၁၇ အာဆီယံ ယူ - ၁၈ ပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် ပြိုင်ပွဲများအတွက် အိမ်ရှင်နိုင်ငံများ ရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံပါဝင်ခဲ့ခြင်း ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အထိ အာဆီယံ ယူ - ၁၉ ပြိုင်ပွဲအဖြစ်သာ ကျင်းပခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲကို အထောက်အကူဖြစ်စေ ရန် ယူ -၁၈ ပြိုင်ပွဲအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ -၁၈ ပြိုင်ပွဲကို ၂၀၀၃ ခုနှစ်က တစ်ကြိမ်သာ ကျင်းပခဲ့ဖူးပြီး နောက်ပိုင်းနှစ်များတွင် ကျင်းပတော့ခြင်းမရှိဘဲ အာဆီယံ ယူ -၁၉ ပြိုင်ပွဲကိုသာ ကျင်းပခဲ့ သည်။ ၂၀၀၃ ခုနှစ်က ကျင်းပသည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၌ ကျင်းပခဲ့ကာ

*စာမျက်နှာ ၁၄ ကော်လံ ၅* ❍

## စိုက်၊ မွေး၊ စီးပွား

တရုတ်ဘက်မှ အဝယ်လိုက်လာသဖြင့် မိုးသီးနှံမြေပဲဆန်များ အနည်းငယ်ဈေးတက် စာ - ၁၆
ကြက်သွန်နီစိုက်တောင်သူများ လက်ရှိကြက်သွန်နီဈေးကွက်တွင် အရှုံးပေါ် စာ - ၁၇
ငါးမွေးမြူသူများအနေဖြင့် ငါးစာကို သတ်မှတ်ရာခိုင်နှုန်းထက် ပိုမကျွေးရန်လိုအပ် စာ - ၁၈

